# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၉)၊ အမှတ် (၁၁၄)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## နန်းယွန်းမြို့နယ်နှင့် ပင်လည်ဘူးမြို့နယ်တို့မှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

ဟုမ္မလင်း ဇန်နဝါရီ ၂၁

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဦးအုန်းဝင်းနှင့် ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်သူနှင့် ဦးလှမော်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့သို့ ရောက်ရှိကြသည်။**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့အား စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများက ခန္တီးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**နန်းယွန်းမြို့သို့ရောက်ရှိ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ခန္တီးမြို့မှတစ်ဆင့် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့အား နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကေဆိုင်းနှင့် တာဝန်ရှိသူများ၊ နာဂတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နန်းယွန်းမြို့နယ် စုပေါင်းရုံးခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အဓိက အရေးကြီးတဲ့ ကိစ္စတစ်ခုက လမ်းပန်းဆက်သွယ်ရေးပဲ ဖြစ်ပါတယ်။ တစ်နေရာနဲ့တစ်နေရာ ချောချောမွေ့မွေ့ လွယ်လွယ်ကူကူ သွားနိုင်လာနိုင်မှသာလျှင် ကျွန်မတို့ နိုင်ငံတစ်နိုင်ငံလုံးဟာ ဖွံ့ဖြိုးတိုးတက်နိုင်မှာပါ။ *စာမျက်နှာ ၃ ကော်လံ ၁* ◆



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နန်းယွန်းမြို့နယ် စုပေါင်းရုံးခန်းမ၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

သတင်းစဉ်






# ပြည်သူလူထုနှင့် မပြတ်ထိတွေ့ ပြည်သူလူထု၏ အသံကို နားထောင်

အစိုးရနှင့် ပြည်သူဟူသည် နိုင်ငံတော်၏ အစိတ်အပိုင်းနှစ်ရပ်ဖြစ်သည်။ နိုင်ငံတော်ဟု ဆိုသည်နှင့် ပိုင်နက်နယ်မြေရှိခြင်း၊ ၎င်းပိုင်နက်နယ်မြေအတွင်း နေထိုင်ကြသည့် ပြည်သူများရှိခြင်း၊ စနစ်တကျဖွဲ့စည်းအုပ်ချုပ်သည့် အစိုးရရှိခြင်းနှင့် အချုပ်အခြာအာဏာ ပိုင်ဆိုင်ခြင်းဟူသော အင်္ဂါလေးရပ်နှင့် ပြည့်စုံရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုခဲ့ပါ အင်္ဂါလေးရပ်နှင့် ပြည့်စုံမှသာ နိုင်ငံတော်ဟု ခေါ်ထိုက်သည်ဟူ၏။

မိမိတို့နိုင်ငံသည် ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် ပြည်ထောင်စုနိုင်ငံတော်ဖြစ်ပြီး တိုင်းဒေသကြီး ခုနစ်ခု၊ ပြည်နယ်ခုနစ်ခု၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ ပိုင်းခြားသတ်မှတ်ထားသည်။ နိုင်ငံတော်အာဏာသုံးရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ခွဲဝေအပ်နှင်းထားသည်။ ပြည်သူများ၏ဘဝ အေးချမ်းသာယာရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာရေးအတွက် စီမံဆောင်ရွက်နိုင်ရန် အချုပ်အခြာအာဏာကို ပြည်သူများကိုယ်စား ကိုင်တွယ်ကျင့်သုံး တာဝန်ခံကြရမည့်သူများမှာ ပြည်သူများက ရွေးချယ်တင်မြှောက်ပေးလိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့် အစိုးရများပင်ဖြစ်သည်။

"ကျွန်မတို့ရဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်တွေ၊ အုပ်ချုပ်ရေးပိုင်း ဆိုင်ရာနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို ကျွန်မသတိပေးချင်တာက ပြည်သူတွေနဲ့ ထိတွေ့မှုက အင်မတန်မှ အရေးကြီးပါတယ်။ ဒါက ကျွန်မ ထပ်တလဲလဲ ပြောနေတဲ့ ကိစ္စပါ။ ပြည်သူတွေနဲ့ ထိတွေ့မှုရှိဖို့လိုပါတယ်။ မြို့တင်မကဘူး၊ ရွာတွေအထိ ဆင်းရပါမယ်။ ပြည်သူတွေရဲ့အသံကို နားထောင်ရမယ်။ ပြည်သူတွေရဲ့ လိုအပ်ချက်က ဘာတွေလဲဆိုတာကြည့်ပြီး ကိုယ့်အစွမ်းရှိသမျှ ဒါတွေကို ဖြည့်ဆည်းပေးရပါတယ်။ အဲဒီလိုလုပ်မှသာလျှင် ပြည်သူတွေက အုပ်ချုပ်ရေးယန္တရားအပေါ်မှ ယုံကြည်မှုနဲ့ လေးစားမှုရှိမှာပါ" ဟူ၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်တွင် ဇန်နဝါရီလ ၂၁ ရက်က ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပွဲ၌ ထည့်သွင်းပြောကြားခဲ့သည့်အချက်က တိုင်းဒေသကြီးများ၊ ပြည်နယ်များအားလုံးအတွက် လိုအပ်ချက်များကို ညွှန်ပြခဲ့ခြင်းပင်ဖြစ်သည်။

အစိုးရအဖွဲ့များမှာ မိမိတို့၏ဒေသခံပြည်သူများနှင့် မပြတ်ထိတွေ့ဆက်ဆံနေကြရန်နှင့် ဒေသ၏ ပကတိအခြေအနေများ၊ ပြည်သူတို့၏ ခံစားချက်၊ ပြည်သူတို့၏ လိုအပ်ချက်များကို မျက်ခြည်မပြတ်သိရှိနေရန်၊ အတတ်နိုင်ဆုံး အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးရန်၊ ပြည်သူတို့၏ အသံကို နားထောင်ရန်နှင့် ပွင့်လင်းမြင်သာရန်တို့ လိုအပ်ပြီး အဓိကအကျဆုံးအချက်မှာ တာဝန်ကျေပွန်ကြရန်ဖြစ်သည်။ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်တို့ လုံခြုံရေး၊ တရားမဲ့ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး၊ ဒီမိုကရေစီအခွင့်အရေးများဖြစ်သည့် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ဥပဒေ၏ ရှေ့မှောက်၌ တန်းတူညီမျှခြင်းတို့ မဆုံးရှုံးရအောင် ကာကွယ်ပေးရေး၊ လူတိုင်း ပညာသင်ကြားနိုင်ရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ သွားလာဆက်သွယ်မှု၊ ရောင်းဝယ်ဖောက်ကားမှုများ လွယ်ကူအဆင်ပြေရေး စသည်ဖြင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် လုပ်ငန်းတာဝန်များမှာ အစိုးရအဖွဲ့များ၏ တာဝန်ပင်ဖြစ်သည်။

ပြည်ထောင်စုအဆင့်၌ ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၌ဖြစ်စေ အစိုးရနှင့် ပြည်သူတို့အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ယုံကြည်မှုတို့ မြင့်မားအားကောင်းနေဖို့ လိုအပ်သည်။ အစိုးရနှင့် ပြည်သူ လက်တွဲပူးပေါင်းဆောင်ရွက်မှုတို့ အားကောင်းသည်နှင့်အမျှ တိုင်းဒေသကြီး/ပြည်နယ်မှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအထိ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားနိုင်မှာဖြစ်သည်။ အစိုးရအဖွဲ့တို့က တာဝန်ကျေပွန်သည့်နည်းတူ နိုင်ငံသားပြည်သူများအားလုံးက "နိုင်ငံသားတာဝန်" ကိုယ်စီကျေပွန်သည်နှင့်အမျှ မိမိတို့နိုင်ငံသူ နိုင်ငံသား ပြည်သူများ မျှော်မှန်းကြသည့် အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ခရီးပန်းတိုင်သည် အလျင်အမြန် နီးရမည်ဟူ၍သာ ယုံကြည်ပါကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်နှင့် တာဝန်ရှိသူများက ရန်ကုန်-ကိုကိုးကျွန်းပြေးဆွဲမည့်ခရီးစဉ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။
ဓာတ်ပုံ - ဖူးပြည့်

✪ ကျော်ဖြူမှ

ဆောင်ရွက်နေတာ မဟုတ်ပါဘူး။ ကိုကိုးကျွန်းမှာရှိတဲ့ ကျွန်တော်တို့ ပြည်သူတွေရဲ့ဘဝကို မြှင့်တင်ဖို့အတွက် ဖြစ်ပါတယ်။ ကိုကိုးကျွန်းကို ရေကြောင်းခရီးစဉ် စတင်ပြေးဆွဲမယ်။ နောက်ပိုင်းကျရင် ၂၄ နာရီ မီးပေးနိုင်ဖို့အတွက် ဆိုလာနဲ့ မီးပေးနိုင်ဖို့အတွက် ဆက်လက်ဆောင်ရွက်သွားမယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)၏ စီမံမှုဖြင့် ရန်ကုန်-ကိုကိုးကျွန်း ရေကြောင်းခရီးစဉ်ကို စတင်သယ်ယူပို့ဆောင်ပေးသော ရေယာဉ်မှာ "သဟာပတိ" ရေယာဉ်ဖြစ်ပြီး ခရီးသည် ၆၀ ခန့်နှင့် ကုန်တန်ချိန် ၃၀၀ နီးပါး သယ်ဆောင်နိုင်ကြောင်း သိရသည်။ အဆိုပါရေယာဉ်ကို YRTA အနေဖြင့် ငွေကျပ်သိန်း ၂၀၀ နှင့် စာချုပ်ချုပ်ကာ ငှားရမ်းထားခြင်းဖြစ်ကြောင်း သိရသည်။ ရန်ကုန်-ကိုကိုးကျွန်းခရီးစဉ်ကို တစ်လလျှင် တစ်ကြိမ်ခန့် ပြေးဆွဲနိုင်အောင် စီမံဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ဒေသခံပြည်သူများ၊ တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မည့်အဖွဲ့အစည်းများကို ဦးစားပေးသယ်ယူပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က ငွေနဲ့ပြောရင်တော့ ပြန်မရတဲ့အတွက် ရှုံးတယ်လို့ပြောလို့ရပေမယ့် ကျွန်းမှာနေတဲ့ အခက်အခဲရှိတဲ့ လူထုအတွက်က တန်ဖိုးရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ကြိုးပမ်းအားထုတ်မှုလုပ်ငန်းတိုင်းဟာ ပြည်သူလူထုအကျိုးကို ဆောင်ရွက်တာဖြစ်တဲ့အတွက် လုပ်ငန်းနဲ့ပြောရင် ရှုံးတယ်လို့ ကျွန်တော်မပြောချင်ပါဘူး။ ကျွန်တော်တို့တစ်တွေက မြို့ကြီးမှာနေရတယ်၊ ကိုယ့်ရဲ့ သက်သာချောင်ချိမှုတွေကောင်းတယ်၊ ဟိုမှာ ကျွန်းပေါ်မှာနေရတဲ့လူတွေက ကန့်သတ်ချက်နဲ့ နေရတယ်၊ အချိန်မရွေး အခက်အခဲတွေကကြုံနိုင်တယ်။ ဒီလို ပုဂ္ဂိုလ်တွေရဲ့ သက်သာချောင်ချိမှု၊ ပြည်သူလူထုအတွက် လုပ်ပေးရတာက ဒီငွေနဲ့နှိုင်းဆရင်တော့ ရှုံးတယ်လို့ မသုံးသပ်ချင်ဘူး" ဟု YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

ရန်ကုန်မြို့ သာကေတဆိပ်ခံတံတားမှ ကိုကိုးကျွန်းမြို့နယ်သို့ ယနေ့ စတင်ထွက်ခွာသွားသော သဟာပတိ ရေယာဉ်တွင် ခရီးသည် ၄၀ နီးပါးနှင့် ရေယာဉ်ဝန်ထမ်း ၁၅ ဦးလိုက်ပါကာ ကုန်တန်ချိန် ၂၇၉ တန်ခန့် သယ်ဆောင်သွားကြောင်း သိရသည်။ ကုန်ပစ္စည်းများတွင် ဒေသခံပြည်သူများအတွက် စားသောက်ကုန်များနှင့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ပါဝင်သည်။ လိုက်ပါစီးနင်းသော ခရီးသည်များအားလက်မှတ်ခ အခမဲ့ဖြစ်ပြီး ခရီးစဉ်အတွင်း ထမင်းကျွေးမည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်-ကိုကိုးကျွန်းခရီးစဉ်အတွက် သင်္ဘောမောင်းနှင်ချိန်မှာ ခန့်မှန်းကြာမြင့်ချိန် နာရီ ၄၀ ရှိကြောင်း သိရသည်။ သဟာပတိရေယာဉ်မှာ ကိုကိုးကျွန်းသို့ ယနေ့နံနက် ၁၀ နာရီ မိနစ် ၃၀ ခန့်တွင် စတင်ထွက်ခွာသွားကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး မစ္စတာ မန်ဂျူရူလ် ကရင် ခမ် ချောင်ဒရီအား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံစဉ် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပဉ္စမအကြိမ် ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ဒါကာမြို့၌ အိမ်ရှင်အဖြစ် ကျင်းပရေးဆိုင်ရာ ကိစ္စရပ်များပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံရာတွင် အမြဲတမ်းအတွင်းဝန်က မြန်မာနိုင်ငံအနေဖြင့် စိစစ်ပြီးနေရပ်စွန့်ခွာသူများအား မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ရရှိထားသည့် သဘောတူညီချက်များနှင့်အညီ ပြန်လည်လက်ခံရန် အဆင်သင့်ရှိကြောင်း ထပ်လောင်းပြောကြားခဲ့ပြီး နေရပ်ပြန်လာသူများအတွက် ပြန်လည်နေရာချထားရေးကိစ္စများနှင့် ကောင်းမွန်သည့် ပတ်ဝန်းကျင်ဖန်တီးရာ၌ မိတ်ဖက်နိုင်ငံများ၊ ASEAN-ERAT Team တို့နှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**သတင်းစဉ်**



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နန်းယွန်းမြို့နယ်ရှိ ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

◆ *ရှေ့ဖုံးမှ*

ဒါကြောင့် ကျွန်မတို့အနေနဲ့ ဒီလို ဝေးလံခေါင်သီတဲ့ဒေသတွေရဲ့ လမ်းပန်းဆက်သွယ်ရေးကို အထူးအလေးထားပါတယ်။ ကျွန်မနားလည်သလောက်က ဒီဒေသကို မိုးတွင်းမှာ လာမယ်ဆိုရင် အခက်အခဲတွေ အများကြီးရှိပါတယ်။ ဒါကြောင့်မို့ ရာသီစုံလမ်းတွေဟာ အဓိကကျတယ်ဆိုတာကို နားလည်ပါတယ်။

### အဓိကလိုအပ်ချက်တစ်ခု

ဒါပေမယ့် ဒါဟာ ဒီဒေသတင် မဟုတ်ပါဘူး၊ တစ်နိုင်ငံလုံးမှာ ဖြစ်နေတာကို ကျွန်မတို့ တွေ့ခဲ့ရပါတယ်။ ဘယ်နေရာသွားသွား လမ်းပန်းဆက်သွယ်ရေးဟာ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့လို မုတ်သုံရာသီကို ရင်ဆိုင်နေရတဲ့ နိုင်ငံအတွက်ဆိုရင် အထူးသဖြင့် မိုးတွင်းမှာ မိုးဒဏ်ခံနိုင်မယ့် လမ်းတွေရှိဖို့ဟာ ကျွန်မတို့ ပြည်သူပြည်သားတွေအတွက် အဓိက လိုအပ်ချက်တစ်ခု ဖြစ်ပါတယ်။ အဲဒီလိုအပ်ချက်ကိုလည်း ကျွန်မတို့အနေနဲ့ ဖြည့်ဆည်းပေးဖို့ အတတ်နိုင်ဆုံး ကြိုးစားနေပါတယ်။

အခု သုံး၊ လေး နှစ်အတွင်းမှာဆိုရင် လမ်းပန်းဆက်သွယ်ရေးဟာ အင်မတန် တိုးတက်လာတယ်ဆိုပေမယ့်လည်း လိုအပ်တာတွေလည်း အများကြီးရှိပါသေးတယ်။ ကျွန်မတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်တာနဲ့အမျှ ကျွန်မတို့ ပြည်သူလူထုရဲ့ဘဝတွေ ပိုပြီးအေးချမ်းအောင်၊ ပိုပြီး သာယာအောင် လုပ်သွားဖို့က အင်မတန်မှ အရေးကြီးပါတယ်။

နိုင်ငံတစ်နိုင်ငံ တိုးတက်ဖို့ဆိုတာ ပြည်သူလူထုတွေက အဓိကပါပဲ။ ပြည်သူလူထုတွေရဲ့ စိတ်ဓာတ်ခိုင်မာမှုမရှိရင်၊ ပြည်သူလူထုတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုမရှိရင် ဘယ်နိုင်ငံမှ ရေရှည်တည်တံ့ခိုင်မြဲတဲ့တိုးတက်မှုကို ရနိုင်မှာမဟုတ်ပါဘူး။ ဖွံ့ဖြိုးတိုးတက်တယ်ဆိုတာကို ကျွန်မတို့က ဘာကိုကြည့်ပြီး တိုင်းတာသလဲဆိုတော့ နိုင်ငံတစ်နိုင်ငံမှာ အားအနည်းဆုံး၊ အဆင်းရဲဆုံး၊ ဖွံ့ဖြိုးမှုအနည်းဆုံး ပုဂ္ဂိုလ်တွေရဲ့အဆင့်ကိုကြည့်ပြီး နိုင်ငံတစ်နိုင်ငံဟာ ချမ်းသာသလား၊ ဆင်းရဲသလားဆိုတာကို ဆုံးဖြတ်ရပါတယ်။ နိုင်ငံမှာ အကြွယ်ဝဆုံး၊ အခြေအနေအကောင်းဆုံး၊ အင်အားအများဆုံး၊ အခွင့်အရေးအများဆုံးလူတွေကိုကြည့်ပြီး နိုင်ငံက ချမ်းသာသလား၊ ဆင်းရဲသလားဆိုတာကို သုံးသပ်လို့မရပါဘူး။

### တိုးတက်ဖို့ အများကြီးလိုသေး

ကျွန်မတို့နိုင်ငံရဲ့ ဒေသအခြေအနေတွေနဲ့ ကြည့်လိုက်မယ်ဆိုရင် ဝေးလံခေါင်သီတဲ့ဒေသတွေမှာ နန်းယွန်းလို အင်မတန်မှ သွားလာရေးခက်ခဲတဲ့ ဒေသတွေမှာ ပြည်သူတွေရဲ့ဘဝတွေဟာ ဘယ်လောက်တိုးတက်သလဲဆိုတာ ကြည့်ပြီးမှ ကျွန်မတို့နိုင်ငံ ဘယ်လောက်တိုးတက်သလဲဆိုတာကို ကျွန်မတို့ ဆုံးဖြတ်နိုင်မှာပါ။ ဒီလိုနေရာတွေမှာ တိုးတက်ဖို့ အများကြီးလိုသေးတယ်ဆိုတာကို ကျွန်မတို့ရဲ့ ဒေသခံပြည်သူတွေ အသိဆုံးဖြစ်ပါလိမ့်မယ်။

### အဆင့်မြင့်တဲ့ပညာပေးနိုင်ဖို့လို

ကျွန်မ ဒီကိုလာတဲ့ အချိန်တိုအတွင်းမှာ ကျွန်မ သတိပြုမိတာက လမ်းမှာ ကျောင်းသားတွေ အများကြီး တွေ့ခဲ့ရပါတယ်။ ဒါ ကျွန်မတို့နိုင်ငံအတွက် အင်မတန်မှ ကောင်းတဲ့လက္ခဏာပါ။ ကျောင်းသားကျောင်းသူတွေဆိုတာ ကျွန်မတို့ နိုင်ငံ ပညာရေးရဲ့ အနာဂတ်ကို လမ်းညွှန်ပြနေတာ ဖြစ်ပါတယ်။ ကျွန်မတို့ ကျောင်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ လိုပါတယ်။ ဒီကျောင်းတွေ ရှိရုံတင်မကဘူး၊ ကျောင်းတွေမှာ ကျောင်းသူ ကျောင်းသားတွေ ရှိဖို့လိုတယ်။ ကျောင်းသူ ကျောင်းသားတွေ ရှိရုံတင်မကဘူး၊ ဒီကျောင်းသူ ကျောင်းသားတွေကို အဆင့်မြင့်တဲ့ပညာ ပေးနိုင်ဖို့ လိုပါတယ်။

အဲဒီတော့ အဆင့်မြင့်တဲ့ ပညာဆိုတာ ဘာလဲလို့မေးရင်၊ ကျွန်မ အမြဲပဲ ရိုးရိုးသားသား ရှင်းပြပါတယ်။ ပညာဆိုတာက ကျွန်မတို့ဘဝမှာ တွေ့ကြုံရမယ့် အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်တဲ့ အရည်အချင်းရှိဖို့အတွက် သင်ပေးတာဖြစ်ပါတယ်။ စာအုပ်ကြီးထဲမှာပဲ စာအုပ်ထဲကနေ အချက်အလက်တွေသိပြီး တကယ့်ဘဝမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေကို ကျော်လွှားနိုင်တဲ့ အရည်အချင်း မရှိဘူးဆိုရင် ပညာတတ်လို့ခေါ်ဖို့ အင်မတန်မှ ခက်ပါလိမ့်မယ်။

### ပညာရေးစနစ်ရဲ့ အားနည်းချက်

ဒါကြောင့် ကျွန်မတို့နိုင်ငံမှာ ပညာတတ်တွေ ပေါများစေချင်ပါတယ်။ ကျွန်မတို့ရဲ့ ပြည်သူပြည်သားတွေကို ပညာတတ်တွေ ဖြစ်စေချင်တယ်။ ပညာတတ်တွေဆိုတာ တချို့တွေမြင်သလို ဘွဲ့ရထားတဲ့သူတွေကို ဆိုလိုတာ မဟုတ်ပါဘူး။ တက္ကသိုလ်က ဘွဲ့ရထားပြီး ကိုယ့်ဘဝကို ကိုယ်မကျောင်းနိုင်တဲ့သူတွေလည်း အများကြီးရှိပါတယ်။ ဒါဟာ ပညာရေးစနစ်ရဲ့ အားနည်းချက်တွေက အဓိကပါ။ ပညာရေးစနစ်ဆိုတာ ပထမဦးဆုံး ကျွန်မတို့ နိုင်ငံ တစ်နိုင်ငံရဲ့ လိုအပ်ချက်ကို ကြည့်ရပါတယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ လိုအပ်ချက်မတူပါဘူး။ အင်မတန်မှ ဖွံ့ဖြိုးတိုးတက်ပါတယ်ဆိုတဲ့ နိုင်ငံတွေကိုကြည့်ပြီး အဲဒီနိုင်ငံတွေ အတိုင်း ဖြစ်စေချင်တယ်ဆိုရင် ကျွန်မတို့ နိုင်ငံအတွက် သင့်တော်ချင်မှ သင့်တော်မှာပါ။ နောက်တစ်ခုက ကျွန်မ ခဏခဏ ပြည်သူတွေ စိတ်ဓာတ်တက်ကြွအောင်၊ စိတ်အားမငယ်အောင်လို့ သတိပေးပါတယ်။ ကျွန်မတို့နိုင်ငံလို ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတဲ့ နိုင်ငံတွေ၊ အခုမှစပြီး ဖွံ့ဖြိုးတိုးတက်ဖို့ ရုန်းကန်နေရတဲ့ နိုင်ငံတွေ၊ ဒီနိုင်ငံတွေမှာ အားသာချက်တစ်ခုရှိပါတယ်။ ရှေ့ကသွားတဲ့ နိုင်ငံကြီးတွေက ဘာအမှားတွေဖြစ်ခဲ့သလဲဆိုတာ လေ့လာလို့ရတယ်။ ဒီမှားယွင်းမှုတွေကို ကျွန်မတို့ ရှောင်ကြဉ်လို့ရတယ်။ ကျွန်မတို့မှာ အဲဒီအခွင့်အရေး ရပါတယ်။

ရှေ့ကတက်သွားတဲ့သူတွေက သူတို့အမှားတွေကို ရှောင်ကြဉ်ပိုင်ခွင့် မရှိခဲ့ဘူး။ ဥပမာ ရေရှည်စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ခြင်းဖြင့် ရေရှည်မှာ ဘယ်လိုအကျိုးသက်ရောက်မှုရှိမလဲဆိုတာကို ရှေ့ကသွားတဲ့သူတွေက မသိကြဘူး။ ကျွန်မတို့ ခရီးတစ်ခု သွားသလိုပေါ့။ အရှေ့က ခရီးသွားတဲ့သူတွေက ခလုတ်တိုက်မယ်၊ လမ်းတွေပိတ်နေတာနဲ့ ကြုံတွေ့ရမယ်၊ သဘာဝဘေးအန္တရာယ်တွေ စသည်ဖြင့် ကြုံတွေ့ရမယ်။ နောက်ကလာတဲ့ သူတွေက ရှေ့ကသူတွေ ဘယ်လိုအန္တရာယ်တွေ ကြုံတွေ့ရလဲဆိုတာ တွေ့တဲ့အခါကျတော့ ကျွန်မတို့ကိုယ် ကျွန်မတို့ ကာကွယ်နိုင်တဲ့နည်းတွေကို စဉ်းစားလို့ ရပါတယ်။

### ရှင်းရှင်းလင်းလင်းမြင်ရ

ဒီအတိုင်းပါပဲ ကျွန်မတို့ နန်းယွန်းကို ရဟတ်ယာဉ်နဲ့ လာတဲ့အခါမှာ အောက်ကိုကြည့်လိုက်တဲ့အခါ ရွှေတူးနေတဲ့ နေရာတွေကို တွေ့ရပါတယ်။ ဒီလို ရွှေတူးတဲ့နေရာတွေမှာ တချို့တွေက ဥပဒေဘောင်အတွင်းကမဟုတ်ဘဲ စည်းကမ်းမဲ့ရွှေတူးတဲ့အခါ သဘာဝပတ်ဝန်းကျင်ကို ဘယ်လောက်အထိ ထိခိုက်သွားလဲဆိုတာကို ကျွန်မတို့ မျက်ဝါးထင်ထင် မြင်ရပါတယ်။ မြေပြင်ကနေ ကြည့်တာထက် အပေါ်ကနေကြည့်လိုက်ရင် ကျွန်မတို့နိုင်ငံရဲ့ အခြေအနေကို အင်မတန်မှ ရှင်းရှင်းလင်းလင်း မြင်ရပါတယ်။ ဒီလိုအပေါ်ကနေ ကြည့်ပိုင်ခွင့်က လူတိုင်းရှိတာ မဟုတ်ဘူး။ အဲဒီတော့ ကျွန်မနည်းနည်းလေး မျှဝေပြီး ပြောပါရစေ။

ကျွန်မတို့ အပေါ်ကနေကြည့်လိုက်လို့ရှိရင် ဒီဒေသဟာ တောတောင်တွေ အင်မတန် မှ ထူထပ်ပါတယ်။ ဟိုးတုန်းက တောတောင်ကြီးတွေဟာ မပျက်မစီး အခုထက်ထိ ရှိနေတာကို ကျွန်မတို့ တွေ့ရပါတယ်။ ဒီဟာက တစ်ဖက်ကနေ ကြည့်လို့ရှိရင် ဒါအားနည်းချက်လို့ ကျွန်မတို့ မြင်လို့ ရပါတယ်။ ကျွန်မတို့ရဲ့ သဘာဝသယံဇာတ ကြွယ်ဝမှုတစ်ခုလို့ မြင်လို့ရပေမယ့် တစ်ဖက်ကနေ ကြည့်လိုက်လို့ရှိရင် ဒီလိုတောတောင်တွေ ထူထပ်တာကြောင့်မို့လို့ ကျွန်မတို့ရဲ့ ပြည်သူလူထုအတွက် သွားရေး၊ လာရေး ခက်ခဲပါတယ်။ အသက်မွေးဝမ်းကျောင်းဖို့ ခက်ခဲမှုတွေရှိမယ်လို့ ကျွန်မတို့ ခန့်မှန်းလို့ ရပါတယ်။

တစ်ဖက်ကနေပြီး ဒီလိုတရားမဝင် ရွှေတူးထားလို့ ပတ်ဝန်းကျင်ပျက်စီးနေတာကို ကြည့်လိုက်တဲ့အခါ တရားမဝင်ရွှေတူးတဲ့သူတွေက ဥပဒေကိုချိုးဖောက်လို့ ကျွန်မတို့အနေနဲ့ ဒါကို ဘယ်လိုမှ အားမပေးနိုင်ဘူး။ သို့သော်ငြားလည်း ကျွန်မတို့ရဲ့ ပြည်သူများဟာ ချို့တဲ့လို့ ဒီလိုအလုပ်တွေ လုပ်ရတယ်ဆိုတာကို ကျွန်မတို့ နားလည်ပါတယ်။ ဒါကြောင့်မို့ ဒီလို တရားမဝင်တဲ့ အလုပ်တွေ လုပ်ဖို့မလိုအောင်လို့ ကျွန်မတို့ရဲ့နိုင်ငံကို ဖန်တီးပေးရပါမယ်။

### နိုင်ငံရဲ့အင်အားဆိုတာ

ဖန်တီးပေးတယ်ဆိုတာ အစိုးရတစ်ခုတည်းက ဖန်တီးလို့ မရပါဘူး။ ဒါကိုကျွန်မ သတိပေးပါရစေ။ အခုနန်းယွန်းလို နေရာမျိုးမှာတောင်မှ မြို့ကြီးတွေဖြစ်တဲ့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့နဲ့ အင်မတန်မှ ဝေးတဲ့နေရာမှာရှိတဲ့ ပြည်သူပြည်သားတွေတောင်မှ ကျွန်မတို့ နိုင်ငံရဲ့ ကံကြမ္မာကို ဖန်တီးတဲ့နေရာမှာ အရေးပါတယ်ဆိုတာ ကျွန်မ သတိပေးချင်ပါတယ်။ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းဟာ နိုင်ငံအတွက် အရေးပါပါတယ်။ နိုင်ငံရဲ့ အင်အားဆိုတာဟာ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းရဲ့ အင်အားနဲ့ စုထားတာပါ။

ကျွန်မတို့နိုင်ငံမှာ ပြည်သူ သန်းငါးဆယ်ကျော် ရှိပါတယ်။ သန်းငါးဆယ်ကျော်က ဘယ်ကစသလဲ၊ တစ်ယောက်ကပဲ စရတာပဲ။ စပြီးရေရင် တစ်ကပဲ စပြီးရေရတာပဲ။ တစ်က စပြီး မရေဘဲနဲ့ ဘယ်လိုလုပ်မှ ကျွန်မတို့ ဆက်ပြီးသွားလို့မရဘူး။ ဒါကြောင့်မို့လို့ ကျွန်မတို့ နန်းယွန်းက ပြည်သူပြည်သားတွေဟာ ကျွန်မတို့ နိုင်ငံအတွက် အရေးပါတယ်ဆိုတာကို နှလုံးသွင်းစေချင်တယ်။ ဒါကြောင့်မို့လို့ ကိုယ့်ကိုကိုယ် တန်ဖိုးထားစေချင်တယ်။ ကျွန်မတို့က တန်ဖိုးထားတယ်။ ပြည်သူပြည်သားတွေ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းကို ကျွန်မတို့ တန်ဖိုးထားပါတယ်။ ဒီလို တစ်ယောက်ချင်း၊ တစ်ယောက်ချင်းကို တန်ဖိုးထားလို့ ကျွန်မတို့ ကျန်းမာရေးနဲ့ ပညာရေးကို အဓိက ဦးစားပေးပြီး လုပ်နေတာဖြစ်ပါတယ်။

ကျန်းမာရေးဆိုတာက ရုပ်ပိုင်းဆိုင်ရာ ကျွန်မတို့ ပြည်သူပြည်သားများအားလုံး ကျန်းကျန်းမာမာ ခိုင်ခိုင်ခံ့ခံ့ ရှိအောင်လို့၊ ကျန်းမာရေးမကောင်းလို့ရှိရင် ဘာမှလုပ်လို့ မလွယ်ပါဘူး။ ကိုယ်က အိပ်ရာပေါ်မှာ လဲနေမယ်ဆိုရင် ဘယ်လောက်ပဲ ပညာရှိရှိ၊ ဘယ်လောက်ပဲ အရည်အချင်းရှိရှိ ဒီအရည်အချင်းတွေကို သုံးလို့မရပါဘူး။ အဲဒါက ရုပ်ပိုင်းဆိုင်ရာပါ။ ရုပ်ပိုင်းဆိုင်ရာနဲ့ပတ်သက်ပြီး ကြုံတုန်း ကျွန်မတို့ရဲ့ မိခင်တွေကို သတိပေးချင်ပါတယ်။ ကိုယ့်သားသမီးတွေရဲ့ ရှေ့အနာဂတ်အတွက် ကျန်းမာရေးဆိုတာဟာ မိခင်ဝမ်းထဲမှာရှိကတည်းက စတယ်ဆိုတာကို သတိပေးချင်ပါတယ်။

### အထူးပံ့ပိုးမှုတွေလုပ်ပေးနေ

ဒါကြောင့်မို့ ကျွန်မတို့ကနေပြီး ကျွန်မတို့ရဲ့ ပြည်သူပြည်သားမိခင်တွေကို ကိုယ်ဝန်ဆောင်ကနေပြီး ကလေးအသက် နှစ်နှစ်ရှိတဲ့အထိ အထူးပံ့ပိုးမှုတွေ လုပ်ပေးနေတာပါ။ ဘာဖြစ်လို့ ကျွန်မ ဒါကိုပြောရလဲဆိုရင် ကိုယ်ဝန်ဆောင်ထားတဲ့အချိန်မှာ ကလေးရဲ့ ကျန်းမာရေးအတွက် ရုပ်ပိုင်းဆိုင်ရာရော၊ ဦးနှောက်ပိုင်းဆိုင်ရာရော ဖွံ့ဖြိုးရေးအတွက် မိခင်ကို စောင့်ရှောက်ရပါတယ်။ ဒီကလေးကို ဖွားမြင်ပြီးတဲ့အခါမှာလည်း အသက် နှစ်နှစ်အထိ ကျွန်မတို့ စောင့်ရှောက်ဖို့ သိပ်အရေးကြီးပါတယ်။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ဘာဖြစ်လို့လဲဆိုတော့ ကလေးရဲ့ ပထမဦးဆုံး အသက်နှစ်နှစ်အတွင်းမှာဆိုရင် ဦးနှောက်ဖွံ့ဖြိုးမှုအတွက် အင်တန်မှ အရေးကြီးတဲ့အချိန် ဖြစ်ပါတယ်။ ဒီအသက်နှစ်နှစ်အောက် ကလေးတွေဟာ အာဟာရသိပ်ပြီးချို့တဲ့တယ်ဆိုရင် ဦးနှောက်ဟာ ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးပါဘူး။ ဒါကြောင့် ကျွန်မတို့က ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နှစ်ခုစလုံးကို စဉ်းစားပြီး ကျွန်မတို့ ကလေးတွေကို မိခင်ဝမ်းထဲကနေစပြီး အသက် နှစ်နှစ်ပြည့်တဲ့အထိ အထူးပံ့ပိုးဖို့၊ ထောက်ပံ့ဖို့၊ ကျန်းမာရေးအရစောင့်ရှောက်ဖို့ ကျွန်မတို့ စီစဉ်ထားပါတယ်။

## ပညာတတ်တွေအများကြီးလို

ကျွန်မတို့ခရီးစဉ်မှာ ကျွန်မတို့ရဲ့ ကျန်းမာရေးဝန်ကြီး ဒေါက်တာမြင့်ထွေး ကိုယ်တိုင် ပါလာပါတယ်။ ဒီလိုနေရာတွေမှာ ကျန်းမာရေးအခြေအနေ ဘယ်လိုရှိသလဲ၊ ကျွန်မတို့ ဘာတွေလုပ်ပေးဖို့လိုသလဲဆိုတာကို ကျွန်မတို့ သိချင်လို့ ဖြစ်ပါတယ်။ အဲဒီတော့ ကျန်းမာတဲ့ ကလေးတွေဖြစ်ပြီဆိုရင် ဒီကလေးတွေကို ပညာတတ်အောင်လို့ ကျွန်မတို့ သင်ပေးရပါမယ်။ နိုင်ငံတစ်နိုင်ငံမှာ ပညာရှိများတယ်ဆိုရင် ဒီနိုင်ငံရဲ့ ခံနိုင်ရည်စွမ်းအားဟာ အင်မတန်မှ များပါတယ်။ ကျွန်မ မကြာခဏ ကြုံတဲ့အခါ ပြောရပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ကာကွယ်ရေး ပထမဆုံးရှေ့တန်းဆိုတာ သံတမန်ရေးရာပဲလို့ ကျွန်မ ပြောပါတယ်။ သံတမန်ရေးရာဆိုတာ ဘာလဲဆိုတော့ ကမ္ဘာကြီးနဲ့ ဆက်ဆံတဲ့အခါမှာ ပညာအရည်အချင်းကိုသုံးပြီး ကျွန်မတို့ နိုင်ငံကို ကာကွယ်တာပါ။ ဒါကြောင့် ကျွန်မတို့ ပညာတတ်တွေ အများကြီးလိုတယ်။ အတွေးအခေါ်ရှိတဲ့သူတွေ လိုတယ်။ အတွေးအခေါ်နဲ့အတူတူ တစ်ချိန်တည်းမှာပဲ လုပ်တတ်ကိုင်တတ်တဲ့ လူတွေလည်း လိုပါတယ်။

## ကမ္ဘာကြီးရဲ့လိုအပ်ချက်တွေနဲ့ မကိုက်ညီ

ဒါကြောင့် ကျွန်မတို့ ပညာရေးဘက်မှာဆိုရင် အသက်မွေးဝမ်းကျောင်းပညာကို အင်မတန်မှ အားပေးပါတယ်။ အဲဒီဟာကလည်း ကျွန်မတို့နိုင်ငံမှာ ဒီလိုခေတ်မီတဲ့ အတွေးတွေ တွေးနိုင်ဖို့အတွက် အခွင့်အရေးရဖို့ ဖြစ်ပါတယ်။ ကမ္ဘာကြီးကို ကြည့်လိုက်မယ်ဆိုရင် တော်တော်ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံများမှာဆိုရင် ပညာရေးစနစ် မမှန်ကန်ခဲ့လို့ အခုပြဿနာတွေ ရှိနေပါတယ်။ မမှန်ကန်ခဲ့တာတစ်ခုက ဘာလဲဆိုတော့ တက္ကသိုလ်ပညာရေးကို ဦးစားပေးပြီး အသက်မွေးဝမ်းကျောင်းပညာရေးကို အရေးမကြီးဘူးဆိုပြီး ဘေးဖယ်ထားတဲ့ နိုင်ငံတွေဟာ အခုမှ ပြဿနာဖြစ်နေမှန်း သိရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တက္ကသိုလ်ဘွဲ့ရတွေ၊ အလုပ်လက်မဲ့ ဘွဲ့ရတွေဆိုတာ ကျွန်မတို့နိုင်ငံမှာတင်ရှိတာ မဟုတ်ပါဘူး။ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တော်များများမှာ ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တက္ကသိုလ်ဘွဲ့တွေနဲ့ အခုခေတ် ကမ္ဘာကြီးရဲ့ လိုအပ်ချက်တွေနဲ့က မကိုက်ညီပါဘူး။ ဒါကြောင့် ဒီကမ္ဘာကြီးမှာ တကယ်ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းသိမ်းထားနိုင်တဲ့ နိုင်ငံတွေက အသက်မွေးဝမ်းကျောင်းပညာ၊ နည်းပညာဘက်ကို အားပေးတဲ့ နိုင်ငံတွေ ဖြစ်ပါတယ်။

ကျွန်မတို့ နိုင်ငံမှာလည်း မူအရကို ပညာရေးဘက်မှာ နည်းပညာနဲ့ အသက်မွေးဝမ်းကျောင်းပညာကို အားပေးပါတယ်။ ကျွန်မတို့ နိုင်ငံသူ နိုင်ငံသားတွေ၊ ပြည်သူပြည်သားတွေက မိဘတွေရော၊ ကျောင်းသူ ကျောင်းသားတွေရော နည်းပညာနဲ့ အသက်မွေးဝမ်းကျောင်းပညာကို စိတ်ဝင်စားကြတယ်။ အားသန်ကြတယ်။ တချို့နိုင်ငံတွေမှာ သူတို့အစဉ်အလာက ဘယ်လိုဖြစ်သွားလဲဆိုတော့ တက္ကသိုလ်ဘွဲ့ရမှ ပညာတတ်လို့ သတ်မှတ်တဲ့ အစဉ်အလာ ဖြစ်သွားတယ်။ အဲဒီလို အစဉ်အလာဖြစ်သွားတဲ့အခါ နိုင်ငံဟာ နစ်နာပါတယ်။ အားလုံးက တက္ကသိုလ်ဘွဲ့ရချင်တယ်။ တကယ်နိုင်ငံမှာ လိုအပ်နေတဲ့ နည်းပညာတွေကို သင်ယူချင်တဲ့စိတ်က နည်းသွားတယ်။

## အခွင့်အရေးတွေကို မှန်မှန်ကန်ကန်သုံး

ကျွန်မတို့ လူငယ်တွေရော၊ ကျောင်းသူ ကျောင်းသားတွေရော၊ ကျောင်းသူ ကျောင်းသား မိဘများကပါ အသက်မွေးဝမ်းကျောင်းပညာဘက်ကို သွားဖို့အားပေးကြပါ။ တက္ကသိုလ်ပညာဆိုတာလည်း သူ့တန်ဖိုးနဲ့သူ ရှိတယ်။ ဒါပေမယ့် အသက်မွေးဝမ်းကျောင်းပညာဆိုတာ သူ့တန်ဖိုးနဲ့သူ ရှိတယ်။ ကမ္ဘာပေါ်မှာ အချမ်းသာဆုံး၊ အတိုးတက်ဆုံး နိုင်ငံတွေဖြစ်တဲ့ ဂျာမနီ၊ ဆွီဒင်နဲ့ ဆွစ်ဇာလန်တို့မှာ နည်းပညာနဲ့ အသက်မွေးဝမ်းကျောင်းပညာကို လိုက်တဲ့ ကလေးများဟာ တက္ကသိုလ်ပညာဆည်းပူးသင်ကြားတဲ့ ကလေးများနဲ့ တန်းတူညီတူလည်း ဖြစ်တယ်။ ဘဝမှာလည်း အခွင့်အရေးအတူတူရတယ်။ တချို့ဆိုရင် တက္ကသိုလ်ဘွဲ့ရတာထက် နည်းပညာသင်ယူထားတဲ့လူတွေ၊ အသက်မွေးဝမ်းကျောင်းပညာသင်ယူထားတဲ့ ပုဂ္ဂိုလ်တွေက ပိုပြီး



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နန်းယွန်းမြို့နယ် စုပေါင်းရုံးခန်းမ၌ နာဂရိုးရာနှစ်သစ်ကူးပွဲတော်အမှတ်တရ ပုံတူပန်းချီကားချပ် ပေးအပ်စဉ်။ သတင်းစဉ်

> **"နိုင်ငံတစ်နိုင်ငံမှာ ပညာရှိများတယ်ဆိုရင် ဒီနိုင်ငံရဲ့ ခံနိုင်ရည်စွမ်းအားဟာ အင်မတန်မှ များပါတယ်။ ကျွန်မ မကြာခဏ ကြုံတဲ့အခါ ပြောရပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ကာကွယ်ရေး ပထမဆုံးရှေ့တန်းဆိုတာ သံတမန်ရေးရာပဲလို့ ကျွန်မ ပြောပါတယ်။ သံတမန်ရေးရာဆိုတာ ဘာလဲဆိုတော့ ကမ္ဘာကြီးနဲ့ ဆက်ဆံတဲ့အခါမှာ ပညာအရည်အချင်းကိုသုံးပြီး ကျွန်မတို့ နိုင်ငံကို ကာကွယ်တာပါ။ ဒါကြောင့် ကျွန်မတို့ ပညာတတ်တွေ အများကြီးလိုတယ်။ အတွေးအခေါ်ရှိတဲ့သူတွေ လိုတယ်။ အတွေးအခေါ်နဲ့အတူတူ တစ်ချိန်တည်းမှာပဲ လုပ်တတ်ကိုင်တတ်တဲ့ လူတွေလည်း လိုပါတယ်"**

ဝင်ငွေကောင်းပါတယ်။ အဲဒီတော့ လူမှုရေးအရ တန်းတူညီတူဖြစ်တယ်။ တက္ကသိုလ်ဘွဲ့ရတွေမှ သာတယ်ဆိုတဲ့ ကိစ္စဟာ အခုဆိုရင် ဒီလိုဖွံ့ဖြိုးတဲ့နိုင်ငံတွေမှာ မရှိတော့ပါဘူး။ ဒါကြောင့် ကျွန်မတို့ရဲ့ အခွင့်အရေးတွေကို မှန်မှန်ကန်ကန်သုံးဖို့ ကျွန်မအနေနဲ့ အားပေးပါရစေ။

ကျွန်မ ဒီကိုလာတဲ့ အဓိက အကြောင်းရင်းတစ်ခုက ကျွန်မတို့ နိုင်ငံပဲဖြစ်ဖြစ်၊ ဘယ်နိုင်ငံပဲဖြစ်ဖြစ် နေရာတိုင်း၊ နေရာတိုင်းမှာ သူ့ပြဿနာနဲ့သူ ရှိတယ်။ သူ့အခက်အခဲနဲ့သူ ရှိတယ်။ ဒီလိုအခက်အခဲတွေကို စာရွက်ပေါ်မှာ ကြည့်မယ့်အစား ကိုယ်တိုင်ဆင်းပြီးကြည့်တာနဲ့ ဘယ်တော့မှ မတူပါဘူး။ ကိုယ်တိုင်ဆင်းပြီးလေ့လာမှ ပိုပြီး ကွက်ကွက်ကွင်းကွင်း မြင်နိုင်ပါတယ်။ ဒါကြောင့် ကျွန်မ ဒီလို ပြည်သူလူထုတွေနဲ့ တွေ့ဆုံပွဲလုပ်တယ်ဆိုတာ ပြည်သူတွေရဲ့အသံကို တိုက်ရိုက်ကြားချင်လို့ပဲ။ တစ်ဆင့်တင်ပြတာ မဟုတ်ဘဲနဲ့ အစိုးရအဖွဲ့တွေက တစ်ဆင့်တင်ပြတာ၊ လွှတ်တော်ကိုယ်စားလှယ်တွေက တစ်ဆင့်တင်ပြတာ မဟုတ်ဘဲ ပြည်သူများကိုယ်တိုင် ကိုယ့်ရဲ့ရင်ထဲမှာရှိတဲ့ အတိုင်း တင်ပြတာကို ကြားချင်လို့ ဒီလိုလူထုတွေ့ဆုံပွဲ လုပ်တာပါ။

## လက်တွေ့ကျကျ မဖြစ်နိုင်

ဒါပေမယ့်လည်း ဒီလိုလူထုတွေ့ဆုံပွဲတွေ လုပ်တဲ့အခါမှာ လူတိုင်းနဲ့ စကားပြောဖို့ဆိုတာက လက်တွေ့ကျကျ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ကျွန်မတို့က တချို့မေးခွန်းတွေကို ကြိုတင်ပြီး တင်ထားတာတွေရှိပါတယ်။ ကြိုတင်ပြီး တင်ထားတဲ့မေးခွန်းတွေမဟုတ်ရင် ကျွန်မတို့ အချိန်ပေါ်မှာ မူတည်ပြီး မေးခွင့်ပေးပါတယ်။ ပထမအနေနဲ့ စာရေးပြီး တင်ထားတဲ့ မေးခွန်းတွေကို ဖြေပါ့မယ်။ ဖြေတဲ့အခါ တချို့မေးခွန်းတွေကို ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များက ဖြေပါ့မယ်။ တချို့မေးခွန်းတွေကို တိုင်းအစိုးရအဖွဲ့ဝင်များက ဖြေပါ့မယ်။ အချိန်ပေါ်မှာမူတည်ပြီး ကျွန်မအနေနဲ့ ပြည်သူလူထုတွေကို မေးပိုင်ခွင့်ပေးပါမယ်" ဟု ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ ကြိုတင်တင်ပြမေးမြန်းထားသည့် နန်းယွန်းမြို့မှ မြို့မိမြို့ဖ ဦးကျော်သန်းက နန်းယွန်းမြို့မှာ ဟူးကောင်းဘေးမဲ့တောတွင် ပါဝင်နေခြင်းကို ပယ်ဖျက်ပေးရန်နှင့် လိုအပ်သော ဘေးမဲ့တောအား ဒေသခံပြည်သူများဆန္ဒဖြင့် သတ်မှတ်ပေးရန်၊ ပန်ဆောင်မြို့မှ သိက္ခာတော်ရ ဦးယောဆက်က ပန်ဆောင်နယ်စပ်ဈေးအား မြန်မာ-အိန္ဒိယ နှစ်နိုင်ငံညှိနှိုင်း၍ တရားဝင်ဖွင့်လှစ်ပေးရန်နှင့် ပန်ဆောင်မြို့ နောင်ယန်းချောင်း၌ အသေးစားရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပေးရန်၊ ပန်ဆောင်မြို့မှ ဦးဇင်းဝမ်းက နန်းယွန်းမြို့တွင် ခုတင်(၅၀)ဆံ့ ဆေးရုံ တည်ဆောက်ပေးရန်နှင့် နန်းယွန်းမြို့နယ်မှ ဟရိုတ်၊ နုတ်ညို၊ ကဲဆန်နုတ်ညို၊ တကား၊ လုံလောင်း၊ ယောင်ကွန်ကျေးရွာများမှ ကျန်းမာရေးဌာနခွဲများအား ကျန်းမာရေးဌာန အဆင့်တိုးမြှင့်ပေးရန်၊ နန်းယွန်းမြို့မှ ဦးယောင်ရန်က နန်းယွန်း အခြေခံပညာအထက်တန်းကျောင်းအတွက် ပေ ၁၂၀ RC နှစ်ထပ်ဆောင် တစ်ဆောင် ဆောက်လုပ်ပေးရန်၊ နန်းယွန်းမြို့မှ သိက္ခာတော်ရ ဦးတီးရဲက တကားခွင်ရှိ ကျေးရွာ (၇) ရွာသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ၊ ပြည်သူများ လွတ်လပ်စွာသွားလာခွင့်ပြုရန်၊ နန်းယွန်းမြို့မှ ဒေါ်ကျဖြန်းက နန်းယွန်းမြို့သို့ မြစ်ကြီးနား၊ တနိုင်းမှ ဆန်၊ စက်သုံးဆီ၊ တည်ဆောက်ရေးပစ္စည်းများ လွတ်လပ်စွာ သယ်ယူခွင့်ပြုရန်နှင့် အညိုရောင်နယ်မြေအဖြစ် ကန့်သတ်ထားခြင်းမှ ကင်းလွတ်ခွင့်ပြုရန်၊ နန်းယွန်းမြို့မှ ဦးယောင်းလန်းက ရှင်ဘွေယန်-နန်းယွန်း- ပန်ဆောင်လမ်းပိုင်းကို အဆင့်မြှင့်တင်ပေးရန်၊ နန်းယွန်းမြို့မှ ဒေါ်ဖုန်လန်က နေ့စဉ်ဝင်ငွေရရှိနိုင်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် ကော်ဖီ၊ လက်ဖက်၊ ဂဠ၊ အာလာဂျီ စိုက်ပျိုးရေးစီမံကိန်းများ ဆောင်ရွက်ပေးရန်၊ နန်းယွန်းမြို့မှ ဦးယောင်ရန်က နန်းယွန်းမြို့ မူလတန်းကျောင်း ၄၃ ကျောင်းအတွက် လိုအပ်နေသည့် ကျောင်းအုပ်ဆရာ၊ ဆရာမများ လိုအပ်နေမှုကို ဒေသခံပညာရေးဝန်ထမ်းများအား တိုးမြှင့်ပေးရေး၊ နန်းယွန်းမြို့မှ ဒေါ်ယမ်နင်က နန်းယွန်းမြို့၊ ဒုံဟီးမြို့၊ ပန်ဆောင်မြို့တို့မှ မြို့တွင်းလမ်းများအား ကွန်ကရစ်လမ်းများအဖြစ် ဆောင်ရွက်ပေးရန်၊ နန်းယွန်းမြို့ မြို့နယ် နာဂရိုးရာစာပေယဉ်ကျေးမှု ကော်မတီဥက္ကဋ္ဌ ဦးနောက်တွန်းက မြို့နယ်ခန်းမနှင့် နာဂရိုးရာခန်းမ တည်ဆောက်ပေးရန်တို့နှင့် စပ်လျဉ်းသည့် မေးမြန်းတင်ပြချက်များကို လည်းကောင်း။

## ရှင်းလင်းပြောကြား

ခန်းမအတွင်းမှ မေးမြန်းတင်ပြလိုသည့် နန်းယွန်းမြို့မှ ဦးစိုးသန်းက နန်းယွန်းမြို့တွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် နောင်ယန်းအင်း၌ ငါးမျိုးသစ်မွေးမြူနိုင်ရေး ဆောင်ရွက်ပေးရန်နှင့် ခန်းမအပြင်မှ မေးမြန်းတင်ပြလိုသည့် ဦးအေးမင်းစိုးက နာဂဒေသ လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်း ဖွင့်လှစ်ပေးရန်တို့ကို မေးမြန်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းတို့က ချက်ချင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ရေရှည်ဆောင်ရွက်ပေးရမည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

## ခွင့်ပြုချက်ရယူရန်လို

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တင်ပြချက်များကိုကြည့်ပါက တိုင်းဒေသကြီးအစိုးရအနေဖြင့် ပြည်သူနှင့်ထိတွေ့ရန် လိုအပ်နေပါကြောင်း၊ တချို့ဒေသများသို့သွားရောက်ရန် လုံခြုံရေးအရ ခွင့်ပြုချက်ရယူရန် လိုအပ်သည်ကို လက်ခံပါကြောင်း၊ သို့သော်လည်း ခွင့်ပြုချက်ရယူနိုင်ရန်အတွက် သက်ဆိုင်ရာနှင့် လွယ်ကူစွာ ဆက်သွယ်နိုင်ရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအနေဖြင့် ပြည်သူ့အသံကို အမြဲနားထောင်စေလိုကြောင်း၊ ပြည်သူများအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများအား ဒေသခံများက မိသားစုအသွင်ဖြင့် ဆက်ဆံရန်လိုအပ်ပါကြောင်း၊ မိမိတို့မှာ ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြစ်ပါကြောင်း၊ မတူညီသည့် ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားရမည် ဖြစ်ပါကြောင်း၊ ဒေသခံများအနေဖြင့် မိမိဒေသအတွက် ဂုဏ်ယူချင်သည့် စိတ်ဓာတ်ရှိရန် လိုအပ်ပါကြောင်း၊ ပြည်သူများအနေဖြင့် တာဝန်ယူသည့်စိတ်ဖြင့် ရှင်သန်စေလိုပါကြောင်း၊ သို့မှသာ တန်ဖိုးရှိမည်ဖြစ်ကြောင်း၊ ဒေသတင်ပြချက်များကို အလေးထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် နန်းယွန်းမြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြရာ ခန္တီးမြို့သို့ ပြန်လည်ရောက်ရှိကြပြီး ထိုမှ တစ်ဆင့် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြရာ ဟုမ္မလင်းမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့အား တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

## သောင်းသောင်းဖြဖြကြိုဆို

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ပင်လည်ဘူးမြို့သို့ ရောက်ရှိကြရာ မြို့တွင်းလမ်းမတစ်လျှောက်၌ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပင်လည်ဘူးမြို့ အားကစားခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က “ကျွန်မ ပင်လည်ဘူးကိုလာရတဲ့ အဓိကအကြောင်းက ကျွန်မကို ပင်လည်ဘူး ကိုယ်စားလှယ်က သတိပေးပါတယ်။ ကျွန်မ နှစ်ပေါင်းများစွာ ပင်လည်ဘူးကို လာမယ်ဆိုပြီး ကတိပြုခဲ့ပါတယ်တဲ့။ အဲဒါအခုထက်ထိ မရောက်သေးဘူးဆိုတော့ ဒီကတိတည်ဖို့အတွက် ကျွန်မလာခဲ့တာပါ။ ပြည်သူလူထုကို ပေးတဲ့ကတိတွေတည်ဖို့ ကျွန်မအတွက် အင်မတန်မှ အရေးကြီးပါတယ်။ ဘယ်တော့မှ ကျွန်မ ပေါ့ပေါ့တန်တန်နဲ့ ကတိမပေးပါဘူး။ စကားတစ်ခွန်းပြောရင် ဒါကိုအလေးအနက်ထားရမယ်ဆိုတာကို ကျွန်မ မှတ်ယူထားပါတယ်။ အထူးသဖြင့် ကျွန်မတို့ပြည်သူလူထုနဲ့ ပတ်သက်ရင် နှစ်သိမ့်တဲ့ သဘောနဲ့၊ ပြဿနာရှင်းတဲ့ သဘောနဲ့ လုပ်နိုင်တာ၊ မလုပ်နိုင်တာကို မဆင်ခြင်ဘဲနဲ့ ကတိကဝတ်တွေကို လွယ်လွယ်ပေးတဲ့အလုပ်ကို ကျွန်မ ဘယ်တုန်းကမှ မလုပ်ခဲ့ပါဘူး။

## ပြည်သူလူထုရဲ့ ယုံကြည်မှု

ကျွန်မတို့အဖွဲ့ချုပ်က အဖွဲ့ဝင်တွေကိုလည်း ကျွန်မ အမြဲတမ်း မှာပါတယ်။ လက်ရှိ အစိုးရအဖွဲ့ဝင်တွေကိုလည်း မှာပါတယ်။ မတည်နိုင်တဲ့ ကတိတွေကို ပြည်သူလူထုကို မပေးပါနဲ့၊ မတည်နိုင်တဲ့ ကတိတွေပေးလိုက်ရင် ဒီကတိတွေ မတည်နိုင်တာကြောင့်မို့ ပြည်သူလူထုရဲ့ ယုံကြည်မှု ဆုံးရှုံးသွားပါလိမ့်မယ်။ ပြည်သူလူထုရဲ့ ယုံကြည်မှု ဆုံးရှုံးသွားရင် ပြန်ပြီးတည်ဆောက်ရတာ အင်မတန်မှ ခက်ပါတယ်။ ကျွန်မတို့အတွက် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ချင်တယ်ဆိုတဲ့ လူတိုင်း၊ လူတိုင်းအတွက် ပြည်သူလူထုရဲ့ ယုံကြည်မှုရဖို့ဆိုတာ အဓိက အရေးကြီးတဲ့အချက် ဖြစ်ပါတယ်။

ပြည်သူရဲ့ ယုံကြည်မှုမရှိဘဲနဲ့ ဘယ်အစိုးရအဖွဲ့မှ၊ ဘယ်နိုင်ငံရေး အဖွဲ့အစည်းမှ နိုင်ငံကို အကျိုးပြုနိုင်မှာ မဟုတ်ပါဘူး။ တချို့က ပြည်သူတွေကို လျှော့ပြီးတွက်တယ်။ ပြောရမယ်ဆိုရင် ပြည်သူတွေကို အထင်သေးတယ်။ တောင်းတာကိုပေးမယ်လို့ပြောရင် ငါတို့ကို ထောက်ခံမှာပဲဆိုပြီး ထင်တဲ့လူတွေရှိပါတယ်။ ကျွန်မက ကျွန်မတို့ရဲ့ ပြည်သူလူထု ကို ဒီလိုအထင်မသေးပါဘူး။ ကျွန်မ တန်ဖိုးထားတယ်၊ လေးစားတယ်၊ မှန်မှန်ကန်ကန် သုံးသပ်နိုင်တဲ့ အရည်အချင်းရှိတယ်လို့ ကျွန်မ ယူဆပါတယ်။

ကိစ္စတစ်ခုကို ဖြစ်မြောက်အောင် လုပ်ပေးနိုင်တယ်ဆိုရင် ကျွန်မတို့ လုပ်ပေးမယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူစိတ်ချမ်းသာမှ ကျွန်မတို့နိုင်ငံက စိတ်ချမ်းသာမှာပါ။ ဒါပေမယ့် ကိုယ်မလုပ်ပေးနိုင်တဲ့ကိစ္စကို ချွေးသိပ်တဲ့သဘောနဲ့ လုပ်ပေးမယ်၊ အဲဒီလိုပြောလိုက်ရင် ပြည်သူက ကျေနပ်သွားမှာပဲဆိုပြီး ဒီလိုစော်ကားချင်တဲ့ စိတ်ဓာတ်မရှိပါဘူး။ ပြည်သူကို မလေးစားတာက စော်ကားရာရောက်ပါတယ်။

ကျွန်မက ပင်လည်ဘူးကို လာတယ်ဆိုတာကလည်း ပင်လည်ဘူးရဲ့ မြို့သူမြို့သားတွေ၊ ပင်လည်ဘူးမှာရှိတဲ့ ကျွန်မတို့ပြည်သူများကို လေးစားသောအားဖြင့် လာတာပါ။ ဒါက ပထမအချက်ပါ။

## တရင်းတနှီး ထိတွေ့မှုလိုချင်

ဒုတိယအချက်က ကျွန်မတို့အနေနဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူပြည်သားတွေနဲ့ တရင်းတနှီး ထိတွေ့မှုကို လိုချင်ပါတယ်။ သို့သော်လည်း လက်တွေ့ကျကျတော့ ဒါမဖြစ်နိုင်ပါဘူး။ ပြည်သူ သန်းငါးဆယ်ကျော်နဲ့ အားလုံး တရင်းတနှီးရှိဖို့ဆိုတာက လက်တွေ့ကျကျ ဖြစ်နိုင်တဲ့ အလုပ် မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်မတို့ တတ်နိုင်သမျှ ကြိုးစားပါတယ်။ မနက်ကဆိုရင် ကျွန်မတို့ရောက်ခဲ့တဲ့ နန်းယွန်းဒေသဟာ အင်မတန်မှ ဝေးလံခေါင်သီတဲ့ ဒေသပါ။ ပင်လည်ဘူးက ဒီလောက်မဝေးပါဘူး။ ဒီလောက်လည်း ခေါင်တာ မဟုတ်ဘူး။ သို့သော်ငြားလည်း ကျွန်မတို့ နေပြည်တော်ဘက်၊ မန္တလေးဘက်၊ ရန်ကုန်ဘက် မြို့ကြီးတွေဘက်ကနေ ဒီကိုရောက်တယ်ဆိုတာ ခဲယဉ်းပါတယ်။ ရောက်ဖို့ ခဲယဉ်းပါတယ်။ ခဲယဉ်းလို့ကို ကျွန်မတို့က အသေအချာ ဂရုစိုက်ပြီး ရောက်အောင် လာခဲ့တာပါ။

## ကြိုးစားပြီး ဖြေရှင်းပေးနိုင်မှာဖြစ်

ကျွန်မတို့က ပြည်သူပြည်သားတွေနဲ့ တွေ့တဲ့အခါ ကျွန်မတို့ ပြည်သူတွေရဲ့ အဓိက ပြဿနာတွေ ဘာရှိသလဲဆိုတာကို သိချင်ပါတယ်။ ဒါမှလည်း ကျွန်မတို့အနေနဲ့ ကြိုးစားပြီး ဖြေရှင်းပေးနိုင်မှာ ဖြစ်ပါတယ်။ ကြိုးစားပြီး ဖြေရှင်းပေးတယ်ဆိုပေမယ့်လည်း အားလုံးကို ချက်ချင်း ဖြေရှင်းလို့ရမှာ မဟုတ်ပါဘူး။ ကျွန်မတို့ နိုင်ငံရဲ့ စိန်ခေါ်မှုတွေကို ကျွန်မတို့အားလုံး အတူဖြေရှင်းချင်တယ်ဆိုရင် အားလုံးအတူ လုပ်ဖို့လိုပါတယ်။

ဒါကြောင့် ကျွန်မတို့ ပြည်သူပြည်သားတွေကို အမြဲသတိပေးပါတယ်။ ကိုယ်က အဓိကပါ။ တစ်ဦးချင်း၊ တစ်ဦးချင်း လုပ်ဆောင်မှု၊ စွမ်းဆောင်မှုဟာ ကျွန်မတို့ နိုင်ငံအတွက် အင်မတန်မှ အရေးကြီးပါတယ်။ ဒါဟာ အသက်အရွယ်နဲ့လည်း မဆိုင်ပါဘူး။ လူကြီးဖြစ်စေ၊ လူငယ်ဖြစ်စေ နိုင်ငံ့ရဲ့အကျိုးကို ထမ်းဆောင်နိုင်တဲ့ အရည်အချင်းရှိပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ ကလေးတွေ၊ ကျောင်းသူကျောင်းသားတွေကအစ လူကြီးမိဘတွေဟာ နိုင်ငံ့အကျိုးကို ဘယ်လိုထမ်းဆောင်နိုင်မလဲဆိုတာကို စဉ်းစားကြစေချင်ပါတယ်။

## အားလုံးညီညွတ်မှ တိုးတက်နိုင်

ပထမဦးဆုံးက ညီညွတ်မှုနဲ့ ထမ်းဆောင်စေချင်ပါတယ်။ ကျွန်မတို့အားလုံး ညီညွတ်မှ တိုးတက်နိုင်မှာပါ။ အားလုံးညီညွတ်ဖို့ဆိုတာ စိတ်ရင်းစေတနာမှန်ဖို့က အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့ တစ်ယောက်နဲ့တစ်ယောက်အပေါ်မှာ စိတ်ရင်းစေတနာထားပြီး ငါတို့အတူလက်တွဲပြီး ငါတို့နိုင်ငံကြီး တိုးတက်အောင်လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်အပြည့်အဝရှိရင်၊ ကျွန်မတို့ နိုင်ငံဟာ မြန်မြန်ဆန်ဆန် တိုးတက်လာမှာပါ။ အခုပင်လည်ဘူးလို ဝေးလံခေါင်သီတဲ့ နေရာတွေမှာဆိုရင် တိုးတက်မှုဟာ ရှိသင့်သလောက် မရှိပါဘူး။ တိုးတက်မှုကို ကျွန်မတို့ ဘယ်လိုတိုင်းတာသလဲဆိုတော့ ကျွန်မတို့အနေနဲ့ ပြည်သူပြည်သားတွေ စိတ်လုံခြုံမှု ဘယ်လောက်ရှိသလဲဆိုတာနဲ့ ပထမ တိုင်းတာရပါတယ်။ စိတ်လုံခြုံမှုရှိဖို့ ကိုယ်ရဲ့လုံခြုံမှုလည်းရှိရပါမယ်။ စိတ်လုံခြုံမှုရှိဖို့ဆိုတာ ကိုယ်က ကိုယ့်အိမ်ထဲမှာလည်း လုံခြုံတယ်၊ ကိုယ့်အိမ်ပြင်ပ ထွက်သွားတဲ့အခါမှာလည်း လုံခြုံတယ်ဆိုတဲ့ လုံခြုံမှုရှိရပါမယ်။

နောက်တစ်ခုက လုံခြုံမှုဆိုတာ မနက်မိုးလင်းတာနဲ့ ကိုယ့်ရဲ့ဘဝအတွက် ပူပန်သောကမဖြစ်ရတဲ့ အနေအထားမှာ ရှိရမယ်။ မနက်ကျရင် ဝလင်လင်စားရမယ်၊ နေစရာရှိတယ်၊ ဝတ်စရာရှိတယ်၊ စားစရာရှိတယ်၊ သားသမီးရှိတဲ့ မိသားစုတွေဟာ သားသမီးကို ပညာသင်ပေးနိုင်မယ် အဲဒီလို စိတ်လုံခြုံမှုတွေရှိဖို့ရာ အင်မတန်မှ အရေးကြီးပါတယ်။ နောက်တစ်ခုက အလုပ်နဲ့ပတ်သက်လို့ လုံခြုံမှု။ ကျွန်မတို့ရဲ့ နိုင်ငံသူနိုင်ငံသားတွေထဲမှာဆိုရင် အလုပ်လက်မဲ့တွေက အင်မတန်မှ များပါတယ်။

## ကလေးတွေက ပညာသင်ချင်တဲ့ စိတ်ရှိ

ကျွန်မ ပင်လည်ဘူးကို လာတဲ့လမ်းမှာ ကျောင်းသူကျောင်းသားတွေ အများကြီးတွေ့ရပါတယ်။ လမ်းမှာ ကျောင်းသူ ကျောင်းသားတွေ တွေ့ရတယ်ဆိုရင် အမြဲတမ်း စိတ်ချမ်းသာတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနိုင်ငံမှာ ကလေးတွေက ပညာသင်ချင်တဲ့ စိတ်ရှိတယ်။ မိဘတွေကလည်း ကလေးတွေကို ပညာသင်ပေးချင်တဲ့ ဆန္ဒရှိတာ ပြလို့ပဲ။ နိုင်ငံ့အတွက် ပညာဟာ အင်မတန်မှ အရေးကြီးတယ်ဆိုတာကို ကလေးတွေ သေသေချာချာ မှတ်ထားစေချင်တယ်။ လူကြီးတွေအနေနဲ့လည်း မှတ်သားစေချင်တယ်။ ပညာဆိုတာ ကျွန်မတို့နိုင်ငံအတွက် အနာဂတ်ပဲ။ ပညာရှိတွေမွေးထုတ်နိုင်မှ ဒီနိုင်ငံရဲ့ အနာဂတ်အတွက် စိတ်ချရမှာဖြစ်ပါတယ်။ အဲဒီတော့ ပညာရှိဆိုတာ တက္ကသိုလ်ဘွဲ့ရတွေကို ပြောတာမဟုတ်ဘူးဆိုတာကို သဘောပေါက်စေချင်တယ်။ ပညာရှိဆိုတာဟာ ကိုယ့်ဘဝမှာ ရင်ဆိုင်ရမယ့်ပြဿနာတွေကို ဖြေရှင်းတတ်တဲ့သူတွေကို ပညာရှိလို့ ဒီလိုပဲ သတ်မှတ်ပါတယ်။

တက္ကသိုလ်က ဘွဲ့တွေ ဘယ်လောက်များများပဲရရ ကိုယ်ရင်ဆိုင်ရတဲ့ ပြဿနာတွေကို ဖြေရှင်းဖို့ မတတ်ဘူးဆိုရင်၊ ဖြေရှင်းနိုင်တဲ့ အစွမ်းမရှိဘူးဆိုရင် ဒါတကယ့် ပညာရှိ မဟုတ်ပါဘူး။ ဒါသင်ထားတာတွေပဲ ဖြစ်တယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ ပြည်သူပြည်သားတွေကို ပညာရှိဖြစ်စေချင်ပါတယ်။ ကိုယ့်ဘဝကို ကိုယ်ဘယ်လို မှန်မှန်ကန်ကန်နဲ့ အကောင်းဆုံး ရင်ဆိုင်နိုင်မလဲဆိုတဲ့ နည်းလမ်းတွေကို ရှာတတ်တဲ့ ပြည်သူတွေ ဖြစ်စေချင်တယ်။

## ကမ္ဘာကြီးတည်သရွေ့ တည်ရှိ

နိုင်ငံတစ်နိုင်ငံဟာ ခေတ်ပေါင်းများစွာ ကျော်လွှားရပါတယ်။ ဒီနိုင်ငံဟာ ကမ္ဘာကြီးတည်သရွေ့ တည်ရှိနေမှာပဲ။ ကမ္ဘာကြီးတည်သရွေ့ တည်ရှိနေတဲ့အချိန်မှာ ကျွန်မတို့ ဘယ်လောက် ပြဿနာတွေ ရင်ဆိုင်ရမယ်ဆိုတာ ဘယ်သူမှ ပြောလို့မရဘူး။ ဒီကမ္ဘာကြီးမှာဆိုရင် အချမ်းသာဆုံး နိုင်ငံကြီးတောင်မှ ပြဿနာတွေ မကင်းပါဘူး။ တစ်ခုပြီး တစ်ခု ဖြစ်နေတာပဲ။ အဲဒီတော့ ကျွန်မတို့လို ဖွံ့ဖြိုးစ နိုင်ငံတစ်ခုမှာ ကိုယ့်ပြဿနာတွေနဲ့ ကိုယ်ရှိတယ်။ ဒါကြောင့် ကျွန်မတို့ အားငယ်စရာမလိုပါဘူး။

## အရည်အချင်းတွေကို ထိန်းသိမ်းထား

ကျွန်မ ကမ္ဘာတစ်ဝန်းကို ရောက်ဖူးပါတယ်။ ကမ္ဘာပေါ်မှာ အကြီးဆုံး၊ အချမ်းသာဆုံးဆိုတဲ့ မြို့ကြီးတွေကိုလည်း ရောက်ဖူးပါတယ်။ သို့သော်ငြားလည်း ဒီမြို့ကြီးတွေမှာ၊ ဒီနိုင်ငံကြီးတွေမှာရှိတဲ့ ပြည်သူပြည်သားတွေမှာ မရှိတဲ့ အရည်အချင်းတွေ ကျွန်မတို့ ပြည်သူတွေမှာ ရှိတယ်။ ဒီလိုကောင်းတဲ့ အရည်အချင်းတွေကို ထိန်းသိမ်းထားရမယ်။ သူတို့ သာတာတွေလည်းရှိတယ်။ ကျွန်မတို့ သာတာတွေလည်းရှိတယ်။ ကိုယ်သာတဲ့ အချက်တွေကို ကိုယ်ထိန်းသိမ်းထားရမယ်။

ဥပမာဆိုရင် ကမ္ဘာတစ်ဝန်းမှာ စစ်တမ်းကောက်လိုက်တဲ့အခါ သူတို့ ဘာတွေ့သလဲဆိုတော့ ဒီမြန်မာနိုင်ငံက ပြည်သူလူထုတွေလောက် ရက်ရောတာ၊ ပေးကမ်းဝေမျှတဲ့ လူမျိုးမရှိဘူးဆိုပြီး သူတို့ သတ်မှတ်ပါတယ်။ ဒါတောင်မှ ကျွန်မတို့ နိုင်ငံဟာ ကမ္ဘာပေါ်မှာ အဆင်းရဲဆုံးနိုင်ငံတွေထဲမှာ ပါတယ်လို့ ပြောရမှာပဲ။ ဖွံ့ဖြိုးမှုအနည်းဆုံး၊ အဆင်းရဲဆုံး နိုင်ငံတွေထဲမှာ ပါတယ်ဆိုပေမယ့်၊ ကျွန်မတို့ရဲ့ ပြည်သူလူထုဟာ ကမ္ဘာပေါ်မှာ အရက်ရောဆုံး၊ ပေးကမ်းလှူဒါန်းမှုမှာ စိတ်ပါဝင်စားဆုံး၊ အင်အားအများဆုံး ပြည်သူတွေဆိုပြီး သူတို့သတ်မှတ်ပါတယ်။ ဒါဟာ ကျွန်မတို့ရဲ့ မေတ္တာ၊ စေတနာရဲ့ အကျိုးပေးလို့ ထင်မိပါတယ်။

အဲဒီတော့ ကျွန်မတို့ တစ်ယောက်နဲ့ တစ်ယောက် မျှတချင်တဲ့စိတ်၊ နောက်ဆုံးမှာ မျှဝေချင်တဲ့စိတ်ပါ။ မျှဝေချင်တဲ့စိတ်လောက် ကျွန်မတို့ လူ့အသိုင်းအဝန်းမှာ အရေးကြီးတဲ့ စိတ်ဓာတ်မရှိဘူး။ ကိုယ့်မှာ ကောင်းတာတွေကို မျှဝေရမယ်။ အဲဒီလိုဆိုရင် ကိုယ်က စိတ်ဆင်းရဲမှုရှိရင်လည်း ကိုယ့်ရဲ့ စိတ်ဆင်းရဲမှုတွေကို မျှဝေပေးမယ့် လူတွေ ပေါ်လာမှာပါ။ ကမ္ဘာကြီးမှာ၊ လောကမှာ အပေးအယူက အမြဲရှိပါတယ်။ ဒီအတိုင်း ကျွန်မတို့ အချင်းချင်းကြားမှာ မေတ္တာတွေ မျှဝေမယ်ဆိုရင် ကျွန်မတို့ နိုင်ငံဟာ ဖွံ့ဖြိုးမယ်၊ တိုးတက်မယ်၊ ပြဿနာတွေကို ကြံ့ကြံ့ခံနိုင်မယ်။

## ဘယ်ပြဿနာကိုမဆို ကျွန်မတို့ရင်ဆိုင်

ကျွန်မ နိုင်ငံရေးလုပ်တဲ့ သက်တမ်းတစ်လျှောက်မှာ တချို့က မေးပါတယ်။ အခက်အခဲတွေရှိရင် ဘယ်လိုရင်ဆိုင်သလဲ၊ ဒီအခက်အခဲတွေကြောင့် စိုးရိမ်ကြောင့်ကြမှုတွေ မပိုသွားအောင် ဘယ်လိုလုပ်သလဲ၊ တကယ်တော့ အကောင်းဆုံးက ကိုယ့်အပေါ်မှာ မေတ္တာထားမယ့် ရဲဘော်ရဲဘက်များ၊ မိတ်ဆွေများ ရှိခြင်းပါ။ ကိုယ်နဲ့အတူ ခံမယ်ဆိုတဲ့ ရဲဘော် ရဲဘက်တွေ၊ မိတ်ဆွေတွေရှိတယ်ဆိုရင် ဘယ်ပြဿနာကိုမဆို ကျွန်မတို့ ရင်ဆိုင်ဖို့ဟာ ခက်ခဲတယ်လို့ မရှိတော့ပါဘူး။

## ဆက်ပြီးလျှောက်ဖို့ဟာ ပိုပြီးလွယ်လာ

ကျွန်မ အမြဲဥပမာ ပေးပါတယ်။ တစ်ယောက်တည်း တောနက်ကြီးထဲမှာ လျှောက်သွားရရင် စိုးရိမ်စိတ်ရှိတယ်။ ကိုယ်နဲ့ နောက်တစ်ယောက်ပါတယ်ဆိုရင် ဒီစိုးရိမ်စိတ်က နည်းနည်းကျသွားတယ်။ ဒါဟာ ဓမ္မတာပဲ။ ညမှောင်မှောင်ကြီးထဲမှာ၊ လူခေါင်တဲ့လမ်းမှာ ကိုယ်တစ်ယောက်တည်း လျှောက်ရတာနဲ့၊ ကိုယ့်မိတ်ဆွေတစ်ယောက်နဲ့အတူ လျှောက်ရတာနဲ့မတူပါဘူး။ သူစိမ်းတစ်ယောက်နဲ့ လျှောက်ရတယ်ဆိုရင်တောင် နောက်တစ်ယောက်ရှိနေတယ်ဆိုရင် ကိုယ့်မှာ အင်အားပြည့်တယ်။ ဒါပေမယ့် ကိုယ့်ရဲ့ မိတ်ဆွေ၊ ကိုယ့်လက်တွဲပြီး ကိုယ်ခလုတ်တိုက်ရင် ဖေးမပေးမယ့် မိတ်ဆွေတစ်ယောက်ပါတယ်ဆိုရင် ဘယ်လိုပဲ လမ်းက မှောင်နေပါစေ၊ ဘယ်လိုပဲလမ်းက ခက်ခဲနေပါစေ ဆက်ပြီးလျှောက်ဖို့ဟာ ပိုပြီးလွယ်လာပါတယ်။

*စာမျက်နှာ ၆ သို့*




နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပင်လည်ဘူးမြို့ အားကစားခန်းမ၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ သတင်းစဉ်

*စာမျက်နှာ ၅ မှ*

အထူးသဖြင့် ကလေးတွေ၊ လူငယ်တွေဟာ ငယ်ငယ်ကတည်းက ဒီလိုစိတ်တွေကို မွေးကြပါ။ အချင်းချင်း စာနာတဲ့ စိတ်၊ အချင်းချင်းကူညီချင်တဲ့စိတ်၊ အချင်းချင်း မေတ္တာနဲ့ ကိုယ့်ရဲ့ အကောင်းတွေ၊ ကိုယ့်မှာရှိတဲ့ ကောင်းရာရာတွေကို မျှဝေပြီးပေးချင်တဲ့စိတ်၊ အဲဒီလိုစိတ်တွေကို ကျွန်မတို့ရဲ့ လူငယ်တွေက မွေးကြမယ်ဆိုရင် ကျွန်မတို့ နိုင်ငံတည်သရွေ့ အမြဲတိုးတက်ပြီး သာယာသွားမယ့် နိုင်ငံတစ်ခု ဖြစ်လာမှာပါ။ အချင်းချင်းအပေါ်မှာ စေတနာမရှိဘူး။ တစ်ယောက်နဲ့တစ်ယောက်အပေါ်မှာ စိတ်ဓာတ်က မကောင်းဘူးဆိုရင် ဘယ်လောက်ပဲ ဒီနိုင်ငံကြီး ချမ်းသာပါစေ ကျွန်မတို့ရဲ့ ပြည်သူတွေ ချမ်းသာနိုင်မှာမဟုတ်ပါဘူး။

## နိုင်ငံရေးဆိုတာ နိုင်ငံ့ရဲ့ အရေးပါ

နိုင်ငံရေးနဲ့ပတ်သက်လို့ ကျွန်မ နည်းနည်းပြောချင်ပါတယ်။ နိုင်ငံရေးဆိုတာ တချို့တွေက ဘာထင်သလဲဆိုတော့ နိုင်ငံရေးဆိုတာ နိုင်ငံရေးပါတီတစ်ခုထဲမှာဝင်ပြီး လုပ်မှ နိုင်ငံရေးလို့ ထင်ပါတယ်။ တကယ်တော့ မဟုတ်ပါဘူး။ နိုင်ငံရေးဆိုတာ လူတိုင်း၊ လူတိုင်းနဲ့ဆိုင်တယ်။ နိုင်ငံရေးဆိုတာ နိုင်ငံ့ရဲ့ အရေးပါ။ ကိုယ့်နိုင်ငံရဲ့ အရေးဆိုတာ ဒီနိုင်ငံမှာနေတဲ့ လူတိုင်းနဲ့ဆိုင်တယ်။ ဒီနိုင်ငံမှာ မနေတော့တဲ့ လူတွေနဲ့တောင် ဆိုင်တယ်။ ကိုယ့်မှာ မေတ္တာရှိသေးတယ်၊ သံယောဇဉ်ရှိသေးတယ်ဆိုရင် ဒီနိုင်ငံမှာ ဘာဖြစ်နေသလဲဆိုတာကို ပြင်ပကနေလေ့လာပြီး အတူတူခံစားမယ်၊ အတူတူ စံစားမယ်ဆိုတဲ့ စိတ်ဓာတ်တွေရှိတတ်ပါတယ်။

ကျွန်မ အရင်လက နိုင်ငံခြားမှာသွားပြီး အပြည်ပြည်ဆိုင်ရာတရားရုံးမှာ အမှုရင်ဆိုင်တဲ့အခါ နိုင်ငံခြားမှာနေတဲ့ ကျွန်မတို့ရဲ့ ပြည်သူပြည်သားတွေ တော်တော်များက ရောက်လာတယ်။ ရောက်လာပြီး ကျွန်မတို့ကို အားပေးချင်လို့၊ ပံ့ပိုးချင်လို့၊ ကျွန်မတို့ဘက်ကနေ ရပ်တည်ပေးချင်လို့ပါ။ ဒီပြည်သူတွေ တော်တော်များများဟာ တကယ်တော့ ကျွန်မတို့ နိုင်ငံသားတွေ မဟုတ်တော့ပါဘူး။ နိုင်ငံခြားမှာနေပြီး တခြားနိုင်ငံသား ခံယူထားတဲ့သူတွေ ဖြစ်ပါတယ်။ သို့သော် သူတို့ရဲ့ စိတ်တွေ၊ သူတို့ရဲ့ နှလုံးသားတွေ၊ သူတို့ရဲ့ သံယောဇဉ်တွေဟာ ကျွန်မတို့နဲ့ပဲ ရှိပါတယ်။

## တစ်ယောက်ချင်း ကြိုးစား

အရေးကြီးပြီဆိုတော့ တစ်ခါတည်း သွေးနီးတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ရောက်လာကြပါတယ်။ အဲဒီလိုဖြစ်ဖို့ အင်မတန်မှ ခဲယဉ်းပါတယ်။ ဒီဝန်းရံကြတဲ့သူတွေက သူဌေးသူကြွယ်တွေ မဟုတ်ပါဘူး။ သူတို့ရဲ့ ချွေးနဲ့စာလေးနဲ့ အကုန်အကျခံပြီး စရိတ်စကခံပြီး ရောက်အောင်လာပြီး ကျွန်မတို့ကို အားပေးတာ၊ ဝန်းရံတာ ဖြစ်ပါတယ်။ ဒါ ကျွန်မတို့ နိုင်ငံအပေါ်မှာ မေတ္တာထားတယ်၊ စေတနာထားတယ်၊ သံယောဇဉ်မပျက်ဘူးဆိုတာ ပြတာပါ။ ကျွန်မတို့ ဒီလိုစိတ်ဓာတ်တွေနဲ့သာ ဆက်သွားမယ်ဆိုရင် ကျွန်မတို့ နိုင်ငံဟာ တစ်နေ့နေ့၊ တစ်ချိန်ချိန်မှာ ကမ္ဘာကနေပြီး အသိအမှတ်ပြုရတဲ့၊ လေးစားရတဲ့၊ ကြည်ညိုရတဲ့ နိုင်ငံတစ်ခု ဖြစ်လာနိုင်ပါတယ်။ ဒီလိုဖြစ်လာဖို့ လူတိုင်း လူတိုင်း၊ တစ်ယောက်ချင်း၊ တစ်ယောက်ချင်း ကြိုးစားရမယ်။

အခုပင်လည်ဘူးမြို့က ပြည်သူပြည်သားတွေလည်း ကြိုးစားရမယ်။ ငါတို့မြို့လေးက အရေးပါတဲ့မြို့ မဟုတ်ဘူးဆိုတဲ့စိတ် ဘယ်တော့မှမထားပါနဲ့။ မြို့တိုင်း၊ မြို့တိုင်းဟာ ရွာတိုင်း၊ ရွာတိုင်း ဒီလိုပဲ ဒီနိုင်ငံမှာ အရေးကြီးပါတယ်။ ရွာတိုင်း၊ မြို့တိုင်းမှာရှိတဲ့ ပြည်သူတွေ တစ်ဦးချင်း၊ တစ်ဦးချင်းကလည်း အရေးကြီးပါတယ်။ အဲဒီတော့ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားပါ။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားသောအားဖြင့် လမ်းမှန်ကိုလျှောက်ပါ။ သိပ်ပြီး တန်ဖိုးရှိတဲ့ ပစ္စည်းတစ်ခုဆိုရင် ဘယ်သူကမှ ဖုန်ထဲ၊ သဲထဲမှာ ပစ်ထားမှာမဟုတ်ပါဘူး။ တန်ဖိုးမရှိတဲ့ ကျောက်ခဲလေး တစ်လုံးဆိုရင် ဖုန်ထဲ၊ သဲထဲပစ်ချလိုက်လို့ ရတယ်။ တန်ဖိုးရှိတဲ့ စိန်တုံးကို ဘယ်သူကမှ ဖုန်ထဲ၊ သဲထဲမှာ ပစ်ချထားမှာ မဟုတ်ပါဘူး။

## ကိုယ်ကျင့်သီလကိုထိန်း

ဒီလိုပဲ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားရင် ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ရမယ်။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးရှိအောင်နေရမယ်။ ပထမဦးဆုံး ကိုယ်ကျင့်သီလကို ထိန်းရမယ်။ ကိုယ်ကျင့်သီလကို ထိန်းခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ် တန်ဖိုးရှိအောင် လုပ်ထားရမယ်။ အဲဒီလိုလုပ်တဲ့အခါမှာ တစ်ခါတလေ ကျွန်မတို့ မှားတာတွေရှိပါတယ်။ ကိုယ်ဖြစ်စေချင်သလို မဖြစ်တာ၊ ကိုယ်ထင်သလို၊ ကိုယ်မျှော်မှန်းသလို မတိုးတက်တာ၊ မအောင်မြင်နိုင်တာ၊ အဲဒီလိုဖြစ်တဲ့အခါကျရင် စိတ်ဓာတ်မကျပါနဲ့။ လူတိုင်းလူတိုင်း ဆက်လက်ပြီး မျှော်လင့်ချက်နဲ့ ကြိုးစားနိုင်တဲ့ အခွင့်အရေးရှိပါတယ်။ အဓိကဟာ ကြိုးစားခြင်းပါပဲ။ ဝီရိယစိုက်ထုတ်ခြင်းဖြစ်ပါတယ်။ ဒီတစ်ခါ မအောင်မြင်ရင် နောက်တစ်ခါ အောင်မြင်နိုင်တယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဆက်ပြီး လုပ်စေချင်ပါတယ်။




နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပင်လည်ဘူးမြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် ကျောင်းသား ကျောင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ဒီလိုလုပ်မှသာလျှင် ကျွန်မတို့ရဲ့ နိုင်ငံဟာ တိုးတက်နိုင်မှာပါ။ ကျွန်မတို့ နိုင်ငံကို တိုးတက်စေချင်တယ်ဆိုပြီး အတန်တန်ပြောနေရတဲ့ အကြောင်းရင်းက ကျွန်မတို့ နိုင်ငံဟာ တိုးတက်ဖို့လိုလို့ပါ။ ဒီလိုဒေသတွေကို လာလို့ရှိရင်၊ နန်းယွန်းလိုဒေသတွေကို သွားလို့ရှိရင် ပိုပြီး ဒါဟာ ထင်ရှားပါတယ်။ ကျွန်မတို့နိုင်ငံမှာ တိုးတက်ဖို့ လိုအပ်နေတဲ့ ဒေသတွေ အများကြီးရှိပါတယ်။ တိုးတက်ဖို့လိုအပ်နေတဲ့ ပြည်သူတွေ အများကြီးရှိပါတယ်။ အဲဒါကြောင့် ကျွန်မတို့ အားလုံး တစ်ယောက်နဲ့တစ်ယောက် ကူညီကြပါ။ အစိုးရတစ်ခုတည်း ဘယ်တော့မှ လုပ်ပေးနိုင်တာ မဟုတ်ပါဘူး။ တချို့တွေက အမျိုးမျိုး ကတိတွေပေးကြပါတယ်။ အကောင်းဆုံးဖြစ်အောင် လုပ်မယ်၊ အားလုံးပြဿနာတွေ ပြေလည်သွားအောင်လုပ်မယ်၊ ပြဿနာတွေ ပျောက်ကင်းသွားအောင် လုပ်မယ်ဆိုပြီး ပြောပါတယ်။ ဒါတကယ်တော့ မလုပ်နိုင်ပါဘူး။

## စည်းလုံးညီညွတ်တဲ့အင်အားတစ်ခုရှိ

ပြည်သူလူထုပါမှ တစ်ခုချင်း၊ တစ်ခုချင်း၊ တစ်ထစ်ချင်း၊ တစ်ထစ်ချင်း ကျွန်မတို့နိုင်ငံ တိုးတက်အောင်လို့ လုပ်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ ပြည်သူတွေက လှိုက်လှိုက်လှဲလှဲ ကြိုဆိုတယ်ဆိုရင် ကျွန်မတို့အတွက် ဘာအားတက်ရသလဲဆိုတော့ ပြည်သူတွေမှာ စည်းလုံးညီညွတ်တဲ့ အင်အားတစ်ခုရှိတယ်။ စည်းလုံးပြီး ဒီလိုအခမ်းအနားတစ်ခုမှာ စုရုံးပြီးတက်သလို၊ စည်းလုံးပြီး ကျွန်မတို့ နိုင်ငံရင်ဆိုင်ရမယ့် ပြဿနာတွေကို ရင်ဆိုင်ဖြေရှင်းနိုင်တဲ့ အရည်အချင်းရှိတယ်ဆိုတဲ့ ယုံကြည်ချက်ဖြစ်လာလို့ ကျွန်မတို့ အင်မတန်မှ ဝမ်းသာအားရ ဖြစ်ပါတယ်။

ကျွန်မတို့ ဒီလိုလာတဲ့အခါမှာ ပြည်သူတွေရဲ့အသံကို နားထောင်ချင်တယ်ဆိုပြီး ကျွန်မတို့ အမြဲတမ်းမေးခွန်းတွေ မေးဖို့အားပေးပါတယ်။ ပင်လည်ဘူးမှာ ကျွန်မတို့ လာတာ နောက်ကျတဲ့အတွက် တင်ထားတဲ့မေးခွန်းတွေ အားလုံးကို ဖတ်ပြပြီး ဒီမှာအကုန်ဖြေဖို့ အချိန်မရှိပါဘူး။ ဒါပေမယ့် မေးထားတဲ့ ပုဂ္ဂိုလ်တွေအားလုံးကို အဖြေတွေပေးပါမယ်။ နောက်ထပ် မေးချင်တာတွေရှိရင်လည်း ကျွန်မတို့ဆီကို စာရေးပြီး မေးလို့ရပါတယ်။ ဒီမှာ တိုင်စာဌာန ဖွင့်ထားပါတယ်။

ကျွန်မ ဘယ်သွားသွား တိုင်စာဌာန ဖွင့်ပါတယ်။ ပြည်သူလူထုက တိုင်ဖို့ရယ်လို့ မဟုတ်ပါဘူး။ တိုင်ချင်ရင်လည်း တိုင်လို့ရပါတယ်။ မေးချင်တာရှိရင်လည်း မေးဖို့၊ ပြောချင်တာရှိရင်လည်း ပြောဖို့၊ ဘာလို့လဲဆိုရင် တိုင်စာဌာနကို ပေးလိုက်တဲ့ စာတွေအားလုံးက ကျွန်မတို့ ရုံးကို ရောက်ပါတယ်။ ဘယ်သူပဲဖြစ်ဖြစ် တိုင်စာဌာနကို စာရေးတယ်ဆိုလို့ရှိရင် ကိုယ့်ရဲ့စာကို ဖတ်မယ့်သူရှိတယ်၊ သေသေချာချာလေ့လာပြီး အဖြေပေးစရာရှိတာ ပေးမယ့်သူရှိတယ်ဆိုတာကို ယုံကြည်စေချင်ပါတယ်။ ဒီလို တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုရှိမှလည်း ဆက်ပြီး လက်တွဲနိုင်မှာပါ။

ဒီမှာပြောနေတုန်း အရှေ့မှာ ကလေးတွေက များနေတဲ့အခါကျတော့ ကလေးတွေကို ဦးတည်ပြီး ပြောချင်တဲ့စိတ်က ဖြစ်လာတယ်။ လူကြီးတွေက နောက်မှာဆိုတော့ နောက်က စောင့်ကြပါ။ ကလေးတွေကို ပညာရှိတွေဖြစ်အောင် လုပ်ကြပါ။ တစ်ယောက်တည်းအတွက် မဟုတ်ဘူး။ ကိုယ့်မိသားစုအတွက်၊ ကိုယ့်ရပ်ရွာအတွက်၊ ကိုယ့်နိုင်ငံအတွက်။ နောက်တစ်ခုက ကျန်းမာရေးကို ဂရုစိုက်ကြပါလို့ ပြောချင်ပါတယ်။ ကလေးတွေက ကျန်းမာရေးကို ဂရုစိုက်နိုင်ဖို့ဆိုတာ မိဘတွေရဲ့ အခြေအနေအပေါ်မှာ မူတည်ပါတယ်။ ပထမဦးဆုံးကလေးတွေ အာဟာရပြည့်ဝအောင် စားဖို့လိုပါတယ်။ ဒါကလည်း မိဘက ဘယ်လောက်အထိ တတ်နိုင်သလဲအပေါ်မှာ မူတည်ပါတယ်။ ဒါပေမယ့် မိဘတွေကလည်း ကလေးတွေကို ကျွေးတဲ့အခါမှာ အာဟာရပြည့်ဝတဲ့ အစားအစာတွေကို ကျွေးပါ။ အာဟာရမရှိတဲ့ သရေစာတွေ ကျွေးမယ့်အစား၊ ဥပမာ – ဖီးကြမ်းငှက်ပျောသီးဆိုရင် အင်မတန်မှ အာဟာရရှိပါတယ်။ ပဲဆိုရင်လည်း အာဟာရရှိပါတယ်။ အာဟာရရှိတဲ့ အစားအစာတွေကို ကျွေးပါလို့ ပြောချင်ပါတယ်။

ကလေးတွေ ငယ်ငယ်ကတည်းက အစားအစာ စားသောက်တဲ့နေရာမှာ ကောင်းတဲ့အလေ့အကျင့်တွေ ရှိစေချင်ပါတယ်။ တစ်ခုသတိပေးမယ်။ ကွမ်းယာရောင်းတဲ့သူတွေက စိတ်မဆိုးကြပါနဲ့၊ ကွမ်းမစားကြပါနဲ့လို့ တိုက်တွန်းချင်တယ်။ ဒါက ပထမပါ။ ဒါကလည်း ကွမ်းယာရောင်းတဲ့ ပြည်သူပြည်သားတွေရဲ့ အနေအထားကို မသိလို့ ပြောတာ မဟုတ်ပါဘူး။ ဒါကို ဘယ်လိုလုပ်ပေးရမလဲဆိုတာ ကျွန်မတို့ အမြဲစဉ်းစားပါတယ်။ ဒါကိုသာ မစဉ်းစားရင် ကွမ်းယာရောင်းခွင့် ဘယ်ပေးမလဲ။ ဒါပေမယ့် ကွမ်းယာရောင်းခွင့်မပေးရင်လည်း ကွမ်းယာရောင်းတဲ့သူတွေ ကွမ်းစိုက်တဲ့သူတွေအတွက် ဒါဟာ အခက်အခဲဖြစ်မယ်ဆိုတာ သိလို့၊ ဒီလိုတော့လည်း မလုပ်ပါဘူး။ ကွမ်းစားခြင်းဟာ ကိုယ့်ရဲ့ကျန်းမာရေးကို ထိခိုက်ပါတယ်။ အလှပျက်လိမ့်မယ်။ အဲဒါကို ရှောင်ကြပါလို့ တိုက်တွန်းချင်ပါတယ်။ ပတ်ဝန်းကျင် ညစ်ညမ်းတယ်။ ကွမ်းတံတွေးထွေးတယ်ဆိုတာ ကိုယ့်ပတ်ဝန်းကျင်ကို ညစ်နွမ်းစေတယ်။ အဲဒါတွေလည်း မလုပ်ပါနဲ့လို့ ပြောချင်ပါတယ်။

## ဆေးလိပ်သောက်ခြင်းရှောင်ကြပါ

နောက်တစ်ဆင့် ပြောရမယ်ဆိုရင် အရက်သေစာသောက်စားခြင်းကို ရှောင်ကြပါ။ အထူးသဖြင့် ယောကျ်ားလေးတွေပါ။ ယောကျ်ားလေးတွေ နည်းနည်းလေးကြီးလာပြီဆိုရင် အရက်သောက်ချင်ကြတယ်။ အရက်က သောက်ချင်စရာအကြောင်းကို မရှိဘူး။ အရက်သောက်တယ်ဆိုတာ ပိုက်ဆံလည်းကုန်တယ်။ ကျန်းမာရေးလည်း ထိခိုက်တယ်။ ထိုနည်းငှင်းပဲ ဆေးလိပ်သောက်တယ်ဆိုတာ ပိုက်ဆံလည်းကုန်တယ်။ ကျန်းမာရေးလည်း ထိခိုက်တယ်။ ကျွန်မ အမြဲပြောပါတယ်။ ဆေးလိပ်သောက်တယ်ဆိုတာ ကိုယ့်ပိုက်ဆံကိုယ် မီးရှို့သလိုပဲ။ ကိုယ့်ပိုက်ဆံကို မီးရှို့လိုက်တာကမှ ပိုကောင်းပါတယ်။ ပိုက်ဆံမီးရှို့တာက ပိုက်ဆံကုန်ပေမယ့် ကျန်းမာရေးမထိခိုက်ဘူး။ ဆေးလိပ်ဝယ်ပြီးသောက်ရင် ပိုက်ဆံလည်းကုန်ပါတယ်။ ကျန်းမာရေးလည်း ထိခိုက်ပါတယ်။ ဆေးလိပ်သောက်ခြင်းကို ရှောင်ကြပါလို့ တိုက်တွန်းချင်ပါတယ်။

နောက်တစ်ခုက မူးယစ်ဆေးဝါးပါ။ အထူးသဖြင့် ကျွန်မတို့ လူငယ်တွေအတွက် အရေးကြီးပါတယ်။ မူးယစ်ဆေးဝါးက တစ်ခါစွဲရင် ဖြတ်လို့ရရင်တောင်မှ ကိုယ့်ရဲ့ ကျန်းမာရေးကို ထိခိုက်နိုင်ပါတယ်။ ဒီတော့ ကျွန်မတို့ လူငယ်များဟာ အခြေခံကျတဲ့ ကျန်းမာရေးကောင်းဖို့ အလေ့အကျင့်တွေကို မွေးမြူရမှာပါ။ ဂိမ်းကစားတာတွေလည်း တတ်နိုင်သမျှထိန်းပါလို့ တိုက်တွန်းချင်ပါတယ်။ ဂိမ်းကစားတာက နောက်တော့စွဲသွားရော၊ စွဲသွားတော့ ဒါကလည်း လောင်းကစားကို စွဲသလိုပဲ။ ဖွံ့ဖြိုးတဲ့နိုင်ငံတွေမှာ လူငယ်တွေ ဂိမ်းကစားတာများလို့ စိတ်ပိုင်းဆိုင်ရာ ဆရာဝန်နဲ့ကို ဖြတ်ယူရပါတယ်။

ကိစ္စတစ်ခုကို ဒီလောက်တောင်စွဲသွားပြီဆိုရင် ဒါဟာရောဂါပါပဲ။ ကလေးတွေအနေနဲ့ ဂိမ်းကစားတာကို တော်ရုံတန်ရုံဆော့ကြပါလို့ တိုက်တွန်းချင်ပါတယ်။ ကျွန်မတို့ရဲ့ ကလေးတွေ ပညာလည်းရမယ်၊ ကျန်းမာရေးလည်း ကောင်းမယ်ဆိုရင် စိတ်ချလက်ချနဲ့ ဒီနိုင်ငံကြီးကို အနာဂတ်မျိုးဆက်တွေရဲ့လက်ထဲမှာ ထားပစ်ခဲ့နိုင်မယ်။ အနာဂတ်မျိုးဆက်တွေရဲ့ လက်ထဲမှာ နိုင်ငံတစ်နိုင်ငံကို စိတ်ချလက်ချထားခဲ့နိုင်တယ်ဆိုတဲ့ဆုနဲ့ တူညီတဲ့ဆု ဘာဆုမှမရှိပါဘူး။

## ကောင်းတဲ့နမူနာတွေပြပါ

ကျွန်မတို့ နိုင်ငံကို စိတ်ချလက်ချနဲ့ နောင်မျိုးဆက်တွေလက်ထဲအပ်ပြီး ဒီလောကကြီးကနေ ထွက်သွားနိုင်တယ်ဆိုရင် ဘယ်လောက်ထိ စိတ်အေးချမ်းနိုင်မလဲ။ နောင်မျိုးဆက်တွေကလည်း ဒီလိုပဲ စိတ်အေးလက်အေးနဲ့ ဆက်ပြီး ဒီဘဝကို ဖြတ်သန်းသွားနိုင်မှာပါ။ ဒါကြောင့် လူငယ်များ ကျန်းမာရေးကို ဂရုစိုက်ပါ။ တတ်နိုင်သမျှ ကိုယ့်ရဲ့ စွမ်းနိုင်သမျှ ပညာတွေကို တိုးတက်အောင်လို့ လုပ်ပါ။ အရေးကြီးဆုံးက အချင်းချင်းကူညီပါ။ အချင်းချင်း ချစ်ခင်ပါ။ လူကြီးများကလည်း ထိုနည်းငှင်းပဲ အချင်းချင်း ချစ်ခင်ခြင်း၊ ကူညီခြင်းဖြင့် ကျွန်မတို့ရဲ့ လူငယ်တွေကို ကောင်းတဲ့ ဥပမာတွေ၊ ကောင်းတဲ့နမူနာတွေ ပြပါလို့ ကျွန်မက မေတ္တာရပ်ခံချင်ပါတယ်။

ကျွန်မ အခုလို ခရီးသွားတဲ့အခါ လိုအပ်ချက်တွေက တစ်နေရာနဲ့ တစ်နေရာက အများကြီး တူညီနေတာကို တွေ့ရပါတယ်။ ဥပမာ – လမ်း ၊ လျှပ်စစ်ဓာတ်အား၊ ကျန်းမာရေးပံ့ပိုးမှု၊ ပညာရေးပံ့ပိုးမှု၊ တစ်ခါတလေ ယဉ်ကျေးမှုနဲ့ပတ်သက်လို့ အကူအညီလေးတွေ လိုတာ၊ ဒါတွေက ကျွန်မတို့ ထပ်တလဲလဲတွေ့နေရတဲ့ ကိစ္စပါ။ ဒါတွေကို ကျွန်မတို့ အမြန်ဆုံးဖြေရှင်းပေးပါမယ်။ အတတ်နိုင်ဆုံး လုပ်ပေးပါမယ်။

နောက်တစ်ခုက အုပ်ချုပ်ရေးပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီး တိုင်တာတွေလည်း တွေ့ရပါတယ်။ အုပ်ချုပ်ရေးပိုင်းက မတရားလုပ်တယ်၊ ကူညီမစမှုမှာ အားနည်းတယ်ဆိုပြီး တိုင်တာတွေနဲ့လည်း ရင်ဆိုင်ရပါတယ်။ ဒီအတွက် ကျွန်မတို့ တာဝန်ယူပါတယ်။ ဒါဟာ အစိုးရရဲ့ တာဝန်ပါ။ အုပ်ချုပ်ရေးဘက်က တာဝန်ရှိသူများဟာ ပြည်သူလူထုအပေါ်မှာ မေတ္တာ၊ စေတနာထားပြီး တာဝန်ကျေအောင်လုပ်ဖို့ကို ကျွန်မ ထပ်တလဲလဲ ပြောနေတဲ့ကိစ္စ ဖြစ်ပါတယ်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ပင်လည်ဘူးဘက်မှာ တိုင်းရင်းသားအချင်းချင်းကြားမှာ အေးအေးချမ်းချမ်းနဲ့ နေတာတွေ့ရတဲ့အတွက် ကျွန်မ သိပ်ဝမ်းသာပါတယ်။ အင်မတန်မှ အားတက်စရာပါ။ ကျွန်မတို့နိုင်ငံရဲ့ တချို့နေရာတွေမှာ အားလုံးသိကြတဲ့အတိုင်း ငြိမ်းချမ်းရေးဆိုတာ မရသေးဘူး။ ပြည်တွင်းငြိမ်းချမ်းရေးမရသေးဘူး။ တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်နေကြတယ်။ လက်နက်ကိုင်ပြီး တိုက်ခိုက်ကြပါတယ်။

**ပန်းတိုင်ရောက်အောင် ကြိုးစား**

ကျွန်မ တစ်ခု သတိပေးချင်ပါတယ်။ တကယ် ကိုယ့်မှာ အရည်အချင်းရှိရင် ကိုယ်လိုချင်တဲ့ပန်းတိုင်ကို လက်နက်မကိုင်ဘဲနဲ့ ရောက်အောင်သွားနိုင်ရမယ်။ ကိုယ်လိုချင်တဲ့ ပန်းတိုင်ကို လက်နက်မပါဘဲ ရောက်အောင်မသွားနိုင်လို့ရှိရင် ကိုယ့်မှာ အရည်အချင်းတစ်ခုခုလိုနေလို့ပါ။ ဒါကြောင့် ကိုယ်တစ်ခုခု လိုချင်တယ်ဆိုရင် ဒီဟာကို ပညာရှိတစ်ယောက်ရဲ့ နည်းလမ်းနဲ့ ကိုယ့်ရဲ့ ပတ်ဝန်းကျင်ကို မထိခိုက်အောင်၊ အကြမ်းဖက်ဖို့ မလိုအောင်လုပ်ရပါမယ်။ လက်နက်ကိုင်တယ်ဆိုတာ အကြမ်းဖက်မှုတစ်ခုပါပဲ။ အကြမ်းဖက်ဖို့ မလိုတဲ့နည်းတွေနဲ့ ကိုယ့်ပန်းတိုင်ကို ရောက်နိုင်အောင် ကြိုးစားနိုင်တဲ့ သတ္တိတွေ၊ အစွမ်းအစတွေကို ကျွန်မတို့ ပြည်သူလူထုတွေမှာ ရှိစေချင်ပါတယ်။ ကြိုးစားကြပါ၊ ကြိုးစားရင် ဘာမဆိုဖြစ်နိုင်ပါတယ်။

**အားငယ်တဲ့စိတ် လုံးဝမရှိပါနဲ့**

ကျွန်မ ကမ္ဘာ့နိုင်ငံအများကြီးကို ရောက်ဖူးပါတယ်။ အချမ်းသာဆုံးဆိုတဲ့ မြို့ကြီးတွေကို ရောက်ဖူးပါတယ်။ အဲဒီကိုရောက်လို့ ကျွန်မ တစ်ခါမှ အားမငယ်ခဲ့ဘူး။ ငါတို့နိုင်ငံက ဆင်းရဲလို့၊ ဖွံ့ဖြိုးမှုနည်းလို့ ရှက်စရာလို့ စိတ်ထဲမှာ မရှိခဲ့ဘူး။ ဒီနိုင်ငံက အများကြီးလုပ်ဖို့ လိုသေးတယ်ဆိုတဲ့ အတွေးဝင်လာပါတယ်။ ဒါက ခဏခဏ ဝင်လာပါတယ်။ ကျွန်မတို့တွေ တိုးတက်ဖို့ လိုသေးတယ်။ တိုးတက်ဖို့လိုသလို တိုးတက်အောင်လည်း လုပ်နိုင်မယ်ဆိုတာကို ကျွန်မ အမြဲကယုံကြည်ပါတယ်။ ဒါကြောင့် အားမငယ်ကြပါနဲ့၊ ငါတို့တွေဟာ ပင်လည်ဘူးဆိုတဲ့ မြို့လေးက ပြည်သူတွေဆိုပြီး အားငယ်တဲ့စိတ်တွေ လုံးဝမရှိပါနဲ့။ ကျွန်မတို့ နိုင်ငံသူ၊ နိုင်ငံသားတစ်ယောက်ချင်း၊ တစ်ယောက်ချင်းဟာ ကျွန်မတို့ နိုင်ငံအတွက် တန်ဖိုးရှိပါတယ်။ တစ်ဦးချင်း၊ တစ်ဦးချင်းဟာ ကျွန်မတို့ နိုင်ငံအတွက် မျှော်လင့်ချက်တွေပါ။

ဘယ်သူက ဘယ်လိုအချိန်မှာ ဒီနိုင်ငံကို ဘယ်လိုပံ့ပိုးမလဲဆိုတာ ဘယ်သူမှသိတာမဟုတ်ပါဘူး။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်ပါ။ ကျွန်မတို့ တန်ဖိုးထားသလို ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားပါ။ ကျွန်မတို့ရဲ့တိုင်းဒေသကြီး

**“အချင်းချင်း စာနာတဲ့စိတ်၊ အချင်းချင်းကူညီချင်တဲ့ စိတ်၊ အချင်းချင်း မေတ္တာနဲ့ ကိုယ့်ရဲ့အကောင်းတွေ၊ ကိုယ့်မှာရှိတဲ့ ကောင်းရာရာတွေကို မျှဝေပြီးပေးချင်တဲ့ စိတ်၊ အဲဒီလိုစိတ်တွေကို ကျွန်မတို့ရဲ့ လူငယ်တွေက မွေးကြမယ်ဆိုရင် ကျွန်မတို့ နိုင်ငံတည်သရွေ့ အမြဲ တိုးတက်ပြီး သာယာသွားမယ့် နိုင်ငံတစ်ခု ဖြစ်လာမှာပါ”**

အစိုးရအဖွဲ့ဝင်တွေ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို ကျွန်မ သတိပေးချင်တာက ပြည်သူတွေနဲ့ ထိတွေ့မှုက အင်မတန်မှ အရေးကြီးပါတယ်။ ဒါက ကျွန်မ ထပ်တလဲလဲ ပြောနေတဲ့ကိစ္စပါ။ ပြည်သူတွေနဲ့ ထိတွေ့မှုရှိဖို့လိုပါတယ်။ မြို့တင်မကဘူး၊ ရွာတွေအထိ ဆင်းရပါမယ်၊ ပြည်သူတွေရဲ့အသံကို နားထောင်ရမယ်၊ ပြည်သူတွေရဲ့ လိုအပ်ချက်က ဘာတွေလဲဆိုတာ ကြည့်ပြီး ကိုယ့်အစွမ်းရှိသမျှ ဒါတွေကို ဖြည့်ဆည်းပေးရပါမယ်။ ဒီလိုလုပ်မှသာလျှင် ပြည်သူတွေက အုပ်ချုပ်ရေးယန္တရားအပေါ်မှာ ယုံကြည်မှုနဲ့ လေးစားမှုရှိမှာပါ။ အဲဒီတော့ ဆက်ပြီး ကျွန်မတို့အနေနဲ့ ကြိုးစားရသလို ပြည်သူတွေအနေနဲ့လည်း ကြိုးစားကြပါ” ဟု ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူ ၃ ဦးက ကျေးလက်လမ်းများ ကောင်းမွန်အောင်ဆောင်ရွက်ပေးရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ အမှိုက်သိမ်းရန် အချိန်မှန်လာရောက်သိမ်းဆည်းပေးရေးတို့နှင့် စပ်လျဉ်း၍ တင်ပြမေးမြန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးလက်လမ်းများ ကောင်းမွန်စေရေးအတွက် မြို့နယ်တစ်ခုအလိုက် ဆောင်ရွက်ပေးနေမှုများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိစ္စကို ပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ အုပ်ချုပ်ရေးပိုင်းဝန်ထမ်းများအနေဖြင့် ပြည်သူအပေါ် တာဝန်အရမဟုတ်ဘဲ စေတနာထား လုပ်ဆောင်ပေးရန်လိုကြောင်း ပြောကြားသည်။

**လမ်းညွှန် မှာကြား**

တွေ့ဆုံပွဲတွင် ကြိုတင်တင်ပြမေးမြန်းထားသည့် ပင်လည်ဘူးမြို့နယ် ချောင်းကွေ့ရွာမှ ဦးသိန်းလွင်က ငါးကြေးအင်း- ချောင်းကွေ့ကျေးရွာချင်းဆက်လမ်းအား မြေသားလမ်းဖောက်လုပ်ပေးရေး၊ ချင်းကုန်းကျေးရွာမှ ဦးတင်လှိုင်က ချင်းကုန်းရွာအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးရေး၊ မြို့မရပ်ကွက်မှ ဦးမောင်ကိုက မြို့မ(၂)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးရေးနှင့် ဖွံ့ဖြိုးရေးသိပ္ပံကျောင်းခွင့်ပြုပေးရေး၊ မိုးကောင်းရပ်ကွက်မှ ဦးမောင်ရွှေက မြို့မ(၁)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးရေး၊ ကဘာကျေးရွာမှ ဦးအောင်ခွေးက ကဘာကျေးရွာကျန်းမာရေးဌာနခွဲ တစ်ခုခွင့်ပြုပေးရေး၊ တောင်မော်ကျေးရွာမှ ဦးမောင်စိန်က တောင်မော်ကျေးရွာ၌ ကျန်းမာရေးဌာနခွဲ တစ်ခု ခွင့်ပြုပေးရေး၊ တုံမွန်းကျေးရွာမှ ဦးမြင့်ဇော်က တုံမွန်းကျေးရွာတွင်(၁၆) ခုတင်ဆံ့ဆေးရုံ တည်ဆောက်ပေးရေး၊ မိုးကောင်းကျေးရွာမှ ဦးမောင်ဝင်းက ပင်လည်ဘူးမြို့တွင် မူးယစ်ဖြတ်စခန်း တည်ထောင်ပေးရေးနှင့် ပင်လည်ဘူးမြို့နယ်မြောက်ပိုင်း (၁၆)အုပ်စုတွင် နယ်မြေရဲကင်းချထားပေးရေး၊ မြို့မရပ်ကွက်မှ ဦးတင်ဦးက ဝန်ထမ်းများအတွက် ဒေသစရိတ် ခွင့်ပြုပေးရေး၊ မြို့မရပ်ကွက်မှ ဦးချစ်ဦးက ကောလင်း - ပင်လည်ဘူး ကားလမ်းအား အဆင့်မြှင့်တင်ပေးရေး၊ မြို့မကျေးရွာမှ ဦးချစ်ဝင်းက ဝါးယောချောင်းတံတားအား အသစ်တည်ဆောက်ပေးရေး၊ ကဘာကျေးရွာမှ ဦးစင်းမောင်က မကျီးပင်- ကဘာကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းဆောင်ရွက်ပေးရေး၊ ငွေးချိုကျေးရွာမှ ဦးသိန်းဇော်က ငွေးချိုကျေးရွာချင်းဆက်လမ်းအား ပြုပြင်ပေးရေးနှင့် မြေကုလား- သာယာကုန်းကျေးရွာအထွက် တံတားနှစ်စင်းအား ပြုပြင်ပေးရေး၊ နွယ်လိမ်ကျေးရွာမှ ဦးမြင့်ရွှေက နွယ်လိမ်ကျေးရွာအဝင် မူးမြစ်ကူး ဘေလီတံတားတစ်စင်း ဆောင်ရွက်ပေးရေး၊ တောင်မော်ကျေးရွာမှ ဦးမောင်စိန်က တောင်မော်-မြောက်မော် ကျေးရွာကြားရှိ မြောက်မော်ချောင်းတံတားဆောက်လုပ်ပေးရေး၊ တုံမွန်းကျေးရွာမှ ဦးဝင်းမြင့်ဇော်က ထမံမောက်ဒေသ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင်ဆောင်ရွက်ပေးရေး၊ သင်ပေါင်းကျင်းကျေးရွာမှ ဦးစိုးလွင်က သင်ပေါင်းကျင်း- မိချောင်းအင်း မူးမြစ်ကူးတံတား ဆောင်ရွက်ပေးရေး၊ သိမ်ဇင်ကျေးရွာမှ ဦးဘိုးချင်းက ပေကုန်း- သိမ်ဇင်ကျေးရွာ မြေသားလမ်းအား ကတ္တရာလမ်းအဆင့်တိုးမြှင့်ပေးရေးနှင့် အဂ္ဂရွာချောင်းကူးတံတား၊ မှန်ကင်းချောင်းကူးတံတား၊ ရေရှင်ငယ်ချောင်းကူးတံတားတို့အား သံကူကွန်ကရစ် တံတားဆောက်လုပ်ပေးရေး၊ မော်လင်ကျေးရွာမှ ဦးအောင်ဖြူက မော်လင်- တောင်ခြေရင်းကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းဆောင်ရွက်ပေးရေး၊ ကိုးယောက်ကျေးရွာမှ ဦးထွန်းဝေက ကိုးယောက်ကျေးရွာ၏ တောင်ဘက်မူးမြစ် ကမ်းပါးရေတိုက်စားနေသည့် ၂ ဖာလုံအား ကမ်းထိန်းနံရံဆောင်ရွက်ပေးရေး၊ မြို့မရပ်ကွက်မှ ဦးချစ်ဦးက မူးမြစ်ကမ်းပါးထိန်းနံရံဆောင်ရွက်ပေးရေး၊ စေတီဦးကျေးရွာမှ ဦးမြင့်ရွှေက စေတီဦးကျေးရွာ ကိုယ်ထူကိုယ်ထကျောင်းဆောက်လုပ်နေသဖြင့် ပံ့ပိုးကူညီပေးရေး၊ မြို့မရပ်ကွက်မှ ဦးတင်ဦးက ပင်လည်ဘူးမြို့တွင် တက္ကသိုလ်တစ်ခုဖွင့်လှစ်ပေးရေး၊ ကဘာကျေးရွာမှ ဦးအောင်ခွေးက ကဘာကျေးရွာတွင် ဆက်သွယ်ရေးတာဝါတိုင်တစ်ခု စိုက်ထူပေးရေးတို့နှင့် စပ်လျဉ်းသည့် တင်ပြမေးမြန်းချက်များအပေါ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သက်ဆိုင်ရာကဏ္ဍ အလိုက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကိစ္စတစ်ခုချင်းအလိုက် တွေ့ဆုံရှင်းလင်းဆွေးနွေးရန် လမ်းညွှန်မှာကြားခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောင်းသား၊ ကျောင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ပင်လည်ဘူးမြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ဟုမ္မလင်းမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဦးအုန်းမောင်တို့ နီပေါနိုင်ငံမှ Bungee Jumping လုပ်ငန်းဆောင်ရွက်နေသည့် The Last Resort အဖွဲ့နှင့် တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တို့သည် နီပေါနိုင်ငံမှ Bungee Jumping လုပ်ငန်းဆောင်ရွက်နေသည့် The Last Resort မှ Executive Director နှင့်အဖွဲ့ကို ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ တွေ့ဆုံခဲ့သည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှု၊ နီပေါနိုင်ငံ The Last Resort ၏ Bungee Jumping နှင့် အခြား ခရီးသွားဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေမှု၊ စွန့်စားခရီးစဉ်နှင့် အားကစားခရီးစဉ်များအတွက် ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အာမခံထားရှိဆောင်ရွက်ရေးဆိုင်ရာများ၊ နီပေါနိုင်ငံတွင် Bungee Jumping နှင့်စပ်လျဉ်း၍ ခရီးသွားညှိသည့် ဝင်ရောက်မှုများနှင့် အားကစားခရီးသွားလုပ်ငန်းကို အထောက်အကူပြုမည့် Bungee Jumping ကို အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံနှင့် သင့်တော်မည့် ခရီးစဉ်ဒေသများကို လေ့လာ၍ ဆောင်ရွက်နိုင်ရေးဆိုင်ရာများ၊ မြန်မာနိုင်ငံတွင် အားကစားအခြေပြု ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

**တန်းတူညီမျှ . . . အခွင့်အရေးရ**
**ငြိမ်းချမ်းသာယာ . . . ပြည်ထောင်စုမှာ၊**
**တန်းတူညီမျှ . . . တာဝန်ယူကြ**
**လုံခြုံခိုင်မာ . . . ပြည်ထောင်စုမှာ။**

# ပြည်ထောင်စုနေ့အကြိုဟောပြောပွဲ ကျိုက်မရောမြို့နယ်၌ ကျင်းပ

**ကျိုက်မရော ဇန်နဝါရီ ၂၁**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အသိပညာတိုးပွားရေးအတွက် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဟောပြောပွဲနှင့် မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဟောပြောပွဲကို ဇန်နဝါရီ ၂၀ ရက်က နောင်လုံ မူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံနှင့် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာများကို အသိပညာပေးဟောပြော၍ ကျောင်းသား ကျောင်းသူများ လေ့လာကြည့်ရှုနိုင်ရန် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြခန်းများနှင့် လူကုန်ကူးမှုဆိုင်ရာ ပညာပေးနံရံကပ်စာစောင်များ၊ ဓာတ်ပုံများကို ခင်းကျင်းပြသခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# ICJ နှင့် မြန်မာနိုင်ငံ စကားဝိုင်းကျင်းပ


သတင်းအဖွဲ့

ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ) ၌ တရားစွဲဆို လျှောက်ထားမှုကို ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ကြားဖြတ်အစီအမံ (Provisional Measures) ချမှတ်မည်ဟု သိရှိရသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဇန်နဝါရီလ ၁၉ ရက်နေ့ ညပိုင်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ICJ နှင့် မြန်မာနိုင်ငံ စကားဝိုင်းကို ထုတ်လွှင့်ခဲ့သည်။

အဆိုပါ စကားဝိုင်းကို ဦးဆောင်ဆွေးနွေးသူအဖြစ် ဦးကိုကို(စက်မှုတက္ကသိုလ်)က ဆောင်ရွက်ပြီး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ (ပူးတွဲကိုယ်စားလှယ်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါက်တာသီတာဦး(အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)၊ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ် ရှေ့နေကောင်စီ၏ အသိအမှတ်ပြုရှေ့နေ ဦးသီဟန်မျိုးညွန့်(အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့) နှင့် ဝါရှင်တန်ဒီစီအခြေစိုက် Law Firm တွင် ရှေ့နေအဖြစ် လုပ်ကိုင်ခဲ့ဖူးသူ၊ ဥပဒေရေးရာအကြံပေးအဖွဲ့ဝင် ဦးကျော်တင်(အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ICJ နှင့် မြန်မာနိုင်ငံ စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသူများ၏ ဆွေးနွေးချက်များကို ဖော်ပြအပ်ပါသည် –



ဦးကျော်တင့်ဆွေ
ပြည်ထောင်စုဝန်ကြီး



ဒေါက်တာ သီတာဦး
အမြဲတမ်းအတွင်းဝန်




ဦးသီဟန်မျိုးညွန့်
(အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)



ဦးကျော်တင်
(အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)



ဦးကိုကို
(စက်မှုတက္ကသိုလ်)

*ယမန်နေ့မှ အဆက်*

**ဦးသီဟန်မျိုးညွန့်** ။ ။ ဘာဖြစ်လို့လဲ ဆိုတော့ အပြင်မှာ မြင်နေရတဲ့အမြင်က ဒီ FFM Report အပေါ်မှာ အခြေခံပြီး မြင်နေရတဲ့ အမြင်။ အရင်တုန်းကရှိခဲ့တဲ့ မြန်မာနိုင်ငံကို ဘယ်လို သုံးသပ်ခဲ့သလဲဆိုတဲ့ အပေါ်မှာရှိတဲ့အမြင်တွေနဲ့ အပြင်ကကြည့်ရင် သူတို့က မြန်မာနိုင်ငံအကြောင်း သေချာသိချင်မှ သိမယ်။ ဆိုတော့ အဲဒီလိုမျိုးဖြစ်နေတဲ့ အချိန်မှာ မြန်မာနိုင်ငံအနေနဲ့ ဘာသည် အမှန်တရားလဲဆိုတာကို ကျွန်တော်တို့က ICJ မှာ Evidence တင်သွင်းပြီး ပြောချင်တဲ့အတွက် ICJ တရားရုံးကို သွားရောက်ခြင်း ဖြစ်ပါတယ်။ အဲဒီလိုပြောပြီးတော့မှပဲ ကျွန်တော်တို့သည် Genocide လုပ်တဲ့ နိုင်ငံ မဟုတ်ပါဘူး၊ ဘာကြောင့် မြန်မာနိုင်ငံမှာ Genocide မရှိတာလဲ၊ သေသေချာချာ အောင်အောင်မြင်မြင် ကျွန်တော်တို့လုပ်နိုင်မှာ ဖြစ်ပါတယ်။

**ဦးကျော်တင့်ဆွေ** ။ ။ ဒါနဲ့ ပတ်သက်လို့ ကျွန်တော်ပြောချင်တာက ပြီးခဲ့တဲ့အခါမှာလည်း ပြောခဲ့ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဘာကြောင့်ကိုယ်တိုင် ICJ ကို သွားသလဲ။ ကျွန်တော် အဲဒီတုန်းက ပြောခဲ့သလိုပဲ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်သွားတယ်ဆိုတာမှာ သူ့မှာအန္တရာယ် ရှိတယ်။ အန္တရာယ်ရှိတယ်ဆိုတာမှာ ICJ ရုံးစိုက်ရာ သည်ဟိတ်ဂ်မြို့နဲ့ ICC ရုံးစိုက်ရာ သည်ဟိတ်ဂ်မြို့က အတူတူပဲ။ ပြီးတော့ ICC အနေနဲ့ကလည်း လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကို ဝရမ်းထုတ်နိုင်ပါတယ်။ ဝရမ်းထုတ်ခဲ့တယ်ဆိုရင်လည်း ကြိုတင် သိစရာ မလိုပါဘူး။ သူတို့ အခေါ်အဝေါ် Sealed Warrant လို့ခေါ်တယ်။ အဲဒီ ဝရမ်းထုတ်ထားပြီး လျှို့ဝှက်ထားလိုက်တယ်။ အဲဒီပုဂ္ဂိုလ် နိုင်ငံတစ်နိုင်ငံကို သွားရင် အဲဒီတစ်နိုင်ငံက ICC အဖွဲ့ဝင်ဖြစ်တယ်ဆိုရင် အဲဒီနိုင်ငံကို ဖမ်းပါဆိုပြီး ပြောလို့ရတယ်။

အဲဒါကြောင့်မို့လို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် သွားရမယ့်ခရီးစဉ်ကို ပြည်ပနိုင်ငံ တချို့က မသွားပါနဲ့၊ အန္တရာယ် ရှိပါတယ်လို့ အဲဒီလိုလာပြီး မေတ္တာရပ်ခံတာ ရှိပါတယ်။ သို့သော် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ရဲ့ ရပ်တည်ချက်က သူသွားပြီး အခြေအနေကို ရှင်းပြနိုင်ရင် ကျွန်တော်တို့မှာ ဆယ်စုနှစ်နဲ့ ရှိခဲ့တဲ့ ပုံရိပ်ဆိုးကြီးက ရှိတယ်။ မြန်မာနိုင်ငံနဲ့ ပတ်သက်ရင် အထင်မှား၊ အမြင်မှား လက်ခံထားတဲ့အချက်တွေရှိတယ်။ Narrative လို့ ခေါ်ပါတယ်။ အဲဒီ Narrative က ဆယ်စုနှစ်နဲ့ချီပြီးရှိနေပြီ၊ အဲဒီဟာကို သူသွားပြောမယ်ဆိုရင် နိုင်ငံတကာက အလေးထားနားထောင်မှာ ဖြစ်တယ်။ ဒါကြောင့်မို့လို့ မသွားဘူးဆိုရင် နိုင်ငံအပေါ်မှာ တာဝန်မကျေရာ ရောက်လိမ့်မယ်လို့ ယူဆပြီး သူသွားခြင်းဖြစ်တယ်။

အဲဒီလို သွားလိုက်တာကလည်း ထိရောက်သလား၊ ထိရောက်ပါတယ်။ နိုင်ငံတကာ မီဒီယာမှာ သူသွားမယ့်အချက်နဲ့ သူပြောတဲ့အချက်တွေကို အမှန်အတိုင်း မီးမောင်းထိုးထားခြင်း မရှိပါဘူး။ သို့သော် နိုင်ငံတကာမှာရှိတဲ့ Policymaker လို့ခေါ်တဲ့ နိုင်ငံခြားရေး ဝန်ကြီးဌာနတွေ၊ ဝန်ကြီးချုပ်ရုံးတွေ အဲဒီရုံးတွေက သူဘာပြောသလဲ ဆိုတာကို အသေးစိတ်လေ့လာတယ်။ လေ့လာပြီးတော့ ဒီပြောတဲ့အချက်တွေနဲ့ ပတ်သက်ပြီး ပိုပြီးသိလာတယ်။ ဥပမာ ဆိုရင် ခုနကတုန်းက FFM Report ထဲမှာ ကျွန်တော်တို့အနေနဲ့ ရခိုင်မှာ တိုက်ခိုက်နေတဲ့ AA နဲ့ တိုက်ခိုက်နေတဲ့ကိစ္စ၊ လုံခြုံရေး အခြေအနေတွေ ဘယ်လိုရှိတယ် ဆိုတဲ့ကိစ္စ တစ်ချက်မှ မပါဘူး။ ပိုဆိုးတာက ဒါစဖြစ်တယ်ဆိုတာဟာ ARSA တိုက်တဲ့အတွက် တပ်မတော်အနေနဲ့ ပြန်လည်ကာကွယ်ပြီးတော့ တိုက်ခိုက်တယ်ဆိုတဲ့အချက်တွေကို လုံးဝ မထည့်ထားဘူး။ သို့သော် အခုတော့ တဖြည်းဖြည်းနဲ့ သက်ဆိုင်ရာနိုင်ငံတွေကလည်း သဘောပေါက်လာကြတယ်။ နိုင်ငံတကာပညာရှင်တွေကတောင် သဘောပေါက်လာကြတယ်။

တစ်နည်းအားဖြင့်ဆိုတော့ နဂိုက ဆိုးနေတဲ့ပုံရိပ် Narrative ကို Counter-Narrative နဲ့ပြန်ပြီး ကျွန်တော်တို့ လုပ်လိုက်နိုင်တယ်လို့ ယူဆရပါတယ်။ ဒါနဲ့ပတ်သက်ပြီး အခု နိုင်ငံတကာက သဘောပေါက်လာတယ်။ နိုင်ငံတကာမီဒီယာမှာတောင် မနေ့တစ်နေ့က ဆောင်းပါးတစ်ခု ပါလာတဲ့အတွက် ကျွန်တော် တော်တော်လေးကို ဝမ်းသာအားရ ဖြစ်တယ်။ ဇန်နဝါရီလ ၁၅ ရက်နေ့က ထုတ်ထားတဲ့ The UN Smears Myanmar ဆိုပြီးတော့ အဓိကကတော့ FFM Report ကနေပြီး ဒီအချက်အလက်တွေကို ထိမ်ချန်ပြီး မြန်မာနိုင်ငံကို မတရားစွပ်စွဲထားတယ်။ မြန်မာနိုင်ငံကို အိုးမဲသုတ်ထားတယ်ဆိုတဲ့ ဆောင်းပါးပဲ ဖြစ်ပါတယ်။ ဖတ်များ ဖတ်ဖူးကြသလား မသိဘူး။ အဲဒီအတွက်ကတော့ ကျွန်တော်ပြောချင်တယ်ဆိုတဲ့ အချက်က ဒီမှာဘာတွေပါသလဲ၊ အခုကိစ္စဖြစ်တာက ARSA က စတိုက်တဲ့အတွက် တပ်မတော်ကနေ ကာကွယ်ပြီးတော့ ပြန်လည်တိုက်ခိုက်ရင်းကနေ ဖြစ်တယ်ဆိုတဲ့အချက်ကို ARSA တိုက်ခိုက်မှုကို လုံးဝမထည့်ထားဘူး။

နောက် ကျွန်တော်တို့ရဲ့ တကယ့်အခြေအနေ၊ ရခိုင်မှာ AA နဲ့ဖြစ်နေတဲ့ တိုက်ပွဲ အခြေအနေတွေ၊ ကျွန်တော်တို့နိုင်ငံကိစ္စဟာ လွယ်လွယ်ကူကူ အပေါ်ယံကြည့်ရုံနဲ့ မသိနိုင်ဘူး၊ ထဲထဲဝင်ဝင်ကြည့်မှ သိနိုင်တယ်။ အဲဒီတော့ မြန်မာနိုင်ငံက မတရားအစွပ်စွဲ ခံနေရတယ်ဆိုတဲ့အနေနဲ့ ပြောထားခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် Link လင့်ခ်လေးလည်း ပေးပါမယ်။ ဒီပရိသတ်ကိုလည်း အဲဒီလင့်ခ်မှာ ဖတ်ကြည့်ကြပါလို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

**ဦးကျော်တင်** ။ ။ ကျွန်တော်ဖတ်တော့ နည်းနည်း တချို့အချက်အလက်လေးတွေကို မြင်သွားတာပေါ့နော်။ ဘယ်လိုလဲဆိုတော့ ပထမအချက်အနေနဲ့ ဒီဂမ်ဘီယာနိုင်ငံကလေ၊ မြန်မာပြည်နဲ့ ဘာမှမပတ်သက်တဲ့ ဂမ်ဘီယာနိုင်ငံက ဘာဖြစ်လို့ ဒီ Case ကို ICJ မှာလာပြီး ဖွင့်တာလဲဆိုတာပေါ့နော်။ ဒါရဲ့နောက်ဆက်တွဲ Article မှာလည်း သူရေးထားပါတယ်။ နောက်မှာ ပါနေတဲ့ OIC ပေါ့။ သူကပဲ ဖန်တီးပြီးတော့ ဒါတွေအားလုံးကို ဖန်တီးပြီးတော့ ဒါကို Playbook လုပ်တာပေါ့နော်။ ဒီဂမ်ဘီယာကို မင်းတို့ တရားသွားစွဲ၊ ဒီကိစ္စနဲ့ဆိုင်ပြီးတော့ အဲဒါကို ငါတို့ Fund တွေ ရှာပေးမယ်။ ဒါတွေအားလုံးက သူက အရင်တုန်းက Planning တွေက လုပ်ထားပြီးသားပါ။

အဲဒါက ခုနက ပြည်ထောင်စုဝန်ကြီး ပြောသလိုပဲ။ ဒီ ARSA အကြောင်းလည်း ဘာမှ မပြောဘူး။ Mention မလုပ်ဘူး။ ပြီးတော့ မြန်မာပြည်မှာ ဖြစ်နေတဲ့ ပဋိပက္ခတွေ AA နဲ့ ဖြစ်တဲ့ကိစ္စတွေကိုလည်း FFM Report မှာ ဘာမှဖော်ပြခြင်း မလုပ်ပါဘူး။ ပြီးတော့ နောက်တစ်ခုအနေနဲ့ ကြည့်မယ်ဆိုရင် ဒါမြန်မာပြည်ကို အနိုင်ကျင့်တာပေါ့နော်။ OIC အနေနဲ့ အနိုင်ကျင့်တာလည်း ရှိတယ်။ ပြီးတော့ UN ကို အသုံးပြုပြီး အနိုင်ကျင့်တာလည်း ရှိတယ်။ အဲဒီနှစ်ချက်ကို ကျွန်တော်အဓိကအချက်အနေနဲ့ ဒီဆောင်းပါးထဲမှာ မြင်လိုက်ပါတယ်။

**ဦးသီဟန်မျိုးညွန့်** ။ ။ ဒီဆောင်းပါးက ပြည်ထောင်စုဝန်ကြီး ပြောသလိုပဲ။ ဒါကျွန်တော် တို့ရဲ့ Counter-Narrative ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ အရင်တုန်းက Single-Narrative ဆိုတဲ့ ကျွန်တော်တို့ဆီမှာ တစ်ဖက်ပြောပဲရှိနေတာပါ။ အခုလည်း အပြင်မှာကြည့်ရင် တစ်ဖက်ပြောများတုန်း ဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုမျိုး ဖြည်းဖြည်း၊ ဖြည်းဖြည်းချင်း ကျွန်တော်တို့က Counter-Narrative ကို Build Up လုပ်ဖို့လိုပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ခုနက ကိုကျော်တင် ပြောသွားသလိုပဲ ကျွန်တော်တို့က UN တစ်ခုလုံးကို မပုတ်ခတ်ချင်ပါဘူး။ ဒါပေမယ့် ဘာရှိသလဲဆိုတော့ ကျွန်တော်တို့က ဒီတစ်နိုင်ငံနဲ့တစ်နိုင်ငံ ဆက်စပ်စစ်တိုက်ရင် Warfare ပေါ့ဗျာ။ အခုကျတော့ ကျွန်တော်တို့ မြန်မာနိုင်ငံကြုံတွေ့နေရတဲ့ ဒီ ICJ နဲ့ပဲဖြစ်ဖြစ်၊ ICC နဲ့ပဲဖြစ်ဖြစ် ကြုံတွေ့နေရတဲ့ပြဿနာက ကျွန်တော်တို့က Lawfare လို့ ခေါ်လို့ရတယ်။ ဒါက နိုင်ငံတကာဥပဒေ၊ နိုင်ငံတကာမှာ ရှိတဲ့ Mechanisms သုံးပြီး ကျွန်တော်တို့ မြန်မာနိုင်ငံကို စစ်ဆင်တဲ့ပုံစံမျိုးဆိုတော့ Lawfare ဆိုပြီး ကျွန်တော်တို့အနေနဲ့ အဲဒါမျိုးပြောလို့ရပါတယ်။ ဒါကျွန်တော်တို့ကို အကျဉ်းအကျပ်ရောက်တဲ့နေရာကို ပို့နေတာပါ။ ဒါတွေက ကျွန်တော်တို့ကို United Nations က လုပ်တယ်လို့ ကျွန်တော်တို့ ပြောလို့မရပါဘူး။

ဒါပေမယ့် United Nations Mechanisms တွေကို အသုံးချပြီး၊ ICC Mechanisms တွေကို အသုံးချပြီး ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်း ဖြစ်ချင်ဖြစ်မယ်၊ အဖွဲ့အစည်းတစ်ခုလည်း ဖြစ်ချင်ဖြစ်မယ်၊ နိုင်ငံတစ်နိုင်ငံတောင် ဖြစ်ချင်မှ ဖြစ်မယ်။ ကျွန်တော်တို့ကို သူတို့ ရောက်ချင်တဲ့နေရာကို တွန်းပို့နေတဲ့ပုံစံမျိုး၊ အဲဒါမျိုးကျတော့လည်း ကျွန်တော်တို့အနေနဲ့က ဒါကိုပြန်ပြီး Fight လုပ်ရမှာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရဲ့ သိက္ခာ၊ မြန်မာနိုင်ငံရဲ့ ဂုဏ်သိက္ခာ၊ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာ ဒါတွေကလည်း ကျွန်တော်တို့ တန်ဖိုးထားရမယ့်ကိစ္စတွေ ဖြစ်ပါတယ်။

*စာမျက်နှာ ၉ သို့*

**“United Nations Mechanisms တွေကို အသုံးချပြီး၊ ICC Mechanisms တွေကို အသုံးချပြီး ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ချင်း ဖြစ်ချင်ဖြစ်မယ်၊ အဖွဲ့အစည်းတစ်ခုလည်း ဖြစ်ချင်ဖြစ်မယ်၊ နိုင်ငံတစ်နိုင်ငံတောင် ဖြစ်ချင်မှဖြစ်မယ်။ ကျွန်တော်တို့ကို သူတို့ ရောက်ချင်တဲ့နေရာကို တွန်းပို့နေတဲ့ပုံစံမျိုး၊ အဲဒါမျိုးကျတော့လည်း ကျွန်တော်တို့အနေနဲ့က ဒါကိုပြန်ပြီး Fight လုပ်ရမှာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရဲ့ သိက္ခာ၊ မြန်မာနိုင်ငံရဲ့ ဂုဏ်သိက္ခာ၊ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာ ဒါတွေကလည်း ကျွန်တော်တို့ တန်ဖိုးထားရမယ့်ကိစ္စတွေ ဖြစ်ပါတယ်”**

*စာမျက်နှာ ၈ မှ*

ပြီးတော့ ICJ ကို သွားခြင်းအားဖြင့် ကျွန်တော်တို့ နိုင်ခဲ့လို့ရှိရင် Counter–Narrative ကို ICJ မှာချပြရင်း၊ ကျွန်တော်တို့ ICJ တရားရုံးမှာပဲ ကျွန်တော်တို့ လုပ်ရင်း Counter–Narrative ကို ဒီထက်မက ပိုပြီးကောင်းအောင် ပြန်ပြင်ဖို့ လိုပါတယ်။

**ဦးကျော်တင့်ဆွေ ။** ။ ကျွန်တော်ဆိုလိုတာက ICJ သွားခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ အဖြစ်မှန်တွေကို နိုင်ငံတကာကို ပြောပြလို့ရမယ်။ ခုနက ကုလသမဂ္ဂနဲ့ ပတ်သက်ပြီး UN Smears Myanmar ဆိုပြီးပြောတဲ့အခါကျတော့ ကျွန်တော် ကုလသမဂ္ဂအတွက် စိတ်မကောင်းပါဘူး။ ဘာကြောင့် စိတ်မကောင်းတာလဲဆိုတာ ကုလသမဂ္ဂက ကမ္ဘာမှာ အင်မတန်မှ လိုအပ်နေတဲ့ အဖွဲ့အစည်းဖြစ်တယ်။ အထူးသဖြင့် ကျွန်တော်တို့လို နိုင်ငံငယ်တွေအတွက် ကုလသမဂ္ဂရှိကို ရှိရမယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ရဲ့ နိုင်ငံခြားရေးဝါဒမှာလည်း ကုသလမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံရဲ့ အဓိကနိုင်ငံရေးမူဝါဒ တစ်ချက်ဖြစ်တယ်။ အဲဒီတော့ ကုလသမဂ္ဂကို နာမည်ဖျက်နေတာက ခုနက FFM Report မှာပါတဲ့ လူပုဂ္ဂိုလ်တွေရဲ့ ပုဂ္ဂိုလ်ရေး ဆောင်ရွက်ချက်တွေကြောင့် အဲဒီသူတို့ရဲ့ နဂိုကတည်းကိုက တစ်ဖက်စောင်းနင်းဖြစ်နေတဲ့ ရှိရင်းစွဲခံယူချက်တွေနဲ့ လုပ်သွားတဲ့ကိစ္စတွေ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က FFM Report ကို ကျွန်တော်တို့က UN Report လို့ မယူဆပါဘူး။

**ဦးကိုကို ။** ။ ဒါပေမယ့် ခုနက ပြည်ထောင်စုဝန်ကြီးပြောသလို ဒါလေးထွက်လာတာက ဒါဘာပဲပြောပြော ကျွန်တော်တို့ နိုင်ငံတော်၏အတိုင်ပင်ခံကိုယ်တိုင် သွားခဲ့တဲ့ ဒီခရီးစဉ်ရဲ့ လက်ငင်းရရှိတဲ့ အကျိုး၊ ဒါနားလည်မှု။ နားလည်မှုဆိုတာကတော့ ချက်ချင်းကြီးတော့ ခုနကပြောသလိုပေါ့ ဝှန်းကနဲ၊ ဒိုင်းကနဲ အပြည့်မရနိုင်ဘူးပေါ့။ ဖြည်းဖြည်းချင်း၊ ဖြည်းဖြည်းချင်းပဲ ကျွန်တော်တို့ ယူသွားမယ်။

ဒါပေမယ့် တစ်ခုရှိတာက ကျွန်တော်တို့ အခု ဒီလိုမျိုးစကားဝိုင်းတွေ လုပ်တယ်။ နားလည်အောင်လို့ ကျွန်တော်တို့က ပြည်ထောင်စုဝန်ကြီးတို့ ကိုယ်တိုင် မအားလပ်တဲ့ကြားထဲက၊ သူတို့ဆိုလည်း ခရီးတွေသွားနေကြတဲ့ ကြားထဲကနေပြီးတော့ ရှင်းပြရင်းတန်းလန်းနဲ့ကိုပဲ တချို့လူတွေကြားထဲမှာ ဝေ့လည်လည်ဖြစ်နေတဲ့ အပိုင်းတွေလည်း ရှိတယ်။ ဆွေးနွေးကြတာ၊ ပြောဆိုဆွေးနွေးချင်ကြတာတွေ အမျိုးမျိုးအဖုံဖုံကြားနေရတယ်။ ကြားနေရတဲ့အခါကျတော့ ပြည်သူတွေကျတော့ ဟိုဟာဟုတ်နိုးနိုး၊ ဒီဟာဟုတ်နိုးနိုး အကုန်လုံးကလည်း ဥပဒေပညာရှင်တွေ၊ ဒီမှာလည်း ဥပဒေပညာရှင်တွေ ပြောကြပြန်ပြီ၊ ဟိုမှာလည်း ဥပဒေပညာရှင်တွေ ပြောကြပြန်ပြီဆိုတော့ ဘယ်ဟာယုံရမလဲ လိုပေါ့၊ ပွင့်ပွင့်လင်းလင်းပြောရရင် ဘယ်ဟာ ယုံရမလဲ၊ ဘယ်ဟာမှန်မလဲ ဆိုတာမျိုး ဖြစ်နေကြတာတွေလည်း ရှိနေပါတယ်ခင်ဗျ။

**ဦးကျော်တင့်ဆွေ ။** ။ အဲဒါလေးလည်း ကျွန်တော်ပြောချင်တာရှိပါတယ်။ ကျွန်တော်ပြောချင်တာရှိတယ် ဆိုတာကတော့ အားနာနာနဲ့ပဲ ဥပဒေပညာရှင်သုံးယောက်နဲ့ ပတ်သက်ပြီးပဲ ရှေ့မှာပဲ ပြောရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဥပဒေပညာဆိုတာ အင်မတန်မှ ကျယ်ပြန့်ပါတယ်။ အင်မတန်မှ နက်ရှိုင်းပါတယ်။ ဥပဒေပညာရှင်ဆိုတာ ဥပမာ ဆိုပါတော့ ဘွဲ့မြင့်လာလေလေ သူတို့ခေါ်တဲ့ Specialization လို့ခေါ်တဲ့ စူးစမ်းပြီးတော့ လုပ်တဲ့အချက်က ကျဉ်းမြောင်းလေလေပဲ။ အဲဒီတော့ နိုင်ငံတကာဥပဒေမှာလည်း အမျိုးစုံရှိတယ်။ Constitution Law ဆိုပါတော့။ အဲဒီပုဂ္ဂိုလ်က Constitution နဲ့ပတ်သက်လို့ ကောင်းကောင်းတတ်တယ်။ Patent law ဆိုပါတော့ Patents တွေ ကောင်းကောင်းတတ်တယ်။ ဦးကျော်တင် ဆိုရင် ဒေါက်တာဂျူဝစ်ဆိုတဲ့ Patents နဲ့ ပတ်သက်ပြီး တကယ့်ပညာရှင်ပါ။ ဦးသီဟန်မျိုးညွန့်ဆိုရင်လည်း International Trade Law နဲ့ ပတ်သက်တဲ့ ပညာရှင်ပါ။ အမြဲတမ်းအတွင်းဝန် ဒေါ်သီတာဦးက International Criminal Law နဲ့ ပတ်သက်ပြီး လေ့လာထားတယ်။

အဲဒီတော့ အားလုံးကို International Criminal Law အကုန်တတ်သလားလို့ ပြောတော့ တတ်တယ်လို့ ပြောလိမ့်မယ်လို့ ကျွန်တော် မထင်ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ ရယ်စရာလေးနဲ့ ကျွန်တော်ပြောပြမယ်။ ကျွန်တော်တတိယအတွင်းဝန် ဘဝက ကျွန်တော်တို့ မိတ်ဆွေထဲမှာ ဥပဒေဘွဲ့သုံးခုရတဲ့ ပုဂ္ဂိုလ်ရှိတယ်။ အဲဒီတော့ ကျွန်တော်တို့အထဲက နိုင်ငံခြားက တစ်ယောက်က Marriage By Proxy လုပ်ချင်တယ်ဆိုတဲ့ အခါကျတော့ ကျွန်တော်တို့ အုပ်ချုပ်ရေးဌာနမှူးကနေခေါ်လိုက်တယ်။ ဟေ့ လာပြောစမ်းဆိုတော့ သူက မပြောနိုင်ဘူး။ ခင်ဗျားဗျာ ဥပဒေဆိုင်ရာ ဘွဲ့သုံးခုလည်း ရသေးတယ်။ ဒါမှမတတ်ဘူးလားဆိုတော့ သူကလည်း သတ္တိရှိတယ်။ ဘယ်လိုပြောသလဲဆိုတော့ ဥပဒေသမားအနေနဲ့ ဥပဒေအားလုံးကို လေ့လာလို့ ရပေမယ့်၊ ဥပဒေ တစ်ခုတည်းကိုသာ ကျွမ်းကျင်နိုင်တယ်ဆိုပြီး ပြောပါတယ်။ အဲဒါကြောင့်မို့လို့ Constitution Law မှာ ပါရဂူဘွဲ့ရလာလို့ International Criminal Law ကို ကျွမ်းကျွမ်းကျင်ကျင် တတ်ပြီလားဆိုတော့ တတ်တယ်လို့ ပြောနိုင်တဲ့သူက ရှားပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ International Criminal Law ဆိုတဲ့ဟာကလည်း ဖြစ်ပေါ်မှုကလည်း အင်မတန်မှ နည်းတဲ့အတွက် နိုင်ငံတကာမှာလည်း တကယ့်ပညာရှင်ဆိုတာ လက်ချိုးရေလို့ ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကံကောင်းတာက International Criminal Law မှာ နာမည်ကြီးတဲ့ ဆယ်ယောက်လောက်ထဲက နှစ်ယောက်ကို ကျွန်တော်တို့ ငှားရမ်းနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့က တတ်နိုင်သလောက် ပြောတဲ့နေရာမှာ ကျွန်တော်တို့ရဲ့ ပြောကြားချက်တွေကို အဓိကထားတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ သိထားတာတွေကိုပြောတာ မဟုတ်ပါဘူး။ ဥပဒေပညာရှင်တွေ ပြောထားတဲ့ အပေါ်မှာ အခြေခံပြီးပြောတာပါ။ အဲဒီလိုပြောတဲ့အခါမှာ ကျွန်တော်က လူပြိန်းဖြစ်တဲ့အတွက် သူတို့လောက် လွယ်လွယ်ကူကူ မတတ်နိုင်ဘူးပေါ့လေ။

**ဦးကိုကို ။** ။ **အဲဒီတော့ ကျွန်တော်တို့ စကားဝိုင်းက တော်တော်လေးလည်း ပြီးပြည့်စုံပြီဆိုတော့ ဦးသီဟန်မျိုးညွန့်အနေနဲ့ နောက်ဆုံးထပ်ပြီး ဆွေးနွေးစရာ ဘာများရှိမလဲ ခင်ဗျ။**

**ဦးသီဟန်မျိုးညွန့် ။** ။ နောက်ဆုံးအနေနဲ့ ကျွန်တော် ထပ်ပြီးဆွေးနွေးချင်တာက ICJ မှာ ကြုံတွေ့နေရတဲ့ဟာ ခုနက ကျွန်တော်ပြောခဲ့တဲ့ Lawfare ဆိုတာကို လျှော့တွက်လို့ မရဘူးနော်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံအတွက် သိပ်ပြီးအရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခု ICJ မှာ တစ်ခု၊ ICC မှာကလည်း တည်ထားတယ်။ ဆိုတော့ ဒီ ICJ မှာ ကျွန်တော်တို့က ဒါမြန်မာနိုင်ငံရေး မဟုတ်တော့ဘူး။ ဒါသည် နိုင်ငံ့အရေးဖြစ်သွားပြီ၊ နိုင်ငံ့အရေး ဖြစ်ရုံတင်မကဘူး၊ ဒါက ကျွန်တော်တို့ မြန်မာနိုင်ငံသူနိုင်ငံသားတွေ အားလုံးရဲ့ အကျိုးစီးပွားကို တိုက်ရိုက်ထိရောက်မယ့်ကိစ္စ တစ်ခုလည်းဖြစ်ပါတယ်။

ဒီလိုမျိုးကိစ္စတစ်ခုမှာ ကျွန်တော်တို့က ICJ မှာပဲ Fight လို့၊ ချလို့မရဘူး။ ပြည်တွင်းမှာလည်း လုပ်သင့်လုပ်ထိုက်တာတွေလည်း လုပ်ရမယ်။ လုပ်သင့်လုပ်ထိုက်တာတွေ လုပ်တဲ့ အချိန်မှာလဲ အားလုံးနဲ့ ပူးပေါင်းပြီး ဘယ်နဲ့ညာနဲ့ ညီညီညာညာ ကောင်းကောင်း ရှေ့ချီတက်သွားပြီးတော့၊ အားလုံးပူးပေါင်းပြီးတော့ အောင်မြင်အောင်လုပ်ဖို့ လိုပါတယ်။ အဲဒီလိုအောင်မြင်အောင်လုပ်မှပဲ ICJ မှာလည်း နိုင်မယ်၊ အောင်မြင်အောင်လုပ်နိုင်မှလည်း Genocide ဆိုတဲ့ တကယ့်ကို မကြားသင့်မကြားထိုက်၊ မဟုတ်တဲ့ အနံ့ကြီးလည်း မြန်မာနိုင်ငံနဲ့ ခပ်ဝေးဝေးကို လွင့်ပစ်လိုက်လို့ရမှာ။

**ဒေါက်တာ သီတာဦး ။** ။ နောက်ဆုံး Message လေးပါ။ မြန်မာနိုင်ငံမှာ Genocide မကျူးလွန်ဘူး ဆိုတဲ့အကြောင်းကို ရှင်းအောင် ကျွန်မတို့ နိုင်ငံအတွက် သက်သေပြဖို့ တစ်ခုရယ်၊ နောက်တစ်ခုက ကျွန်မတို့နိုင်ငံက ကျူးလွန်ကောင်းကျူးလွန်မယ်ဆိုတဲ့ဟာလေးတွေဖြစ်တဲ့ Crimes Against Humanity လိုမျိုး ပဋိပက္ခကြားထဲမှာ ဖောက်ဖျက် ကျူးလွန်မှုလေးတွေ ရှိနိုင်တယ်။ ဒါပေမယ့် Genocide ကတော့မဟုတ်ဘူး။ ခုနက ကျွန်မတို့ဆွေးနွေးတဲ့အထဲမှာ Mechanisms တလွဲသုံးပြီး လုပ်တာရှိပေမယ့် UN ကို လေးစားတယ်။ UN ကို အမြဲတမ်း ပူးပေါင်းဆောင်ရွက်နေတဲ့ နိုင်ငံလည်း ဖြစ်တယ်ပေါ့။

**ဦးကိုကို ။** ။ **ရှင်းနေတဲ့ကိစ္စကို နံပါတ်(၁) က ရှုပ်နေအောင် လုပ်ထားသလို ဖြစ်နေတယ်။ အဲဒါကို ကျွန်တော်က ပြန်ရှင်းအောင်** နောက်တစ်ခုက မြန်မာစကားပုံမှာလည်း ရှိပါတယ်။ ထပ်ပြောပါရစေ။ အိပ်ချင်ယောင်ဆောင်နေတဲ့လူက နှိုးရခက်တယ်ဆိုတာလိုပါ။ သူတို့က အိပ်ချင်ယောင်ဆောင်နေကြတယ်။ ကျွန်တော်တို့က နှိုးနေတယ်၊ အဲဒီလိုမျိုးခံစားရတယ်။ နောက်ဆုံးပိတ်ပေါ့။ **ဦးကျော်တင်အနေနဲ့ ဆွေးနွေးခန်းလေးမှာ ပြောစရာ ရှိတာလေးတွေ၊ အနားသတ် ဆွေးနွေးစရာရှိတာလေးတွေ ဆွေးနွေးပါ။**

**ဦးကျော်တင်။** ။ နောက်ဆုံးအနေနဲ့ ပြောချင်တာက မြန်မာပြည်သူပြည်သားတွေ ဇန်နဝါရီလ ၂၃ ရက်နေ့မှာ စိတ်ဝင်စားစရာ စောင့်ပြီး ကြည့်နေမှာပါ။ ကျွန်တော် အဓိကပြောချင်တာက ဘာပဲဖြစ်ဖြစ် Main Case က အနိုင်အရှုံးကို ဒီ Stage မှာ ဆုံးဖြတ်မှာ မဟုတ်သေးပါဘူးဆိုပြီး ပြောချင်ပါတယ်။

နောက်တစ်ခုထပ်ပြီး ကျွန်တော် ပြောချင်တာက စောစောကပြောသွားတဲ့ ICJ မှာ စကားလုံး အသုံးအနှုန်းကို ဂရုတစိုက် သုံးပါတယ်။ Indicate နဲ့ မပတ်သက်ဘူးဆိုပြီး သေသေချာချာ နိုင်ငံတကာညှိနှိုင်းပြီး ရွေးထားတဲ့စကားလုံးတွေပါ။

**ဦးကိုကို ။** ။ **နိုင်ငံအချင်းချင်းဖြစ်နေတဲ့ ကိစ္စတွေဆိုတာကြောင့် စကားလုံးကအစ အထူးပြုစံနှုန်းသုံးပြီး အသုံးပြုထားတာပေါ့နော်။ နောက်ဆုံးအနေနဲ့ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ဒီ ၂၃ ရက်နေ့ အမိန့်ချမယ့် ကိစ္စကို ကိုယ်တိုင်ကလည်း ဦးဆောင်ပြီး သွားမှာလည်း ဖြစ်တယ်။ ပြည်သူတွေ အားလုံးကလည်း ဒါနဲ့ပတ်သက်ပြီး စိတ်ဝင်တစားရှိတယ်၊ တောက်လျှောက်နားထောင်တာလည်း ရှိတယ်။ ပြည်သူတွေ ကြည့်ရှုနေတဲ့ ရုပ်မြင်သံကြားဆွေးနွေးပွဲကနေ တစ်ဆင့် အခုနားထောင်နေကြတဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူတွေအားလုံးကို ဘယ်လို Message တွေ ပေးချင်ပါသလဲ။**

**ဦးကျော်တင့်ဆွေ ။** ။ ကျွန်တော်တို့ပြည်သူတွေကို ကျွန်တော်ပေးချင်တဲ့ Message ကတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် သွားတဲ့အခါမှာ အပြည့်အဝထောက်ခံခဲ့တယ်၊ ပြန်လာတဲ့အခါမှာလည်း တကယ့်ကို အရေးရယ်၊ အကြောင်းရယ် ရှိလာတဲ့အခါကျတော့ ဒို့နိုင်ငံအတွက်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဦးဆောင်ပြီး သွားရောက် ဆောင်ရွက်ခဲ့တယ်ဆိုတဲ့ ထောက်ခံတာကို ကြည့်တဲ့အတွက် အင်မတန်မှ အားရပါတယ်။

နောက်တစ်ခု ကျွန်တော်တို့ဆွေးနွေးခဲ့သလိုပဲ ဒီကိစ္စဟာ နိုင်ငံ့အရေးပါ။ နိုင်ငံရေး မဟုတ်ပါဘူး။ ဘယ်သူမဆိုရင်ဆိုင်ပြီးတော့ Main Case တကယ့်အမှုကို စဉ်းစားတဲ့ အချိန်ရောက်လာရင်လည်း သူနိုင်ကိုယ်နိုင်ပဲ။ သူတို့ Provisional Measures ချတယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ အဲဒီကိစ္စကို ဘယ်လိုတုံ့ပြန်ရမလဲဆိုတာကို ရှေ့နည်းလမ်းတွေကို ဘယ်လိုသွားမလဲဆိုတာကို သေသေချာချာစဉ်းစားပြီး အင်မတန်မှ ကျွမ်းကျင်တဲ့ ဥပဒေပညာရှင်တွေနဲ့ တိုင်ပင်ပြီး ရင်ဆိုင်မယ်။ အဲဒီလိုရင်ဆိုင်တဲ့အခါမှာ ပြည်သူတွေရဲ့ အင်အားက အင်မတန်မှ လိုပါတယ်။

ဒီကိစ္စက နိုင်ငံ့အရေးဖြစ်တဲ့အတွက် နိုင်ငံမှာရှိတဲ့ ပုဂ္ဂိုလ်အားလုံး၊ ပြည်သူ၊ ပြည်သားတွေ၊ တိုင်းရင်းသားတွေ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရော ၊ နိုင်ငံရေးပါတီတွေရော ဒီကိစ္စက မိမိတို့ နိုင်ငံ့အရေးကိစ္စမှာ ဒို့အားလုံးပူးပေါင်းဆောင်ရွက်ကြမယ်ဆိုတဲ့ စိတ်ဆန္ဒမျိုးနဲ့ ဆောင်ရွက်ပေးကြပါလို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

ဒီကိစ္စအမှုမှာ နိုင်ကိုနိုင်မယ်။ Provisional Measures Stage သည် အမှုမတိုင်ခင် လိုလိုမယ်မယ် ဆောင်ရွက်တဲ့ကိစ္စဆိုတဲ့ဟာကို နားလည်သဘောပေါက်ပြီး Provisional Measures အချခံရရင်လည်း စိတ်ဓာတ်မကျပါနဲ့။ ကျွန်တော်အရင်က ပြောသလိုပဲ ရှုံးတာမဟုတ်ဘူး။ Provisional Measures မချခဲ့ဘူးဆိုရင်လည်း နိုင်ပြီလို့ မတွက်ပါနဲ့ဦး။ အမှုရှိပါသေးတယ်။ ဘယ်သူမဆို ဇန်နဝါရီလ ၂၃ ရက်နေ့မှာ သူတို့ ဒီကိစ္စကို ဆုံးဖြတ်ချက်ချရင် ကျွန်တော်တို့အနေနဲ့ ရင်ဆိုင်ပါ့မယ်။ ရင်ဆိုင်နိုင်စွမ်းလည်း ရှိတယ်ဆိုတာကို ကျွန်တော် တင်ပြချင်ပါတယ်။

**ဦးကိုကို ။** ။ **ပြည်ထောင်စုဝန်ကြီး ယခုလို အဆုံးသတ်လေး ပြည်သူကို Message ပေးရင်း အဆုံးသတ်၊ အနားသတ်ပေးတဲ့ အတွက်ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ စကားဝိုင်းကတော့ တော်တော်များများလေး ပြည့်စုံတဲ့ အတွက်ကြောင့် ဒီနေရာမှာပဲ စကားဝိုင်းကိုရပ်နားချင်ပါတယ်။**

ထုံးစံအတိုင်း ပြောဆိုဆွေးနွေးခဲ့တာတွေအားလုံး နိဂုံးချုပ်အနေနဲ့ ပြန်ပြောရမယ်ဆိုရင် ဇန်နဝါရီလ ၂၃ ရက်နေ့မှာ ချမှတ်ကောင်း ချမှတ်နိုင်တဲ့ Provisional Measures အပေါ် စိုးရိမ်စိတ်မရှိကြပါနဲ့။ ဒါသည် ဒီအမှုကြီးတစ်ခု၏ နိုင်ခြင်း၊ ရှုံးခြင်း မဟုတ်ပါဘူး။ ဒီကိစ္စသည် အမှုအပေါ်မှာလည်း မည်သို့မျှ လွှမ်းမိုးမှုမရှိပါဘူး။

သို့သော် ပြည်ထောင်စုဝန်ကြီး ပြောသွားတဲ့အထဲမှာ အရေးကြီးဆုံးဖြစ်တဲ့ နိုင်ငံ့အရေးဆိုတဲ့ စကားလုံးလေးတစ်ခု မှတ်သားမိပါတယ်။ အဲဒီတော့ ဘယ်လိုပဲဖြစ်ဖြစ် ပြည်သူတွေအားလုံးရဲ့ အင်အားနဲ့ပူးပေါင်းဖြေရှင်းမယ်၊ ရပ်တည်သွားမယ်။ ကျွန်တော့်အနေနဲ့ အဆုံးသတ်ချင်တာကတော့ နိုင်ငံသားတိုင်း နိုင်ငံသားတိုင်းဟာ တာဝန်ရှိပါတယ်။ ကိုယ့်နိုင်ငံရဲ့ အရေးကိစ္စကို ကာကွယ်စောင့်ရှောက်ရမယ့် တာဝန်ရှိပါတယ်။ တာဝန်သိတဲ့ နိုင်ငံသားတွေအနေနဲ့၊ နိုင်ငံရေးသမားတွေပဲဖြစ်စေ၊ အဖွဲ့အစည်းအသီးသီးမှာ ပါဝင်နေတဲ့ ပုဂ္ဂိုလ်တွေပဲဖြစ်စေ တာဝန်သိတဲ့ အဖွဲ့အစည်းဝင်တွေအနေနဲ့ တကယ့်ကို နိုင်ငံရဲ့အရေးကိစ္စပါ။ တာဝန်သိစိတ်အပြည့်နဲ့ ပူးပေါင်း ဆောင်ရွက်ကြမယ်ဆိုရင် ဆရာမြသန်းတင့်ရဲ့ ဝတ္ထုကောင်းလေးတစ်ခု သတိရလိုက်တယ်၊ ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်ဆိုတဲ့ စကားလုံးကို သွားသတိရတယ်။ ကျွန်တော်တို့ နိုင်ငံဟာ ဓားတောင်ကိုလည်း မကြောက်ပါဘူး၊ မီးပင်လယ်လည်း မမှုပါဘူး။ တကယ်လိုအပ်တာက ပြည်သူတွေအားလုံးရဲ့ ပူးပေါင်းပါဝင်မှုနဲ့ စည်းလုံးညီညွတ်မှုပါလို့ ပြောရင်းနဲ့ ကျွန်တော်တို့ရဲ့စကားဝိုင်းကို အဆုံးသတ်ချင်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

> **“ဒီကိစ္စအမှုမှာ နိုင်ကိုနိုင်မယ်။ Provisional Measures Stage သည် အမှုမတိုင်ခင် လိုလိုမယ်မယ် ဆောင်ရွက်တဲ့ကိစ္စဆိုတဲ့ဟာကို နားလည်သဘောပေါက်ပြီး Provisional Measures အချခံရရင်လည်း စိတ်ဓာတ်မကျပါနဲ့။ ကျွန်တော်အရင်က ပြောသလိုပဲ ရှုံးတာမဟုတ်ဘူး။ Provisional Measures မချခဲ့ဘူးဆိုရင်လည်း နိုင်ပြီလို့ မတွက်ပါနဲ့ဦး။ အမှုရှိပါသေးတယ်။ ဘယ်သူမဆို ဇန်နဝါရီလ ၂၃ ရက်နေ့မှာ သူတို့ ဒီကိစ္စကို ဆုံးဖြတ်ချက်ချရင် ကျွန်တော်တို့အနေနဲ့ ရင်ဆိုင်ပါ့မယ်။ ရင်ဆိုင်နိုင်စွမ်းလည်း ရှိတယ်ဆိုတာကို ကျွန်တော်တင်ပြချင်ပါတယ်”**

✻ *ကျောဖုံးမှ*

ဆိုရှယ်မီဒီယာ အသုံးပြုခြင်းသည် အကျိုးကျေးဇူးများရှိသကဲ့သို့ စိန်ခေါ်မှုများလည်းရှိပါကြောင်း၊ စိန်ခေါ်မှုများတွင် အမုန်းစကားများ၊ သတင်းအတု၊ သတင်းအမှားများ ပျံ့နှံ့မှုမှတစ်ဆင့် ရွေးကောက်ပွဲနှင့် ဆက်စပ်သော အထင်အမြင်လွဲမှားမှုများ မဖြစ်စေရေး မည်ကဲ့သို့ ကာကွယ်တားဆီးနိုင်မည် ဆိုသည့် ကိစ္စရပ်များလည်း ပါဝင်ပါကြောင်း၊ မျက်မှောက်ခေတ်တွင် သတင်းအမှန်နှင့် သတင်းအမှားများကို ပြည်သူများ ခွဲခြားနိုင်ရန် ခက်ခဲလာခြင်းသည် အန္တရာယ်ကို ဆပွားတိုးသလို ဖြစ်စေပါကြောင်း။




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်အဖွဲ့ အမုန်းစကားနှင့် သတင်းတု၊ သတင်းမှားများ တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**ကာကွယ်ရန်နည်းလမ်းများစဉ်းစား**

မိမိတို့နိုင်ငံတွင် ဆိုရှယ်မီဒီယာ အသုံးပြုမှုသည် ၂၀၁၅ ခုနှစ်က ခုနစ်သန်းခန့်သာ ရှိခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် ၂၁ သန်းအထိ ရှိလာပြီဖြစ်ပါကြောင်း၊ အမုန်းစကားနှင့်သတင်းအတု၊ သတင်းအမှားများကို ကာကွယ်တားဆီးရန် နည်းလမ်းများအတွက် အစီအမံများကို ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကဲ့သို့ ဒီမိုကရေစီ အသွင်ကူးပြောင်းဆဲ နိုင်ငံအနေဖြင့် အဆိုပါပြဿနာများကို အထူးသတိထားရမည်ဖြစ်ပြီး ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ချမှတ်ထားသည့် စံ (၅) ချက်နှင့်အညီဖြစ်စေရေးကိုလည်း ထိခိုက်နိုင်ပါကြောင်း၊ အမုန်းစကားများ၊ သတင်းအတုများနှင့် စပ်လျဉ်း၍ သဘောထားကွဲလွဲမှုများ မဖြစ်စေရန် ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် ယခုတက်ရောက်လာကြသည့် ပုဂ္ဂိုလ်များအားလုံး ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း။

**ကိုယ်ကျင့်တရားသည်အဓိက**

အမုန်းစကားများ လျော့နည်းပပျောက်စေရေးအတွက် သဘောတူရေးဆွဲထားသည့် ကျင့်ဝတ်များရှိသော်လည်း အားလုံးလိုက်နာမှသာ ထိရောက်မှုရှိမည် ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ကျင့်သုံးလိုက်နာနိုင်ရန် လူတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရားသည်သာ အဓိကဖြစ်ပါကြောင်း၊ ကော်မရှင်၏ လုပ်ဆောင်ချက်များ၊ ကော်မရှင်မှ ထုတ်ပြန်သည့် ညွှန်ကြားချက်များ၊ ကြေညာချက်များကို နိုင်ငံပိုင်သတင်းစာများ၊ ရုပ်မြင်သံကြားနှင့် UEC Website တို့မှတစ်ဆင့် ပြည်သူလူထုသိရှိစေရန် ထုတ်လွှင့်ဖော်ပြပေးလျက်ရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြည်သူလူထုအသိပညာပေး လုပ်ငန်းများနှင့် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူလူထုထံ သတင်းအချက်အလက်များ အမြန်ဆုံးရောက်ရှိနိုင်မည့် UEC Facebook Page ကိုလည်း အသုံးပြုသွားမည် ဖြစ်ပါကြောင်း၊ ထို့ပြင် အမုန်းစကားများ၊ သတင်းအတု၊ သတင်းအမှားများ တားဆီးကာကွယ်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ Facebook Team တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် သတင်းအမှန်ထုတ်ပြန်ရေးအစီအစဉ်ကို ကော်မရှင်ရုံးတွင် အပတ်စဉ် ဆောင်ရွက်လျက် ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ USIP အဖွဲ့မှ Mr. Jason Tower က အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**သုံးရက်တာကျင်းပသွားမည်**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၃ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**"အမုန်းစကားနှင့် သတင်းအတု၊ သတင်းအမှားများကို ကာကွယ်တားဆီးရန် နည်းလမ်းများအတွက် အစီအမံများကို ထည့်သွင်းစဉ်းစားရန် လိုအပ်မည်၊ မြန်မာနိုင်ငံကဲ့သို့ ဒီမိုကရေစီအသွင်ကူးပြောင်းဆဲ နိုင်ငံအနေဖြင့် အဆိုပါပြဿနာများကို အထူးသတိထားရမည်ဖြစ်"**

## လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပြည်ထောင်စုရှေ့နေချုပ်ရုံး**
**သတင်းထုတ်ပြန်ချက်**
**၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၂ ရက်)**

**လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း**

၁။ နိုင်ငံတော်သမ္မတရုံးသည် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မြန်မာ့တပ်မတော်နှင့် ARSA အကြမ်းဖက်အဖွဲ့တို့အကြား ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုဖြစ်စဉ်များအတွင်း ရခိုင်ပြည်နယ်၌ လူ့အခွင့်အရေးချိုးဖောက်မှုများရှိကြောင်း စွပ်စွဲချက်များအပေါ် စုံစမ်းစစ်ဆေးရန် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် (Independent Commission of Enquiry – ICOE) ကို ဖွဲ့စည်းခဲ့ပါသည်။

၂။ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်သည် အဆိုပါတိုက်ခိုက်မှုဖြစ်စဉ်များအတွင်း လူ့အခွင့်အရေးချိုးဖောက်ကြောင်း စွပ်စွဲချက်များ၊ ကိစ္စရပ်များကို စုံစမ်းစစ်ဆေးခဲ့ပြီး နိုင်ငံတော်သမ္မတထံ တင်ပြသည့် နောက်ဆက်တွဲ ၃၁ ခု အပါအဝင် စာမျက်နှာ ၄၅၀ ကျော်ပါ ကျယ်ကျယ်ပြန့်ပြန့် ပြုစုထားသော အပြီးသတ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတထံမှ လက်ခံရရှိခဲ့ပါသည်။

၃။ ယင်းကော်မရှင်သည် တိုက်ခိုက်မှုဖြစ်စဉ်များအတွင်း အရပ်သားများကို သတ်ဖြတ်ခြင်း၊ အင်အားမမျှမတ သုံးစွဲခြင်း၊ လုယက်မှုကျူးလွန်ခြင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင် မြို့နယ်များတွင် မူဆလင်များ စွန့်ခွာသွားသော နေအိမ်များ ဖျက်ဆီးခြင်းစသည့် ရာဇဝတ်မှုများကို ARSA အဖွဲ့ဝင်များနှင့် ၎င်းတို့၏အလိုတူပူးပေါင်းပါဝင်ခဲ့သူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားများက ကျူးလွန်ခဲ့ကြကြောင်း၊ ကျေးရွာများ၊ အထူးသဖြင့် မင်းကြီးရွာ(တူလာတိုလီ)၊ ချွတ်ပြင်ရွာနှင့် မောင်နုရွာတို့တွင် အသက်ဆုံးရှုံးမှုများပြားခဲ့ကြောင်းတို့နှင့်စပ်လျဉ်းသည့် သက်သေခံချက်များအပေါ် အခြေခံ၍ အစီရင်ခံစာကို ပြုစုထားပါသည်။

၄။ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်များနှင့်အညီ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်ရေးနှင့် အထောက်အထားများခိုင်လုံပါက တရားစွဲဆိုမှုများ ပြုလုပ်နိုင်ရေးတို့အတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည် ဖြစ်ပါသည်။

၅။ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် အစီရင်ခံစာပါ ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူများအား စုံစမ်းစစ်ဆေး တရားစွဲဆိုအရေးယူမှုအခြေအနေကို ဆက်လက်ထုတ်ပြန်မည်ဖြစ်ပါသည်။

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

## လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) ၏ အပြီးသတ်အစီရင်ခံစာနှင့် စပ်လျဉ်း၍ တပ်မတော်၏ သဘောထားထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၂၁**

လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) ၏ အပြီးသတ်အစီရင်ခံစာနှင့်စပ်လျဉ်း၍ တပ်မတော်၏ သဘောထားထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့တွင် ထုတ်ပြန်လိုက်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ထုတ်ပြန်ချက်၌ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ARSA က ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လုံခြုံရေးရဲကင်းများနှင့် တပ်ဌာနချုပ်တစ်ခုတို့ကို ဝင်ရောက်တိုက်ခိုက်မှုများ ပေါ်ပေါက်ခဲ့ပြီးနောက် တပ်မတော်က နယ်မြေတည်ငြိမ်မှုစစ်ဆင်ရေးဆောင်ရွက်ခဲ့ရကြောင်း၊ နယ်မြေတည်ငြိမ်မှုစစ်ဆင်ရေး၏ နောက်ဆက်တွဲဖြစ်စဉ်များကို စုံစမ်းစစ်ဆေးရန်အတွက် နိုင်ငံတော်သမ္မတရုံးက လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်(Independent Commission of Enquiry – ICOE) ကို ဖွဲ့စည်းခဲ့ကြောင်း။

**လိုအပ်သောထွက်ဆိုချက်များပေးခဲ့**

ICOE ၏ အပြီးသတ်အစီရင်ခံစာအား ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၁ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း၊ ICOE က သက်သေခံအချက်အလက်များစုဆောင်းရာတွင် တပ်မတော်သားများက လိုအပ်သောထွက်ဆိုချက်များကို ပေးခဲ့ကြောင်း။

ICOE ၏ အစီရင်ခံစာမထုတ်ပြန်မီ ၂၀၁၉ ခုနှစ် နိုဝင်ဘာလနှောင်းပိုင်းကာလမှစတင်၍ ဂူတာပြင်ဖြစ်စဉ်နှင့် စပ်လျဉ်းသည့် စစ်တရားရုံးကို ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်မြို့နယ်ရှိ နယ်မြေခံတပ်၌ ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး စစ်တရားရုံး စစ်ဆေးစီရင်ခြင်းအား စုံစမ်းစစ်ဆေးရေးခုံရုံး၏ အစီရင်ခံတင်ပြမှုအရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

**ဆက်လက်စုံစမ်းစစ်ဆေးသွားမည်**

တပ်မတော်အနေဖြင့် ICOE ၏ အစီရင်ခံစာပါ တပ်မတော်နှင့်စပ်လျဉ်းသည့် အကြံပြုချက်များကို လေ့လာသွားမည့်အပြင် စစ်ဥပဒေချုပ်ရုံးကလည်း အစီရင်ခံစာတစ်ခုလုံးကို အသေးစိတ်လေ့လာသွားမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ကြိုတင်ကြံရွယ်ချက်မရှိဘဲ ARSA အဖွဲ့များနှင့် ဒေသရှိသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နိုင်ငံတော်အချုပ်အခြာအာဏာနှင့် ဒေသခံတိုင်းရင်းသားများ၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန်အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း ကွပ်ကဲမှုအဆင့်ဆင့်တွင် မှားယွင်းစွာလုပ်ဆောင်သူများကို စုံစမ်းစစ်ဆေးရေးခုံရုံးက ဆက်လက်စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း။

စုံစမ်းစစ်ဆေးရေးခုံရုံး၏ တွေ့ရှိချက်အရ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ကြောင်းခိုင်လုံသည့် သက်သေအထောက် အထားတွေ့ရှိခဲ့ပါက စစ်ဘက်တရားစီရင်ရေး၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ဥပဒေချုပ်ရုံးမှ သတင်းရရှိသည်ဟု ဖော်ပြထားသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၂၁**

မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေး ကော်မတီ တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ မြန်မာသမိုင်းအဖွဲ့၊ မြန်မာစာအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

### သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် အမွေအနှစ်များကို UNESCO သို့ အမည်စာရင်းတင်သွင်းရန် စီစဉ်နေပြီဖြစ်

အစည်းအဝေးတွင် မြန်မာနိုင်ငံ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက UNESCO ၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးကွန်ဗင်းရှင်း ၂၀၀၃ အပေါ် မြန်မာနိုင်ငံအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ရန်နှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် ယခင်ကျင်းပပြီးစီးခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များအရ မိမိတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လာခဲ့သည်မှာ အတိုင်းအတာပမာဏ တစ်ခုအထိ အရှိန်အဟုန်ရနေပြီဖြစ်ပါကြောင်း၊ လိုအပ်သည့် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စိစစ်ရေးပညာရှင်အဖွဲ့ ဖွဲ့စည်းခြင်း၊ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ဆောင်းပါးများဖော်ပြခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်သော ပြည်ထောင်စုဖြစ်သည်နှင့်အညီ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အမျိုးအစားများနှင့် ပညာရှင်များ စုံလင်စွာရှိပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအနက်မှ စံသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် အမွေအနှစ်များကို နိုင်ငံတကာအဆင့် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရန်အတွက် UNESCO သို့ အမည်စာရင်းတင်သွင်းရန်လည်း စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ဆက်လက်၍ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်နိုင်ရေးအတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးဆောင်ပြီး ဆက်စပ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့အနေဖြင့် မိမိတို့နိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအနက်မှ စံသတ်မှတ်ချက်များ ကိုက်ညီသည့်အမွေအနှစ်များကို နိုင်ငံတကာအဆင့် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လာပါကြောင်း၊ ယခု UNESCO ၏ လူသားအမျိုးအနွယ်ကို ကိုယ်စားပြုစာရင်း (Representative List of the Intangible Cultural Heritage of Humanity ) သို့ မြန်မာ့သနပ်ခါးယဉ်ကျေးမှု ဓလေ့ထုံးစံကို အမည်စာရင်းတင်သွင်းရန် စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ မြန်မာ့သနပ်ခါးသည် UNESCO 2003 ကွန်ဗင်းရှင်းပါ သတ်မှတ်ချက် Domain (၅)ခုလုံးနှင့်လည်း အကျုံးဝင်ခြင်း၊ မိမိတို့တစ်မျိုးသားလုံး၏ ယဉ်ကျေးမှုလက္ခဏာတစ်ရပ်အဖြစ် ကိုယ်စားပြုခြင်း၊ မိမိတို့လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို ကိုယ်စားပြုတန်ဖိုးထား၊ မြတ်နိုးထိန်းသိမ်းထားရှိလျက်ရှိသောကြောင့် မိမိတို့ တစ်မျိုးသားလုံး၏ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးစသည့် နေ့စဉ်လူနေမှုဘဝတွင် အရေးပါသောနေရာ၌ ပါဝင်နေသည့်အပြင် သတ်မှတ်စံနှုန်းများနှင့်လည်း ကိုက်ညီနေခြင်းကြောင့် မြန်မာ့သနပ်ခါးကို UNESCO သို့ အမည်စာရင်းတင်သွင်းရန် လျာထားခြင်းဖြစ်ပါကြောင်း။

### ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေး လုပ်ငန်းစဉ်အောင်မြင်စေရန် ပူးပေါင်းကူညီဆောင်ရွက်ပေး

မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် မှတ်ပုံတင်စာရင်း (National Register of the Intangible Cultural Heritage of Myanmar) ကို ပြုစုပြီးဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးသို့တက်ရောက်လာကြသည့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပညာရှင်များက မိမိတို့ဆောင်ရွက်လျက်ရှိသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းစဉ်ကြီးကို အောင်မြင်စေရန်အတွက် တာဝန်ကျနေရာအသီးသီးကနေ ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ၊ ပညာရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများကမိမိတို့ဒေသအလိုက် ဆောင်ရွက်နေသည့် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကိစ္စများနှင့် သက်ဆိုင်သည့် အချက်အလက်များအား ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စိစစ်ရေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးညွန့်ဟန်၊ ဒေါက်တာဒေါ်နုမြဇံနှင့် ပါမောက္ခ ဒေါက်တာကြင်စွမ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသံလွင်ထွန်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်တို့က အထွေထွေဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်များအတွက် အိန္ဒိယနိုင်ငံအစိုးရက ပေးပို့လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၁**

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်နေရပ်စွန့်ခွာသူများအတွက် အိန္ဒိယနိုင်ငံအစိုးရက ပေးပို့လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၂၃၅၄၅၆ တန်ဖိုးရှိသော ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းက ရခိုင်ပြည်နယ် စစ်တွေမြို့ အိန္ဒိယဆိပ်ကမ်းသို့လှောင်ရုံ၌ ကျင်းပသည်။

### အိမ်အလုံး ၂၅၀ လွှဲပြောင်းပေးအပ်ခဲ့

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အိန္ဒိယနိုင်ငံက လှူဒါန်းသော ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်း (Relief Aid Bag ) ၂၀၀၀၀ သည် ဘေးဒုက္ခခံစားရသူများအတွက် များစွာအသုံးဝင်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ အဆင်ပြေမှုရှိစေရန် အစဉ်တစိုက် ကြိုးပမ်းလျက်ရှိပါကြောင်း၊ မိတ်ဖက်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိရာ အိန္ဒိယနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီများပေးအပ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာ ရေးထိုး၍ အိန္ဒိယနိုင်ငံက ငါးနှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၂၅ သန်းတန်ဖိုးရှိ အထောက်အပံ့အကူအညီများ ပေးအပ်လျက်ရှိရာ ပြီးခဲ့သည့်နှစ်အတွင်းက မောင်တောမြို့နယ်ရှိ ရွှေဇား၊ နံ့သာတောင်နှင့် ကြိမ်ချောင်းတောင်ကျေးရွာများတွင် အိမ်အလုံး ၂၅၀ ကို ဆောက်လုပ်ပြီးစီးခဲ့ပြီဖြစ်၍ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အိန္ဒိယသံအမတ်ကြီးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

ယခု ဘဏ္ဍာရေးနှစ်တွင်လည်း ဖွံ့ဖြိုးမှုစီမံချက် (၁၂)ခုကို Project Agreement များ ရေးထိုးဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှုအတွက် အဘက်ဘက်က ဆောင်ရွက်လျက်ရှိရာ စင်ကာပူနိုင်ငံအခြေစိုက် အလှူရှင်အဖွဲ့အစည်းဖြစ်သည့် Asian Philanthropy Circle (APC) နှင့် Mainly I love Kids (MILK) တို့နှင့် ပူးပေါင်း၍ ရခိုင်ပြည်နယ်ရှိ လူငယ်များကို ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပိုမိုပါဝင်နိုင်ရန်နှင့် လိုအပ်သော ကျွမ်းကျင်မှုများနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများကို သင်ကြားပေးနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်တစ်ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ မိတ်ဆွေနိုင်ငံများ၏ အကူအညီများသည် မိမိတို့အတွက် အင်အားတစ်ခုဖြစ်စေပါကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ဆက်ဆံရေးသည် နှစ်ပေါင်းများစွာကတည်းက လူမှုရေး၊ စီးပွားရေး၊ ဘာသာရေးနှင့် ယဉ်ကျေးမှုခြင်း ကူးလူးဆက်ဆံမှုများရှိခဲ့ရာ ကောင်းမွန်သော နှစ်နိုင်ငံဆက်ဆံရေးသည် ဆက်လက်တည်မြဲနေမည်ဖြစ်ကြောင်း ပြောကြားသည်။

### ထောက်ပံ့ပစ္စည်းများ လိုအပ်သူထံရောက်ရေးဆောင်ရွက်

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ အိန္ဒိယနိုင်ငံက ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများနှင့် ယခုကဲ့သို့ ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်းမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ထောက်ပံ့ရေးပစ္စည်းများကို အမှန်တကယ် လိုအပ်သူများထံသို့ ရောက်ရှိစေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင် နေရပ်စွန့်ခွာသူများအတွက် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက ရခိုင်ပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး၍ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍများတွင် အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကိစ္စများနှင့် ပူးပေါင်းဆောင်ရွက်ပေးရသည့်အတွက် ဝမ်းမြောက်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှူဒါန်းပေးအပ်ထားသည့် ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အိမ်မွေးတိရစ္ဆာန်များ မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာခရိုင်အလိုက် နှစ်စဉ်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် လှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းက **လှိုင်မြို့နယ် ဗဟိုလမ်းမကြီးပေါ်တွင် သပ်ရပ်သေသပ်သော လမ်းလယ်ကျွန်းများပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက လှိုင်မြို့နယ်အတွင်းရှိ ဗဟိုလမ်းပိုင်းသည် သမိုင်းချောင်းနှင့် ရွာမကျောင်းလမ်းကြားတွင်တည်ရှိပြီး ယင်းလမ်းကို ကွန်ကရစ်လမ်းသစ်အဖြစ် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယင်းကွန်ကရစ်လမ်းသည် အလျားပေ ၉၆၀၀၊ အကျယ် ၄၈ ပေရှိကာ လမ်းလယ်ကျွန်းကို အဖြူရောင်ကွန်ကရစ်တုံးများဖြင့် ဆောင်ရွက်ထားပါကြောင်း၊ လှိုင်မြို့နယ်အတွင်းရှိ ဗဟိုလမ်းပိုင်းတွင် ရွာမကျောင်းလမ်းနှင့် ကမာရွတ်ဘူတာရုံလမ်း၊ ကမာရွတ်ဘူတာရုံလမ်းနှင့် အုတ်ကျင်းဘူတာရုံ လမ်း၊ အုတ်ကျင်းဘူတာရုံလမ်းနှင့် ပါရမီလမ်း၊ ပါရမီလမ်းနှင့် သမိုင်းချောင်း စသည်ဖြင့် အဖြတ်လေးဖြတ်ရှိကြောင်း။

### ဆောင်ရွက်ပေးမည်

အဆိုပါအဖြတ်များအနက် ရွာမကျောင်းလမ်းနှင့် ကမာရွတ် ဘူတာရုံလမ်းအဖြတ်သည် အရှည်ဆုံးဖြစ်သည့်အတွက် ယင်းလမ်းတစ်လျှောက်ရှိ လမ်းလယ်ကျွန်းများကို အဖြူရောင်ကွန်ကရစ်တုံးများဖြင့် ပြောင်းလဲဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်လမ်းအဖြတ်များတွင် လမ်းလယ်ကျွန်းများထားရှိပါက ယာဉ်ကြောကျပ်တည်းမှု ဖြစ်ပေါ်နိုင်သည့်အတွက် ထင်သာမြင်သာသော ဆေးအရောင်အမှတ်အသားများဖြင့်သာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နန္ဒအောင်က **ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အိမ်မွေးတိရစ္ဆာန်များ မှတ်ပုံတင်ခြင်းကို အလွယ်တကူပြုလုပ်ပေးနိုင်ရန်၊ မွေးမြူသူများအနေဖြင့် တည်ဆဲဥပဒေများနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာ စနစ်တကျမွေးမြူတတ်စေရန် အသိပညာပေးခြင်းများကို မြို့နယ်များ၊ ရပ်ကွက်များအထိ စိစစ်ဆောင်ရွက်ပေးရန်နှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက မြို့တော်နယ်နိမိတ်အတွင်း မှတ်ပုံတင်ရန်လိုအပ်သည်ဟု ကော်မတီမှသတ်မှတ်သည့် အိမ်မွေးတိရစ္ဆာန် (အထူးသဖြင့် ခွေးနှင့်ကြောင်)များ မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာခရိုင်အလိုက် နှစ်စဉ်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ မှတ်ပုံတင်ခြင်းဆောင်ရွက်ရာတွင် လွယ်ကူစွာလျှောက်ထားနိုင်ရေးနှင့် စနစ်တကျစိစစ်ခွင့်ပြုနိုင်ရေးတို့အတွက် အိမ်မွေးတိရစ္ဆာန်မွေးမြူခွင့် မှတ်ပုံတင်လျှောက်လွှာများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ Website ဖြစ်သော www.ycdc.gov.mm တွင် Download ပြုလုပ်ခြင်း၊ကော်မတီရုံးများ၊ ပြည်သူ့ကျန်းမာရေးနှင့် ဈေးများလုပ်ငန်း တာဝန်ခံအဖွဲ့၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများ ဌာနလက်အောက်ရှိ ကုသရေးနှင့် ကာကွယ်ရေးဌာနခရိုင်ရုံးများတွင် လျှောက်ထားနိုင်ပါကြောင်း၊ ထိုသို့လျှောက်ထားမှုများသည် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိပါက သတ်မှတ်ထားသည့် အခွန်အခများကိုပေးသွင်းပြီး အိမ်မွေးတိရစ္ဆာန်မှတ်ပုံတင်များ အလျင်အမြန်ထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

### အသိပညာပေး

အိမ်မွေးတိရစ္ဆာန်များကို စနစ်တကျမွေးမြူတတ်စေရန်နှင့် မိမိ၏ အိမ်မွေးတိရစ္ဆာန်နှင့်ပတ်သက်၍ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်တို့အတွက် လူထုဆက်သွယ်ရေးမီဒီယာများဖြစ်သည့် သတင်းစာ၊ ဂျာနယ်၊ ရုပ်သံ၊ အွန်လိုင်းတို့မှတစ်ဆင့် အသိပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ပညာပေးဗီဒီယိုလမ်းတိုများကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအပေါ် တိုင်းဒေသကြီး ပြည်သူ့ငွေစာရင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ကိုးဦးက စတင်ဆွေးနွေးကြသည်။

### လွှတ်တော်သို့ တင်ပြ

တိုင်းဒေသကြီးစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို လွှတ်တော်အစည်းအဝေး ပထမနေ့တွင် ရှင်းလင်းတင်ပြခဲ့ခြင်းဖြစ်ပြီး ယင်းအစီရင်ခံစာနှင့် စပ်လျဉ်းသည့် တိုင်းဒေသကြီး ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို အစည်းအဝေး ဒုတိယနေ့နှင့် တတိယနေ့တို့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်လေးဦးတို့က လွှတ်တော်သို့ ဖတ်ကြားတင်ပြခဲ့ကြခြင်းဖြစ်သည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ဇန်နဝါရီ ၂၂ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# AFC Cup ခြေစစ်ပွဲအကြို သတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၁**

၂၀၂၀ AFC Cup ပြိုင်ပွဲ ခြေစစ်ပွဲအဖြစ် ဘရူနိုင်းကလပ် အင်ဒရာအသင်းနှင့် မြန်မာကလပ် ရန်ကုန်ယူနိုက်တက် အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ယင်းပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက ဘရူနိုင်းနိုင်ငံ၌ ကျင်းပသည်။

ရန်ကုန်အသင်း နည်းပြချုပ် ဦးတင်မောင်ထွန်းက "ခြေစစ်ပွဲကစားရမယ့် အင်ဒရာအသင်းနဲ့ ပတ်သက်ပြီး လေ့လာထားပါတယ်။ ကစားသမားကောင်းတွေ ပါဝင်တဲ့အတွက် လျှော့မတွက်ဘဲ အကောင်းဆုံး ယှဉ်ပြိုင်မှာပါ။ ကျွန်တော်တို့အသင်းကိုလည်း အကောင်းဆုံးပြင်ဆင်ထားပါတယ်။ ဒီရာသီအစမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ သုံးပွဲက လိုအပ်ချက်၊ အားနည်းချက်တွေကို ပြန်ပြင်ဆင်ထားပါတယ်။ ကစားသမားတချို့ ဒဏ်ရာနဲ့ ပွဲပယ်ပြဿနာတွေရှိနေပေမယ့် အကောင်းဆုံးယှဉ်ပြိုင်မှာပါ။ နှစ်ကျော့ကစားရမှာ ဖြစ်တဲ့အပြင် ပထမအကျော့ကို အဝေးကွင်းမှာ ကစားရမှာဖြစ်တာကြောင့် ကျွန်တော်တို့အတွက် အခွင့်အရေးပိုရှိပြီး အကောင်းဆုံးအသုံးချသွားမှာပါ"ဟု ပြောသည်။



အင်ဒရာနှင့် ရန်ကုန်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။ ဓာတ်ပုံ - ရန်ကုန်ယူနိုက်တက်

အင်ဒရာအသင်း နည်းပြချုပ် အမီရာလာနီက "ကျွန်တော်တို့အသင်းအတွက် AFC Cup ပြိုင်ပွဲမှာ ပထမဆုံး ယှဉ်ပြိုင်ခွင့်ရတာဖြစ်ပါတယ်။ ဘရူနိုင်းဘောလုံးလောကအတွက်လည်း သမိုင်းတစ်ခုဖြစ်ပါတယ်။ ဒီပွဲမှာ ရလဒ်ကောင်းဖို့ ရာနှုန်းပြည့် ပြင်ဆင်ထားပါတယ်"ဟု ပြောသည်။ အင်ဒရာအသင်းနှင့် ရန်ကုန်အသင်းတို့သည် ဇန်နဝါရီ ၂၂ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ဘရူနိုင်းနိုင်ငံ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရန်ကုန်အသင်းသည် ယင်းပွဲအတွက် ဇန်နဝါရီ ၂၁ ရက်တွင် ဘရူနိုင်းနိုင်ငံ၌ စတင်လေ့ကျင့်ခဲ့ပြီး အမာခံကစားသမား အများစုဖြင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

*❍ ကျောဖုံးမှ*

ဂျပန်ခရီးစဉ်သို့ လိုက်ပါခွင့်ရခဲ့သည့် ကစားသမားများမှာ **ဂိုးသမား**- ခွန်အေးချမ်းအောင်၊ သီဟန်ဖြိုး၊ ဖြိုးသုတ၊ **နောက်တန်း**- စောသိန်းဝင်းအောင်၊ ထွန်းလင်းအောင်၊ အောင်မျိုး၊ ညီညီလင်း၊ ပြည့်ဖြိုးဇော်၊ အောင်မျိုးထက်၊ မြင့်နိုင်၊ ခမ်ဗျက်ထွေဝင်၊ **အလယ်တန်း**- ကောင်းခန့်ကျော်၊ လှိုင်ထွဋ်၊ အောင်ဇော်မျိုး၊ ရဲရင့်အောင်၊ ခွန်နေအောင်၊ ဟန်ထွန်းဇော်၊ ကျော်မင်းထက်၊ **ရှေ့တန်း**-သန်းလင်းကို၊ မျိုးသန်းကျော်၊ စောမျိုးဇော်၊ သက်ပိုင်ဖြိုး၊ စောနေဝင်းထွန်း၊ အောင်ကောင်းမြတ်နှင့် စောချမ်းမြေ့ ကိုကိုတို့ ပါဝင်ကြသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လူငယ်ကစားသမားများကို ပြုစုပျိုးထောင်ပေးလိုသည့် ရည်ရွယ်ချက်ဖြင့် ယခုအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်သည်။ **ညီမြတ်သော်တာ**

# EII Pilot Project Scale-up Strategy နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဦးစီး၍ လူမှုဖူလုံရေးအဖွဲ့နှင့် ILO မှ ကိုယ်စားလှယ်များ၊ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များနှင့် သုတေသနပညာရှင်များ ပါဝင်သောကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံမည့် EII Pilot Project Scale-up Strategy နှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၌ ကျင်းပမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် လာရောက်သတင်းရယူရိုက်ကူးနိုင်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

# နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် ဇန်နဝါရီ ၂၁**

ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ် အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**မိုး/ဇလ**

# ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များရိုက်နှိပ်၊ ထုတ်ဝေ၊ ဖြန့်ဖြူးနိုင်ရေးဆောင်ရွက်နေမှု ရှင်းလင်းတင်ပြခြင်းအခမ်းအနားကျင်းပ



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များရိုက်နှိပ်၊ ထုတ်ဝေ၊ ဖြန့်ဖြူးနိုင်ရေးဆောင်ရွက်နေမှု ရှင်းလင်းတင်ပြခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၂၁**

၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များရိုက်နှိပ်၊ ထုတ်ဝေ၊ ဖြန့်ဖြူးနိုင်ရေးဆောင်ရွက်နေမှု ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တင်ဒါလက်ခံရေးနှင့် စိစစ်ရေး ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် မြန်မာတစ်နိုင်ငံလုံးတွင်ရှိသည့် အခြေခံပညာ ကျောင်းသား ကျောင်းသူ ကိုးသန်းကျော်နှင့် ဆရာ ဆရာမ လေးသိန်းကျော်အတွက် ကျောင်းသုံးစာအုပ် သန်း ၁၁၀ ကျော်ကို ရိုက်နှိပ်ထုတ်ဝေရန် ပညာရေးဝန်ကြီးဌာနက လုပ်ငန်းအပ်နှံထားပါကြောင်း၊

လုပ်ငန်းအပ်နှံသည့် ကျောင်းသုံးစာအုပ် သန်း ၁၁၀ ကျော်မှ ကျောင်းသုံးစာအုပ် သန်း ၄၀ ကျော်ကို ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပါကြောင်း၊ ကျန်ရှိသည့် ကျောင်းသုံးစာအုပ် သန်း ၇၀ ကျော်ကို ရိုက်နှိပ်ထုတ်ဝေရန်အတွက် နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်ပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျ ပြင်ပပုံနှိပ်လုပ်ငန်းရှင်များကို တင်ဒါခေါ်ယူရွေးချယ်ပြီး လုပ်ငန်းများ အပ်နှံခဲ့ပါကြောင်း၊

ယှဉ်ပြိုင်ခွင့်ရှိသည့် လုပ်ငန်းရှင်အားလုံးကို ခွဲခြားမှုမရှိဘဲ သိက္ခာရှိစွာဖြင့် ပါဝင်ယှဉ်ပြိုင်ခွင့်ရအောင် ကြိုးစားဆောင်ရွက်ခဲ့ပါကြောင်း၊ တင်ဒါအောင်မြင်သည့် လုပ်ငန်းရှင်များကို တင်ဒါစည်းမျဉ်းစည်းကမ်းများ စာချုပ်ပါ ကတိကဝတ်များနှင့်အညီ ဆောင်ရွက်စေခဲ့ပါကြောင်း၊ တစ်ချိန်တည်းမှာပင် ယင်းတို့အနေဖြင့် စည်းမျဉ်းစည်းကမ်း ကတိကဝတ်များနှင့် ညီညွတ်လိုက်နာခြင်းရှိ မရှိကို ယင်းတို့၏ ပုံနှိပ်စက်ရုံများကို သွားရောက်ပြီး စနစ်တကျ စစ်ဆေးခဲ့ပါကြောင်း၊ ထိုသို့ သွားရောက်စစ်ဆေးရာတွင် တွေ့ရှိရသည့် အခြေအနေများကို ယနေ့အစည်းအဝေးတွင် ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ထပ်မံ၍လည်း ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်ရုံများသို့ ကွင်းဆင်းစစ်ဆေးမည့် အစီအစဉ်များရှိသည်ကို ကြိုတင်အသိပေးလိုပါကြောင်း၊

နိဂုံးချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံအတွင်းရှိ ကျောင်းသား ကျောင်းသူ ကိုးသန်းကျော်နှင့် ဆရာ ဆရာမ လေးသိန်းကျော် လက်ဝယ်သို့ ကျောင်းသုံးစာအုပ်များ အချိန်မီရောက်ရှိရေးသည် မိမိတို့၏ ပန်းတိုင်ဖြစ်ပါကြောင်း၊ အလွန်မွန်မြတ်ပြီးအရေးကြီးသည့် အမျိုးသားရေးတာဝန်ကြီးတစ်ခုလည်း ဖြစ်ပါကြောင်း၊ ယင်းကိုမိမိတို့ဝန်ကြီးဌာနတစ်ခုတည်းဖြင့် မဆောင်ရွက်နိုင်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းရှင်များအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တင်ဒါလက်ခံရေးနှင့် စိစစ်ရေး ကော်မတီအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်၊ ထုတ်ဝေ၊ ဖြန့်ဖြူးနိုင်ရေးအတွက် ကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ ကြိုတင်စည်းကမ်းသတ်မှတ်ချက်ကို အတည်ပြုခဲ့မှု၊ ပြင်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကြိုတင်ခေါ်ယူရှင်းလင်းမှု၊ တင်ဒါအောင်မြင်သူများစာရင်းနှင့် တင်ဒါအောင်မြင်သူများကို စစ်ဆေးခဲ့မှုများကို ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တင်ဒါလက်ခံရေးနှင့် စိစစ်ရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး - ၁ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ထောက်ပံ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ အရည်အသွေးစစ်ဆေးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ထောက်ပံ့ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့် ပြင်ပပုံနှိပ်လုပ်ငန်းများသို့ သွားရောက်စစ်ဆေးမှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်သူများက အထွေထွေဆွေးနွေး တင်ပြကြပြီး ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိဂုံးချုပ် အမှာစကား ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (MPPA) နှင့် အထက်မြန်မာပြည် ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (MRPPA) တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာ လုပ်ငန်းကော်မတီ၏ စတုတ္ထအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၁

**မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ စတုတ္ထအကြိမ်အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံး မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



အစည်းအဝေးတွင် ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က လူငယ်များနှင့် ကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှု အခန်းကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ပုံရိပ်ကို ဖန်တီးပေးရာတွင် အလွန်အရေးကြီးသည့်အတွက် လူငယ်များနှင့် ကလေးများသည် နိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သော အရင်းအမြစ်များဖြစ်ကြောင်း၊ ကလေးအလုပ်သမား လျော့နည်းပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ ရေရှည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေပိုင်းဆိုင်ရာများအား နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ပြင်ဆင်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန် ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေရေးရာ လုပ်ငန်းကော်မတီအနေဖြင့် ယင်း၏ လုပ်ငန်းတာဝန်များကို လုပ်ငန်းစီမံချက်နှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် ဥပဒေရေးရာ မူဘောင်များကို နိုင်ငံတကာစံနှုန်းများနှင့် ညီညွတ်စေရန် သုံးသပ်ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများက လုပ်ငန်းအစီအစဉ်များအပေါ် ဝိုင်းဝန်းဆွေးနွေး အကြံပြုကြရန် ပြောကြားသည်

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၂၂-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၈:၄၀ - "အားကစားသိပ္ပံပညာနှင့် အားကစားဆေးပညာဆိုင်ရာ ညီလာခံ"(ဆွေးနွေးခန်း)
- ၉:၂၀ - စိုက်ပျိုးရေးရာအဖြေရှာ "စူးစမ်းလေ့လာတောင်သူများဆီမှာ" (ညောင်ပင်သာကျေးရွာ)
- ၁၂:၃၀ - တက္ကသိုလ်ရာပြည့်ဂုဏ်ပြု Logo(100)+တက္ကသိုလ်ရာပြည့်ဂုဏ်ပြုအစီအစဉ် (Promo)
- ၁၂:၃၅ - "မောင်တောစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာသက်သက်ဇင်နှင့် တွေ့ဆုံမေးမြန်းခန်း"

**ညပိုင်း**

- ၁၆:၂၀ - ရုပ်ရှင်ရာပြည့်(Promo)
- ၁၆:၄၅ - "နှလုံးသားဖြင့်ရင်း၍"
- ၁၇:၀၅ - "အရောက်သွားလို့ လေ့လာမည် ကချင်ပြည်နယ် ဗန်းမော်မြို့ဆီ"
- ၁၈:၂၀ - တက္ကသိုလ်ရာပြည့်ဂုဏ်ပြု Logo(100)+တက္ကသိုလ်ရာပြည့်ဂုဏ်ပြုအစီအစဉ် (Promo)
- ၁၈:၂၅ - ပြည်သူ့နီတိစကားဝိုင်း "မြို့ပြနီတိ"
- ၁၈:၄၅ - "သက်ရှိရေအောက်ကမ္ဘာငယ်"
- ၁၉:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ
- ၂၀:၀၀ - ပြည်တွင်းသတင်း
- - ရုပ်ရှင်ရာပြည့်(Promo)
- - မြန်မာ့ရုပ်ရှင်ရာပြည့်ဂုဏ်ပြုရုပ်ရှင်"တစ်ဦးကစေတနာ တစ်ဦးကမေတ္တာ" ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ တင်တင်ညို (ဒါရိုက်တာ-ဦးသုခ)


ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော



ကလေးစာပေပွဲတော်

စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

(ရေကြည်မြို့)

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ( ၂၄ ၊ ၂၅ )ရက် ၊ ( သောကြာ ၊ စနေ )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။

တေဇာသီရိခန်းမ ၊ အ.ထ.က ၊ ရေကြည်မြို့။

# ဂျပန်ရေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ အရှေ့အလယ်ပိုင်းဒေသ၌ တာဝန်များ စတင်ထမ်းဆောင်

**တိုကျို ဇန်နဝါရီ ၂၁**

ဂျပန်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ ကင်းလှည့်လေယာဉ်တပ်ဖွဲ့သည် အရှေ့အလယ်ပိုင်းဒေသ၌ ထောက်လှမ်းရေးဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းရယူနိုင်ရေး စတင်ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၁၁ ရက်က ဂျပန်မှ ထွက်ခွာလာသည့် P 3C အမျိုးအစား ကင်းလှည့်လေယာဉ်နှစ်စင်းသည် ဆိုမာလီယာကမ်းလွန်၌ ပင်လယ်ဓားပြနှိမ်နင်းရေးတာဝန်ကို ဆောင်ရွက်ခဲ့သည့် တပ်ဖွဲ့နေရာတွင် အစားထိုးတာဝန်ယူလိုက်ပြီဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

အဆိုပါ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ကို အရှေ့အာဖရိကနိုင်ငံတစ်ခုဖြစ်သည့် ဂျီဘူတီ၌ အခြေစိုက်ထားပြီး ထောက်လှမ်းရေးဆိုင်ရာအချက်အလက်များ စုဆောင်းရယူမှုအပြင် ဂျပန်နှင့်ကူးလူးဆက်ဆံနေသည့် ဒေသတွင်း ကုန်သွယ်ရေကြောင်း ရေယာဉ်များ ဘေးကင်းလုံခြုံစေရေးအတွက် သတင်းစုဆောင်းမှုတာဝန်များကိုပါ ဆောင်ရွက်မည်ဖြစ်သည်။

ယခုအစီအစဉ်သည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ နိုင်ငံရပ်ခြားသတင်းထောက်လှမ်းမှုဆိုင်ရာ အချက်အလက်စုဆောင်းသည့် ပထမဆုံးကာလရှည်အစီအစဉ်တစ်ခုဖြစ်ကြောင်းသိရသည်။

စုံစမ်းထောက်လှမ်းမှုအတွင်း ပါဝင်ရန်အတွက် ဖျက်သင်္ဘောတစ်စင်း ဖေဖော်ဝါရီလအစောပိုင်းတွင် ဂျပန်မှ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**



ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ P3C ကင်းလှည့်လေယာဉ်ကို တွေ့ရစဉ်။

# အီရန်၏ ဒုံးကျည်နှစ်စင်း ထိမှန်မှုကြောင့် ယူကရိန်းလေယာဉ်ပျက်ကျခဲ့ကြောင်း အတည်ပြု

**တီဟီရန် ဇန်နဝါရီ ၂၁**

ယခုလအတွင်း လူ ၁၇၆ ဦးကို အသက်ဆုံးရှုံးစေခဲ့သည့် ယူကရိန်းခရီးသည်တင်လေယာဉ် ပျက်ကျမှုတွင် အဆိုပါ ပျက်ကျလေယာဉ်မှာ အီရန်စစ်တပ်၏ ဒုံးကျည်နှစ်စင်း ထိမှန်ခံခဲ့ရကြောင်း အီရန်က အတည်ပြုပြောကြားခဲ့သည်။

ပျက်ကျလေယာဉ်မှ ဘလက်ဘောက်စ်ကို စစ်ဆေးရန်အတွက် ပြင်သစ်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့မှ နည်းပညာဆိုင်ရာ အကူအညီများ တောင်းခံခဲ့ပြီးနောက်တွင် အပြုသဘောဆောင်သည့် တုံ့ပြန်မှုကို လက်ခံမည်ဖြစ်ကြောင်း အီရန်ပြည်တွင်းလေကြောင်းအာဏာပိုင်အဖွဲ့အစည်းက ပြောကြားခဲ့သည်။


ပျက်ကျလေယာဉ်၏ အစိတ်အပိုင်းတစ်ခုကို တွေ့ရစဉ်။

ယူကရိန်း ခရီးသည်တင်လေယာဉ်သည် ဇန်နဝါရီ ၈ ရက်က တီဟီရန်ရှိ အီမန်ခိုမေနီ နိုင်ငံတကာလေဆိပ်မှ ပျံသန်းထွက်ခွာလာခဲ့ပြီးနောက် အီရန်၏ Tor-M1 ဒုံးကျည်နှစ်စင်းဖြင့် လေယာဉ် ပစ်ချခံခဲ့ရကြောင်း စုံစမ်းစစ်ဆေးသူများက စစ်ဆေးတွေ့ရှိခဲ့သည်ဟု အီရန်လေကြောင်း အာဏာပိုင်အဖွဲ့က ၎င်း၏ ဝက်ဘ်ဆိုက်တွင် ယမန်နေ့က ရေးသားဖော်ပြခဲ့သည်။

Tor-M1 ဒုံးကျည်သည် ရုရှားလုပ် မြေပြင်မှ ဝေဟင် တာတိုပစ်ဒုံးကျည်ဖြစ်ပြီး လေယာဉ်နှင့် ခရုဇ် ဒုံးကျည်များကို ပစ်မှတ်ထားတိုက်ခိုက်ရန် ဖန်တီးထုတ်လုပ်ထားခြင်းဖြစ်သည်။ လေယာဉ်ပစ်ချခဲ့မှုတွင် အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ လေကြောင်းတပ်မှူး ဗိုလ်ချုပ်ကြီး အမီရာလီ ဟာဂျီဇာဒက်က ၎င်းကိုပေးအပ်သည့် အပြစ်ကို အပြည့်အဝ ခံယူမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၁ ရက်က ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ပါတီဖျက်သိမ်းရန် တောင်းဆိုမှုကို ထိုင်းတရားရုံးက ပယ်ချ

**ဗန်ကောက် ဇန်နဝါရီ ၂၁**

ထိုင်းနိုင်ငံ၏ အဓိကအတိုက်အခံပါတီများထဲမှတစ်ခုကို ဖျက်သိမ်းပေးရန် တောင်းဆိုမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ပယ်ချခဲ့ကြောင်း သိရသည်။ ယင်းပါတီသည် စည်းမျဉ်းခံဘုရင်စနစ်ကို ဖြုတ်ချရန် ကြိုးပမ်းသည်ဟု စွပ်စွဲခံထားရသည်။

အဆိုပါ ပါတီသည် Illuminati ဟု အမည်ရသည့် လျှို့ဝှက်အဖွဲ့အစည်းနှင့်လည်း ချိတ်ဆက်မှုရှိသည်ဟု စွပ်စွဲခံထားရသည်။ ပါတီဘက်မှမူ ယင်းစွပ်စွဲချက်ကို ငြင်းဆိုထားသည်။

ပါတီအဖွဲ့ဝင်များသည် ဘုရင်စနစ်ကို ဖြုတ်ချရန် ကြိုးပမ်းမှုများ မတွေ့ရှိရဟု တရားရုံးက ဇန်နဝါရီ ၂၁ ရက်တွင် ပြောကြားခဲ့သည်။ ထို့အပြင် ထိုင်းနိုင်ငံ၏ ဒီမိုကရေစီစနစ်ကိုလည်း ဆန့်ကျင်ရန် လုပ်ဆောင်မှုမတွေ့ရှိရဟု တရားရုံးက ပြောကြားခဲ့သည်။ အနာဂတ်ရှေ့ဆောင်ပါတီမှာ လွန်ခဲ့သည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် တတိယမဲအများဆုံး ရရှိခဲ့ပြီးနောက် ပါတီတည်ထောင်သူကို လူအများက စိတ်ဝင်စားခဲ့ကြသည်။


ပါတီခေါင်းဆောင် သန်နာသွန်(အလယ်)ကို ဗန်ကောက်ရုံးချုပ်တွင် ဇန်နဝါရီ ၂၁ ရက်က တွေ့ရစဉ်။

ယခုအဖြစ်အပျက်မှာ ပါတီနှင့် ပါတီခေါင်းဆောင်များအတွက် စိန်ခေါ်မှုများထဲမှ တစ်ခုပင်ဖြစ်သည်။ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်းကလည်း သန်နာသွန် ဂျောင်ဂရွန်ဂရူဝန်ခေတ်ကို ရွေးကောက်ပွဲဥပဒေ ချိုးဖောက်မှုဖြင့် ပါလီမန်အမတ်အဖြစ်မှ ပယ်ချခဲ့သည်။

အနာဂတ်ရှေ့ဆောင်ပါတီသည် သန်နာသွန်ထံမှ ဒေါ်လာ ၆သန်း ကျော် တရားမဝင်ချေးငှားခဲ့သည်ဟုလည်း စွပ်စွဲခံထားရသည်။ ယင်းပါတီကို တိုင်းပြည်၏ လူငယ်အများစုက ထောက်ခံခဲ့ကြပြီး ပရာယွတ်ချန်အိုချာ ဦးဆောင်သည့် အစိုးရကို ဆန့်ကျင်သည့် ပြောဆိုမှုများ ပြောဆိုခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဖိလစ်ပိုင်နိုင်ငံမှ အဘူဆေယက်ဖ်စစ်သွေးကြွများ အင်ဒိုနီးရှားငါးဖမ်းသမားငါးဦးကို ပြန်ပေးဆွဲ

**ဂျကာတာ ဇန်နဝါရီ ၂၁**

ဖိလစ်ပိုင်နိုင်ငံမှ အဘူဆေယက်ဖ်စစ်သွေးကြွများသည် အင်ဒိုနီးရှားငါးဖမ်းသမားငါးဦးကို ဘော်နီယိုအရှေ့ပိုင်း ငါးဖမ်းသင်္ဘောပေါ်မှ ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင်သွားကြောင်း ဂျကာတာ အရာရှိများက ဇန်နဝါရီ ၂၁ ရက်တွင် ပြောကြားလိုက်သည်။ ယခုပြန်ပေးဆွဲမှုသည် အဆိုပါဒေသတွင် နောက်ဆုံးဖြစ်ပွားသော ကိစ္စတစ်ခုဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက သင်္ဘောသားများကို ကယ်ဆယ်ရန် မလေးရှားနှင့် ဖိလစ်ပိုင်အာဏာပိုင်တို့ အနီးကပ်ပူးပေါင်းဆောင်ရွက်နေကြောင်းနှင့် အခြားငါးဖမ်းသမားများကိုလည်း အဆိုပါနေရာသို့ မသွားဘဲ ရှောင်ရှားကြရန် သတိပေးထားကြောင်း သိရသည်။

စစ်သွေးကြွများ သင်္ဘောပေါ်တက်လာချိန်တွင် သင်္ဘောပေါ်၌ သင်္ဘောသား ရှစ်ဦးရှိသော်လည်း သုံးဦးကို လွှတ်ပေးခဲ့ကြောင်း သတင်းများတွင်ဖော်ပြထားသည်။ အဆိုပါစစ်သွေးကြွအုပ်စုသည် အိုင်အက်စ်စစ်သွေးကြွအုပ်စုနှင့် ဆက်သွယ်မှုရှိသော်လည်း နီးကပ်သော ဆက်သွယ်မှုမျိုးမဟုတ်ကြောင်း သိရသည်။

အဘူဆေယက်ဖ်အဖွဲ့သည် မိမိကိုယ်ကို အိုင်အက်စ်စစ်သွေးကြွများဟုခံယူ၍ ဖိလစ်ပိုင်တောင်ပိုင်းတွင် အခြေချနေထိုင်လျက်ရှိကာ အနောက်နိုင်ငံသားခရီးသွားများအား ပြန်ပေးဆွဲခြင်း၊ ဗုံးခွဲခြင်း၊ သာသနာပြုများကို ပြန်ပေးဆွဲခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို ၁၉၉၀ ပြည့်နှစ်ကတည်းက ပြုလုပ်လျက်ရှိကြောင်း သိရသည်။

၎င်းအဖွဲ့သည် မကြာသေးမီ နှစ်များအတွင်းကလည်း လုံခြုံရေးလက်တံ အလှမ်းကွာဝေးသည့် မလေးရှားနှင့် အင်ဒိုနီးရှားနယ်စပ်ကြား ပင်လယ်အနီးတွင်လည်း ကုန်တင်သင်္ဘောများ၊ ဆွဲလှေများ၊ ငါးဖမ်းသင်္ဘောများကို ဗိုလ်ကျစိုးမိုးမှုများပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

**အေအက်ဖ်ပီ**

# ကမ္ဘာပေါ်ရှိ လူဦးရေသန်း ၅၀၀ နီးပါးမှာ အလုပ်လက်မဲ့ပြဿနာနှင့် ရင်ဆိုင်နေရ

**ဂျီနီဗာ ဇန်နဝါရီ ၂၁**

ကမ္ဘာပေါ်ရှိ လူဦးရေ သန်း ၄၇၀မှာ လက်ရှိအချိန်တွင်အလုပ်လက်မဲ့ပြဿနာနှင့်ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂက ဇန်နဝါရီ ၂၀ ရက်တွင် ပြောကြားခဲ့သည်။ အလုပ်လက်မဲ့ပြဿနာကြောင့် လူမှုရေးဆိုင်ရာမငြိမ်မသက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့လာရနိုင်ဖွယ်ရှိကြောင်းလည်း သတိပေးထားသည်။ တစ်ကမ္ဘာလုံးဆိုင်ရာ အလုပ်လက်မဲ့နှုန်းမှာ လွန်ခဲ့သည့်ဆယ်စုနှစ်ကျော်မှစတင်ကာ ပုံမှန်အတိုင်းဖြစ်နေကြောင်း ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ကြီးက ပြောသည်။ လွန်ခဲ့သည့်နှစ်က ၅ ဒသမ ၄ ရာခိုင်နှုန်းတွင် ရပ်တန့်နေပြီး အများကြီးပြောင်းလဲသွားမှု မရှိပေ။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှေးကွေးလာခြင်းကြောင့် အလုပ်နေရာများကို လျှော့ချရသည့်အတွက် အလုပ်လက်မဲ့ပမာဏမှာ များပြားလာသည်။

၂၀၁၉ ခုနှစ်တွင် အလုပ်လက်မဲ့ဟု မှတ်ပုံတင်ထားသည့် ပမာဏမှာ ၁၁၈ သန်းရှိပြီး ယခုနှစ်တွင်မူ ၁၉၀ ဒသမ ၅ သန်းရှိသည်ဟု အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်းက နှစ်စဉ်ကျင်းပနေကျဖြစ်သည့် ကမ္ဘာ့အလုပ်သမားနေ့ အခမ်းအနားတွင် ပြောကြားခဲ့သည်။ လူဦးရေသန်း ၅၀၀ နီးပါးသောအရေအတွက်မှာ ကမ္ဘာ့အလုပ်သမားအင်အားနှင့် တွက်ကြည့်လျှင် ၁၃ ရာခိုင်နှုန်းရှိကြောင်းလည်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ကြီးက ထောက်ပြခဲ့သည်။

သန်းပေါင်းများစွာသော လူများမှာ အလုပ်အကိုင်မှတစ်ဆင့် ပိုမိုကောင်းမွန်သည့် ဘဝတည်ဆောက်ရန် အခက်အခဲ ကြုံတွေ့လာကြောင်း အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ အကြီးအကဲဖြစ်သူ ဂေးရိုင်ဒါက ဂျီနီဗာမြို့၌ သတင်းထောက်များကို ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဟော်မုဇ်ရေလက်ကြားသို့ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ စေလွှတ်ပေးမည်

**ဆိုးလ် ဇန်နဝါရီ ၂၁**

တောင်ကိုရီးယားအစိုးရသည် ပြည်သူများနှင့် ရေယာဉ်များကို ကာကွယ်နိုင်ရေးအတွက် ဟော်မုဇ်ရေလက်ကြားသို့ တပ်ဖွဲ့ဝင်များ စေလွှတ်ရန် ဆုံးဖြတ်လိုက်ကြောင်း တောင်ကိုရီးယားအစိုးရက ပြောသည်။

ယခုလက်ရှိလှုပ်ရှားမှုမှာ အေဒင်ပင်လယ်ကွေ့ရှိ တောင်ကိုရီးယားမှ တပ်ဖွဲ့ဝင် ၃၀၀ ပါရှိသော ပင်လယ်ဓားပြနှိမ်နင်းရေးတပ်ဖွဲ့၏ လုပ်ငန်းတာဝန်များကို တိုးချဲ့ကာ ဟော်မုဇ်ရေလက်ကြားတွင် စောင့်ရှောက်မှုများ ပြုလုပ်သွားမည်ဟု တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂၁ ရက်တွင် ပြောကြားခဲ့သည်။

ယခုလှုပ်ရှားမှုမှာ ပါလီမန်၏ အတည်ပြုချက် မလိုအပ်ကြောင်းနှင့် ထို့အတွက်ကြောင့် တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ တာဝန်သစ်ကို ချက်ချင်း ဆောင်ရွက်နိုင်ကြောင်း သိရသည်။ တောင်ကိုရီးယားမှ တပ်ဖွဲ့သည် အမေရိကန်ဦးဆောင်သည့် မဟာမိတ်အဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်ရန်မလိုကြောင်း၊ သို့သော် လိုအပ်လာသည့်အခါ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

တောင်ကိုရီးယား၏ လှုပ်ရှားမှုကို အမေရိကန်နှင့် အီရန်တို့ပါ သိရှိကြပြီး ယင်းသို့ လုပ်ဆောင်မှုကို အမေရိကန်ဘက်က ကြိုဆိုကြောင်း သတင်းအရင်းအမြစ်တစ်ခုက ပြောသည်။ အီရန်ဘက်မှလည်း နားလည်ကြောင်း ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

### ကမ္ဘာလုံးဆိုင်ရာ နျူကလီးယား သဘောတူစာချုပ်မှ အီရန် နုတ်ထွက်မသွားရန် ရုရှားမျှော်လင့်

**မော်စကို ဇန်နဝါရီ ၂၁**

အီရန်အနေဖြင့် နျူကလီးယားလက်နက်မပြန့်ပွားရေး သဘောတူစာချုပ်မှ အီရန်နုတ်ထွက်မသွားရန် မျှော်လင့်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျီရက်ကော့ဗ်က ပြောကြားခဲ့သည်။

နျူကလီးယားလက်နက်မပြန့်ပွားရေးသဘောတူစာချုပ်ပါ တာဝန်များကို ထိန်းသိမ်းရာတွင် အီရန်အနေဖြင့် နမော်နမဲ့လုပ်ဆောင်ချက်များကို ဆင်ခြင်ရန် ကျွန်ုပ်တို့အနေဖြင့် သတိပေးကြောင်း မစ္စတာရက်ကော့ဗ်၏ ပြောကြားခဲ့မှုကို အာရ်အိုင်အေနိုဗိုစတီသတင်းအေဂျင်စီက ကိုးကားဖော်ပြခဲ့သည်။

**ဆင်ဟွာ**

# အိမ်နီးချင်းနိုင်ငံတွေကို သတိပေးခေါင်းလောင်းထိုးလာတဲ့ အဆုတ်ရောင်ဗိုင်းရပ်စ်

**— — ကလျာမိုးမြင့် — —**

တရုတ်နိုင်ငံ ကုန်းတွင်းပိုင်းမြို့ လေးတစ်မြို့ကနေ စတင်လာခဲ့တဲ့ အဆုတ်ရောင်ရောဂါဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုဟာ အခုဆိုရင် ပေကျင်းနဲ့ရှန်ဟိုင်းလို တခြားမြို့ကြီးတွေအထိ ပျံ့နှံ့ရောက်ရှိလာခဲ့ပြီဖြစ်သလို ဗိုင်းရပ်စ်ကူးစက်ခံရတဲ့သူအရေအတွက်ဟာဆိုရင်လည်း ရက်သတ္တပတ်အနည်းငယ်အတွင်းမှာတင် သုံးဆလောက်ဖြစ်လာခဲ့တာမို့ အထူးသတိထားစရာ အခြေအနေရောက်ရှိနေပါတယ်။



တရုတ်နှစ်သစ်ကူးပွဲတော်၌ ပါဝင်ဆင်နွှဲရန်အတွက် ခရီးသွားရန် စောင့်ဆိုင်းနေကြသည့် တရုတ်ပြည်သူများ။

မနေ့ကပဲ ဗိုင်းရပ်စ်ကူးစက်ခံရသူ လူနာ ၁၉၈ ဦးအထိ ရှိကြောင်း အတည်ပြုတဲ့သတင်းတွေ ပေါ်ထွက်လာခဲ့ရာက ယနေ့ဆိုရင် ၂၀၀ ကျော်သွားပြီလို့ ထပ်မံကြားသိနေရပါတယ်။ အဆုတ်ရောင်ဗိုင်းရပ်စ်ကူးစက်ခံရသူအများစုဟာ ဝူဟန်က ဖြစ်ပေမယ့် ပေကျင်း၊ ရှန်ဟိုင်းနဲ့ ရှန်ကျန်းတို့မှာလည်း ကူးစက်ခံထားရသူတွေကို ထပ်မံတွေ့ရှိခဲ့ပြန်ပါတယ်။ ပိုပြီးကျောချမ်းစရာကောင်းတာက ဗိုင်းရပ်စ်ဟာ အသက်သေဆုံးတဲ့အထိ အန္တရာယ်ပေးနိုင်တယ်ဆိုတဲ့ အချက်ပါ။

**လူအချင်းချင်းကူးစက်နိုင်မှုကို အတည်ပြု**

လတ်တလောမှာ ကိုရိုနာဗိုင်းရပ်စ်လို့ခေါ်တဲ့ အဆုတ်ရောင်ရောဂါဖြစ်ပွားစေတဲ့ ဗိုင်းရပ်စ်အသစ်တစ်မျိုး ကူးစက်မှုကြောင့် သေဆုံးတဲ့ လူနာသုံးဦးအထိ ရှိသွားပါပြီ။ ဂျပန်၊ ထိုင်းနိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံတွေမှာပါ ကူးစက်ခံရသူတွေ ရှိနေတယ်ဆိုတဲ့ သတင်းတွေက အိမ်နီးချင်းနိုင်ငံတွေကိုပါ သတိပေးခေါင်းလောင်းထိုးလိုက်ပြီဖြစ်သလို အဆုတ်ရောင်ရောဂါဖြစ်စေတဲ့ ကိုရိုနာဗိုင်းရပ်စ်အသစ်ဟာ လူအချင်းချင်း ကူးစက်နိုင်တယ်ဆိုတာကို တရုတ်နိုင်ငံက အတည်ပြုလိုက်ပါပြီ။

ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုကို အနီးကပ်စစ်ဆေးစောင့်ကြည့်မှုဆောင်ရွက်နေတဲ့ ကျန်းမာရေးကော်မရှင်အဖွဲ့ခေါင်းဆောင်ဖြစ်တဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျွမ်းကျင်သူ ကျုံးနန်ရှန်က လူနာတွေကို ကုသမှုလုပ်ဆောင်နေစဉ်မှာ ဆေးဝန်ထမ်း ၁၅ ဦး ကူးစက်ခံရကြောင်း တွေ့ရှိခဲ့တယ်လို့ ပြောကြားခဲ့တာကို ဒေသတွင်းမီဒီယာက ဖော်ပြခဲ့ပါတယ်။

**စိုးရိမ်ကြောင့်ကြ**

တရုတ်နိုင်ငံသားတွေရဲ့ ထူးမြတ်တဲ့ အချိန်အခါဖြစ်တဲ့ တရုတ်နှစ်သစ်ကူးပွဲတော် အားလပ်ရက်မှာ ပြည်သူတွေ ခရီးသွားလာဖို့ ကြိုတင်ပြင်ဆင်မှုတွေလုပ်နေချိန်မှာပဲ တစ်ဟုန်ထိုးမြင့်တက်လာတဲ့ ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်က ပြည်သူတွေရဲ့ စိတ်လှုပ်ရှားပျော်ရွှင်မှုတွေကို စိုးရိမ်ကြောင့်ကြမှုတွေနဲ့ ဖုံးလွှမ်းသွားစေခဲ့ပါတယ်။

ပင်လယ်စာရောင်းချတဲ့ဈေးက ရောဂါကူးစက်ပြန့်ပွားရတဲ့ မူလဇာစ်မြစ်ဖြစ်တယ်လို့ သိထားကြပေမယ့်လည်း ဆေးပညာရှင်တွေရော အာဏာပိုင်တွေကပါ ဗိုင်းရပ်စ်ဘယ်လို ဘယ်ပုံကူးစက်ပျံ့နှံ့နေတယ်ဆိုတဲ့ အကြောင်းရင်းကို အခုချိန်ထိ တိကျတဲ့အဖြေတစ်ခု မထုတ်နိုင်သေးပါဘူး။

**ကပ်ဆိုးတစ်ခုကိုအမှတ်ရစေ**

တရုတ်နိုင်ငံဆီကို ကပ်ရောဂါအသွင်နဲ့ ရုတ်တရက်ဝင်ရောက်လာတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုဟာ လွန်ခဲ့တဲ့ ၂၀၀၀ ပြည့်နှစ် အစောပိုင်းကာလတွေအတွင်း အာရှမှာ အများဆုံးဖြစ်ပွားခဲ့တဲ့ ဆားစ်ရောဂါကူးစက်ပျံ့နှံ့မှု ဖြစ်ရပ်ဆိုးကို အမှတ်ရစေပါတယ်။

ဆားစ်ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုအတွင်း လူ ၇၇၄ ဦးသေဆုံးခဲ့ရပါတယ်။ ယခုထပ်မံတွေ့ရှိရတဲ့ ကိုရိုနာဗိုင်းရပ်စ်ကို မျိုးရိုးဗီဇဆိုင်ရာ အသေးစိတ်လေ့လာစစ်ဆေးကြည့်တဲ့အခါ လူတွေမှာဖြစ်တဲ့ တခြား ကိုရိုနာဗိုင်းရပ်စ်တစ်မျိုးမျိုးထက် ဆားစ်ရောဂါဖြစ်ပွားစေခဲ့တဲ့ ဗိုင်းရပ်စ်နဲ့ ပိုပြီးနီးစပ်တဲ့ ဆက်နွှယ်မှုမျိုး တွေ့ရှိရတယ်လို့ သိရပါတယ်။

တကယ်တမ်း ရောဂါကူးစက်ခံရသူ အရေအတွက်ဟာ တရားဝင်ထုတ်ပြန်တဲ့ ကိန်းဂဏန်းတွေထက် ပိုများနိုင်ပြီး လူ ၁၇၀၀ နီးပါးအထိရှိလာနိုင်တယ်လို့ ဗြိတိန်က ကျွမ်းကျင်သူတွေက ခန့်မှန်းဖော်ပြခဲ့ပါတယ်။

**ဗိုင်းရပ်စ်အကြောင်း**

၂၀၁၉ ခုနှစ်မှာတွေ့ရှိရတဲ့ အဆုတ်ရောင်ရောဂါဗိုင်းရပ်စ်ဟာ ကိုရိုနာဗိုင်းရပ်စ်အမျိုးအစားသစ်တစ်ခုဖြစ်တယ်လို့ သိရှိထားပြီး ဒီဗိုင်းရပ်စ်ကို ယခင်က လူတွေမှာ မတွေ့ရှိခဲ့ရဖူးသေးပါဘူး။

ကိုရိုနာဗိုင်းရပ်စ်တွေဟာ ကျယ်ပြန့်တဲ့ ဗိုင်းရပ်စ်အမျိုးအစားတွေဖြစ်ပြီး အဲဒီထဲကမှ အမျိုးအစားခြောက်မျိုးသာ လျှင် လူတွေမှာ ကူးစက်ဖြစ်ပွားမှုရှိခဲ့တယ်လို့ သိရပါတယ်။ ယခုတွေ့ရတဲ့ ကိုရိုနာဗိုင်းရပ်စ်အမျိုးအစားသစ်နဲ့ဆိုရင် ခုနစ်မျိုးလို့မှတ်ရမှာ ဖြစ်ပါတယ်။

ဗိုင်းရပ်စ်စတင်ပေါက်ဖွားတဲ့ အဖြစ်နိုင်ဆုံးအဓိက ဇာစ်မြစ်ဟာ တိရစ္ဆာန်ဆီကလို့ ဆေးပညာရှင်တွေက ယူဆထားကြပေမယ့် လူတစ်ဦးကနေတစ်ဦးဆီကို ကူးစက်ပျံ့နှံ့မှုအချို့ရှိနေတယ်လို့ ဆိုပါတယ်။

ဗိုင်းရပ်စ်ကူးစက်ခံထားရပြီဆိုရင် သိနိုင်တဲ့ လက္ခဏာတွေကတော့ အဖျားတက်တာ၊ ချောင်းဆိုးတာ၊ အသက်ရှူကျပ်တာနဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာတွေ ဖြစ်လာနိုင်တာပါ။

ကြိုတင်ကာကွယ်မှုအနေနဲ့ သက်ရှိတိရစ္ဆာန်တွေနဲ့ ထိတွေ့ရတဲ့အခါ အကာအကွယ်မဲ့ တိုက်ရိုက်ထိတွေ့ခြင်းကို ရှောင်ကြဉ်ဖို့၊ အသားငါးတွေနဲ့ ဥတွေကို ချက်ပြုတ်တဲ့အခါ သန့်သန့်ရှင်းရှင်းနဲ့ ကျက်အောင်သေချာချက်ပြုတ်ဖို့၊ တုပ်ကွေးလိုမျိုး လက္ခဏာရှိတဲ့ လူတွေနဲ့ နီးနီးကပ်ကပ် ထိတွေ့ခြင်းကနေ ရှောင်ကြဉ်ဖို့ သတိပေးထားပါတယ်။

လူဦးရေ ၁၁သန်းရှိတဲ့ တရုတ်နိုင်ငံအလယ်ပိုင်း ဝူဟန်မြို့မှာ အာဏာပိုင်တွေက ပြီးခဲ့တဲ့ရက်သတ္တပတ်အကုန်မှာ ရောဂါဖြစ်ပွားသူ ၁၃၆ ဦး ထပ်မံတွေ့ရှိရကြောင်း အတည်ပြုခဲ့ပါတယ်။ အဲဒီမတိုင်မီက ဝူဟန်မှာ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၂ ဦးရှိပြီး မြန်မြန်ဆန်ဆန်မြင့်တက်လာခြင်း ဖြစ်ပါတယ်။

**ကူးစက်ဖြစ်ပွားမှုများ**

ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၀ ရက်က ဆေးရုံတက်ရောက်ကုသနေရတဲ့ လူနာ ၁၇၀ရှိပြီး ကိုးဦးကတော့ အရေးပေါ်အခြေအနေဖြစ်နေတယ်လို့ ဆိုပါတယ်။ အခုတစ်ခါ ပေကျင်းမှာ ငါးဦးထပ်မံကူးစက်ခံရကြောင်း တွေ့ရပြီး ရှန်ဟိုင်းမှာတော့ ဝူဟန်ကနေပြန်လာတဲ့ အသက် ၅၆ နှစ်အရွယ်အမျိုးသမီးတစ်ဦးမှာ ထပ်ဖြစ်နေတယ်လို့ မနေ့က အတည်ပြုလိုက်ပါတယ်။

ဟောင်ကောင်နဲ့ အနီးဆုံးနည်းပညာဆိုင်ရာအချက်အချာမြို့ဖြစ်တဲ့ ရှန်ကျန်းမှာ အသက် ၆၆ နှစ်အရွယ် အမျိုးသမီးတစ်ဦး ဗိုင်းရပ်စ်ကူးစက်ခံရတဲ့ လက္ခဏာတွေတွေ့ရပြီး ဒီအမျိုးသမီးဟာဆိုရင်လည်း ဝူဟန်က ဆွေမျိုးတွေဆီကနေ ပြန်လာတာ ဖြစ်တယ်လို့ အာဏာပိုင်တွေက ပြောပါတယ်။ ကွမ်တုံပြည်နယ်မှာလည်း ၁၄ ယောက်ထပ်ဖြစ်နေတယ်လို့ ဒေသတွင်းမီဒီယာတွေက သတင်းမှာ ဖော်ပြထားပါတယ်။

**ပြည်ပနိုင်ငံတွေကိုရောက်ရှိ**

ဗိုင်းရပ်စ်ဟာ အိမ်နီးချင်းနိုင်ငံတွေကိုပါ ကူးစက်နေပြီဖြစ်ပြီး ပြည်ပမှာ ကူးစက်ခံရသူ လေးဦးကို တွေ့ရှိထားပါတယ်။ ထိုင်းနိုင်ငံမှာ နှစ်ယောက်၊ ဂျပန်မှာ တစ်ယောက်နဲ့ တောင်ကိုရီးယားမှာ တစ်ယောက်ဖြစ်ပြီး အားလုံးဟာ ဗိုင်းရပ်စ်စတင်ပေါက်ဖွားရာဖြစ်တဲ့ ဝူဟန်ကို ရောက်ရှိခဲ့ကြသူတွေချည်းပါပဲ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေနဲ့ လတ်တလောမှာ ခရီးသွားလာမှုနဲ့ ကူးသန်းရောင်းဝယ်မှုတွေအပေါ် သတိပေးလမ်းညွှန်ချက်ထုတ်ပြန်ရခြင်း မရှိသေးသော်ငြား ရောဂါကူးစက်ဖြစ်ပွားမှုဖြစ်လာနိုင်တဲ့ အခြေအနေအတွက် ကြိုတင်ပြင်ဆင်နေတဲ့နိုင်ငံတွေကို လမ်းညွှန်ချက်တွေပေးဖို့ လုပ်ဆောင်နေတယ်လို့ ဆိုပါတယ်။

လက်ရှိမှာတော့ စင်ကာပူ၊ ဟောင်ကောင်နဲ့ ဂျပန်နိုင်ငံတိုကျိုမြို့တွေမှာ ဝူဟန်ကနေ ပြန်ရောက်လာတဲ့ ခရီးသွားပြည်သူတွေကို စစ်ဆေးခြင်း (screening) တွေ လုပ်ဆောင်နေပါတယ်။

အမေရိကန်ပြည်ထောင်စုမှာလည်း အာဏာပိုင်တွေက ပြီးခဲ့တဲ့ရက်သတ္တပတ်ကပဲ အဓိက လေဆိပ်သုံးခုဖြစ်တဲ့ ဆန်ဖရန်စစ္စကို၊ လော့စ်အိန်ဂျလိစ်နဲ့ နယူးယောက်လေဆိပ်တွေမှာ အလားတူ စစ်ဆေးမှုတွေလုပ်ဆောင်နေကြောင်း ကြေညာခဲ့ပါတယ်။

**ကိုးကား–အေအက်ဖ်ပီ**

# ရန်ကုန်တိုင်းဒေသကြီး အသက် (၁၇) နှစ်အောက် အမျိုးသားဘောလုံးအသင်းအား ဂုဏ်ပြုဆုငွေများချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၂၁**
၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၇)နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် ပထမဆုဖလားရရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအသင်းက တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ဆုဖလားအပ်နှင်းခြင်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေချီးမြှင့်ခြင်းနှင့် ၂၀၂၀ ပြည့်နှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် (၂၁) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအသင်းအား ဩဝါဒစကားပြောကြားခြင်းကို ယမန်နေ့က ဒဂုံမြို့နယ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က "လူငယ်မျိုးဆက်တွေဟာ အားကစားကို စိတ်ဝင်စားခြင်းအားဖြင့် ကျန်းမာရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အများကြီးအထောက်အကူဖြစ်စေနိုင်ပါတယ်။ အခု (၁၇) နှစ်အောက် လူငယ်တစ်ဦးချင်းစီရဲ့ စွမ်းဆောင်ရည်နဲ့ teamwork တစ်ခုလုံးရဲ့ စွမ်းဆောင်ရည်ကို ပေါင်းစည်းပြီး ကြိုးစားကစားခဲ့လို့ ရန်ကုန်တိုင်းဒေသကြီးမှ လူငယ်တွေက ဆုဖလားရပြီး အောင်မြင်မှုကို ရယူနိုင်ခဲ့တယ်။ ဒါကြောင့်လည်း မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဒီကြိုးစားဆောင်ရွက်မှုကို ဂုဏ်ပြုဖို့၊ အသိအမှတ်ပြုဖို့ ဂုဏ်ပြုပွဲကို ကျင်းပပေးတာဖြစ်ပါတယ်"ဟု ပြောကြားသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၇)နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် ပထမဆုဖလားရရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီးဘောလုံးအသင်းက တိုင်းဒေသကြီးဝန်ကြီးချုပ်ထံဆုဖလားအပ်နှင်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံယူပြီး ဂုဏ်ပြုဆုငွေများပြန်လည်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန် /ဆက်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းထံ ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအသင်းက ပထမဆုရ ဆုဖလားအပ်နှင်းစဉ်။

# မြန်မာမုဒိတာဖောင်ဒေးရှင်း၏ ခြောက်ခုမြောက် စာကြည့်တိုက်ဖွင့်လှစ်

**ပဲခူး ဇန်နဝါရီ ၂၁**
ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျွန်းကြီးကျေးရွာတွင် ယမန်နေ့က မြန်မာမုဒိတာဖောင်ဒေးရှင်း၏ စာကြည့်တိုက်အမှတ်(၆) ဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

မြန်မာမုဒိတာဖောင်ဒေးရှင်း၏ စာကြည့်တိုက်အမှတ်(၆)အား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဒန်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် မြန်မာမုဒိတာဖောင်ဒေးရှင်း အသင်းဥက္ကဋ္ဌ ဦးတင်မောင်နိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။


တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများ စာကြည့်တိုက်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

မြန်မာမုဒိတာ ဖောင်ဒေးရှင်း အသင်းကြီးအား ၂၀၁၁ ခုနှစ်တွင် အရိပ်ရသစ်ပင်များ စိုက်ပျိုးပေးရန်၊ စာကြည့်တိုက်များ ဖွင့်လှစ်ပေးရန်၊ သောက်သုံးရေကန်များ တူးဖော်ပေးရန်၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ပေးရန်၊ သာသနိက အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းရန်နှင့် သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများအား သွားရောက်ကူညီပေးရန်အတွက် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ယခုဖွင့်လှစ်သော သနပ်ပင်မြို့နယ် ကျွန်းကြီးကျေးရွာတွင် တည်ဆောက်ထားသည့် စာကြည့်တိုက်မှာ အမှတ်(၆)စာကြည့် တိုက်ဖြစ်ကြောင်း မြန်မာမုဒိတာ ဖောင်ဒေးရှင်းဥက္ကဋ္ဌက ပြောသည်။

အဆိုပါ စာကြည့်တိုက်မှာ အလျား ပေ ၄၀၊ အနံ ပေ ၃၀ ၊ အမြင့် ၁၂ ပေရှိ တစ်ထပ် အုတ်ညှပ် အဆောက်အအုံဖြစ်ပြီး သုတ၊ ရသ၊ ဗဟုသုတရရှိစေမည့် စာအုပ်စာစောင် ၈၅၀ ကျော် ထားရှိပေးထားကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# ဘော်လခဲမြို့ မင်းကျောင်းဘုန်းတော်ကြီးကျောင်း အဝင်လမ်း ပြုပြင်ဆောင်ရွက်မည်

**လွိုင်ကော် ဇန်နဝါရီ ၂၁**
ကယားပြည်နယ် ဘော်လခဲမြို့ရှိ မင်းကျောင်းဘုန်းတော်ကြီးကျောင်း အဝင်လမ်း ပြုပြင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိနှင့် တာဝန်ရှိသူတို့က ယနေ့ နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

အဆိုပါ ဘုန်းတော်ကြီးကျောင်း အဝင်လမ်း အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ရန်အတွက် ဒေသခံပြည်သူများ၏ တင်ပြချက်များအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားပေးနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီအောင် ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က မင်းကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညိုခဲ့ပြီး လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ထွန်းလေး**


ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်ဖောင်းရှိ ဘုန်းကြီးကျောင်းအဝင်လမ်းအား ကြည့်ရှုစစ်ဆေးစဉ်။

# မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ လုပ်ငန်းစဉ်များနှင့် ဖြစ်ပေါ်တိုးတက်မှုများ ရှင်းလင်းတင်ပြ

**တောင်ကြီး ဇန်နဝါရီ ၂၁**
ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများသို့ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ လုပ်ငန်းစဉ်များနှင့် ဖြစ်ပေါ်တိုးတက်မှုများအား လာရောက် ရှင်းလင်းတင်ပြခြင်းကို ယမန်နေ့က တောင်ကြီးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်က မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌအနေဖြင့် ကောင်စီ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို လာရောက် ရှင်းပြသည့်အတွက် ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ဝမ်းမြောက်ကြိုဆိုကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လာမှုအတွက် တည်ဆောက်ရေးများနှင့် အင်ဂျင်နီယာများ၏အခန်းကဏ္ဍသည် အလွန်အရေးပါ အရာရောက်သည့် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေမှုကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ အလုပ်လုပ်ကိုင်ရာတွင် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ မိမိတတ်ကျွမ်းထားသည့် အင်ဂျင်နီယာပညာရပ်များကို လက်တွေ့ဆောင်ရွက်ရာတွင် အသုံးဝင်အကျိုးရှိစေမည့် လက်တွေ့ပညာရပ်နှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌက ရှင်းလင်းပြောကြားမည့် အင်ဂျင်နီယာများ၏ အခန်းကဏ္ဍ၊ တာဝန်၊ ဝတ္တရား၊ တတ်ကျွမ်းမှု၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ကျင့်ဝတ်သိက္ခာများကို သေချာစွာ နာယူမှတ်သားပြီး လက်တွေ့ဆောင်ရွက်သည့်အခါတွင် တိကျစွာ လိုက်နာကျင့်သုံးရန် လိုအပ်သလို တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆက်စပ်ပတ်သက်နေသော ဌာနများ၊ အဖွဲ့အစည်းများ၊ တာဝန်ရှိသူများအနေဖြင့် သိရှိထားရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် ပြည်နယ်အတွင်း တာဝန်ယူဆောင်ရွက်နေကြသည့် အင်ဂျင်နီယာများနှင့် တက်ရောက်လာကြသည့် တာဝန်ရှိသူများ၊ သိသင့်သိထိုက်သည့် အချက်အလက်များနှင့်အတူ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် တစ်ဖက်တစ်လမ်းမှ ပါဝင်ကြရန် ပြောကြားသည်။


ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ်။

ဆက်လက်၍ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ ချာလီသန်းက ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# မန္တလေးတိုင်းဒေသကြီးအသက် (၂၁) နှစ်အောက် အမျိုးသားဘောလုံးအသင်းအား အောင်နိုင်ရေးအလံပေးအပ်

**မန္တလေး ဇန်နဝါရီ ၂၁**
နေပြည်တော်၌ ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၁၁ ရက်အထိ ကျင်းပမည့် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် လက်ရွေးစင်ဘောလုံးအသင်းအား အောင်နိုင်ရေးအလံ ပေးအပ်ပွဲအခမ်းအနားကို မန္တလေးတောင်ခြေရှိ Mercure Hotel ခန်းမ၌ ယမန်နေ့က ကျင်းပရာ တိုင်းဒေသကြီးခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်(လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး)၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်၊ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဘောလုံးအသင်းအဖွဲ့ခေါင်းဆောင် ဦးခင်မောင်လေး (မြန်မာ့လက်ရွေးစင်ဟောင်း)၊ အသင်းအုပ်ချုပ်သူ ဦးနွယ်အေးချို၊ အသင်းနည်းပြချုပ် လက်ရွေးစင်ဟောင်း ဦးမောင်မောင်ဌေးနှင့် နည်းပြဆရာများ၊ တိုင်းဒေသကြီးလက်ရွေးစင်ဘောလုံးသမားများနှင့် အလှူရှင်များတက်ရောက်ကြသည်။

အား/ကာသိပ္ပံကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးဘောလုံးအသင်း အောင်နိုင်ရေးအတွက် အလှူငွေများ၊ အားကစားဝတ်စုံများ ပံ့ပိုးလှူဒါန်းကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## မန္တလေးမြို့ မဟာမုနိဘုရားပွဲတော်တွင် တပို့တွဲလဈေးရောင်းပွဲတော် ထည့်သွင်းကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၂၁**

မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီး၏ (၆၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်၌ တပို့တွဲလ ဈေးရောင်းပွဲတော်ကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၈၁ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်မှ စတင်၍ တပို့တွဲလပြည့်ကျော် ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဇာတ်၊ အငြိမ့်သဘင်များနှင့်အတူ ဈေးရောင်းပွဲတော်ကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

''ဘုရားကြီးပွဲတော်မှာ တပို့တွဲလပြည့်ကျော် ၅ ရက်မှ ၈ ရက်အထိ ရန်ကုန်စံပြသဘင်၊ ဟန်ဇာမိုးဝင်းဇာတ်သဘင်တို့နဲ့ အတူ ရုပ်ရှင်သရုပ်ဆောင် ဂီတအနုပညာရှင်များစွာ ပါဝင်တဲ့ဖျော်ဖြေမှုတွေနဲ့ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် တပို့တွဲလပြည့်နေ့မှာတော့ ထမနဲထိုးပြီး ဘုရားဖူးဧည့်သည်တွေကို စတုဒိသာလှူဒါန်းကျွေးမွေးသွားမှာပါ''ဟု ဘုရားဂေါပကအဖွဲ့ဝင် ဦးသန်းလွင်က ပြောသည်။

တပို့တွဲလ ဈေးရောင်းပွဲတော်တွင် မြန်မာ့ရိုးရာအစားအစာများ၊ လက်မှုပစ္စည်းများ၊ လူသုံးကုန်၊ အလှကုန်၊ စားသောက်ကုန်နှင့် ဆေးဝါးစသည့် အရောင်းဆိုင်ပေါင်း ၂၀၀ ခန့် ပါဝင်ပြသ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

## ဇေယျာသီရိမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်ကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်က အဆိုပါကျောင်းခန်းမအတွင်း ကျင်းပသည်။

အခမ်းအနားကို စုံညီပွဲတော်တို့နွဲ့ပျော် တေးသီချင်းဖြင့် ကျောင်းသားကျောင်းသူများက သီဆိုဖွင့်လှစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မြတ်ကျော်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက်မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က အသီးသီး အမှာစကားနှင့် ကျေးဇူးတင်စကားများ ပြောကြားသည်။

ထို့နောက် တိုင်းအဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့တွင် ထူးချွန်ဆုရရှိကြသူများ၊ စာပေဆုများနှင့် ဘက်စုံထူးချွန်ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား နယ်မြေခံတပ်ရင်းများမှ တာဝန်ရှိသူများနှင့် မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးတို့က ဆုများချီးမြှင့်ပေးသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူလေးများက တေးသီချင်းများ သီဆိုကပြ ဖျော်ဖြေခဲ့ကြောင်း သိရသည်။

အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းသည် နယ်မြေခံတပ်ရင်းမိသားစုများမှ ကျောင်းသား ကျောင်းသူများ၊ ဇေယျာသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှကျောင်းသားကျောင်းသူများအပြင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဝန်ထမ်းမိသားစုများ၏ ကျောင်းသား ကျောင်းသူများ ပညာသင်ယူလျက်ရှိသည့် အခြေခံပညာအထက်တန်းကျောင်း ဖြစ်သည်။

ခင်ရတနာ



ဇန်နဝါရီ ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၊ ကုန်းရွာကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ခလောက်ချိုက်နယ်မြေရဲစခန်းမှူး ရဲအုပ်လှဌေးက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာနေပြည်သူများအား မုဒိမ်းမှုနှင့် သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေး၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ် တားဆီးကာကွယ်ရေးတို့အတွက် မှုခင်းအသိပညာပေး ဟောပြောစဉ်။ ရဲပြန်ကြား

## တီးတိန်၌ ဂျပန်နိုင်ငံထုတ်စက်ဘီး အစီး ၁၀၀ အား အခြေခံပညာကျောင်းအဆင့်အလိုက် ခွဲဝေထုတ်ပေး

**တီးတိန် ဇန်နဝါရီ ၂၁**

ချင်းပြည်နယ် တီးတိန်မြို့၌ ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ကုမ္ပဏီမှ လှူဒါန်းသည့် ဂျပန်နိုင်ငံထုတ်စက်ဘီး အစီး ၁၀၀ အား ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ထုတ်ပေးသည်။

အဆိုပါ စက်ဘီးများကို မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် အခြေခံပညာအထက်တန်းကျောင်း (ခွဲ)များ စုစုပေါင်း ၃၄ ကျောင်းအတွက် ကျောင်းအဆင့်အလိုက် ခွဲဝေထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

ပေါင်ကျင့်မုန်(ပြန်/ဆက်)

## သံတွဲခရိုင်ကျေးလက်ဦးစီးဌာနမှ ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်းပြီးစီး

**သံတွဲ ဇန်နဝါရီ ၂၁**

ရခိုင်ပြည်နယ် သံတွဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြသန္တာသန်းနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၈ ရက်က သံတွဲမြို့နယ် တရော်တော်ကျေးရွာ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးလက်အိမ်ရာ ၁၀ လုံး တည်ဆောက်နေမှုကို သတ်မှတ်အတိုင်းအတာ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီမှုရှိ မရှိစစ်ဆေးခဲ့သည်။

ထို့ပြင် ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် ကွေ့ချောင်းကျေးရွာနှင့် ကျောင်းကုန်းကျေးရွာများရှိ မြစိမ်းရောင် စီမံကိန်းကော်မတီဝင်များနှင့် တွေ့ဆုံကာ စာရင်းထိန်းသိမ်းမှုများ စစ်ဆေးမှာကြားခြင်း၊ အခက်အခဲများ မေးမြန်းခြင်းများဆောင်ရွက်ပြီး ပြည်ထောင်စုရန်ပုံငွေဖြင့် သံတွဲမြို့နယ်ကျေးလက်ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်၍ လုပ်ငန်း ၉၀ ရာခိုင်နှုန်း ပြီးစီးနေသည့် ကျောင်းကုန်းကျေးရွာ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေးသည်။

အောင်လှဖြူ(ရမ်းဗြဲ)



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁-၁-၂၀၂၀

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၁၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၁၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၃၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၄၀ ကျပ် | ၉၄၅/၉၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၀/၉၅၅ ကျပ် | ၉၆၀/၉၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၀၀/၈၆၀ ကျပ် | ၈၉၅/၉၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၅၅ ကျပ် | ၉၉၅/၁၀၁၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၆၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၂၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၈၅ . ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၀၆ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၃၂ . ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၃ . ၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၂ . ၁၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၅၇၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၅ . ၄၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၉ . ၆၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ . ၂၁၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၁၅၂၀ | ၁၇၄၈၀၀၀၀ |
| MTSH | ၃၈၅၀ | ၃၉၀၀ | ၄၄၉၁ | ၁၇၂၉၀၄၀၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၁၅၀ | ၁၂၁၅၀၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၄ | ၉၂၀၀၀ |
| TMH | ၂၉၀၀ | ၂၉၀၀ | ၇၅ | ၂၁၇၅၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# သရုပ်ဆောင် အေးမြတ်သူနှင့် တွေ့ဆုံမေးမြန်းခြင်း

မော်ဒယ်တစ်ယောက်အဖြစ် အနုပညာလောကသို့ စတင်ဝင်ရောက်ခဲ့ပြီး သရုပ်ဆောင်အလုပ်များ လုပ်ကိုင်ခဲ့သည့် အေးမြတ်သူသည် "နောင်တွင် ဥဒါန်းတွင်စေသတည်း" ရုပ်ရှင်ဇာတ်ကားဖြင့် အကယ်ဒမီရရှိခဲ့ပြီး ရုပ်ရှင်ဇာတ်ကားများတွင်လည်း ပါဝင်သရုပ်ဆောင်လျက်ရှိရာ လတ်တလော ရုံတင်ပြသနေသော "ကမ္ဘဖလ" ရုပ်ရှင်ဇာတ်ကားကြီးတွင် မစောလှအဖြစ် သရုပ်ဆောင်ထားသည်။ လက်ရှိအချိန်တွင် ရိုက်ကူးနေဆဲဖြစ်သော "အဆိပ်" ရုပ်ရှင်ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်လျက်ရှိရာ အေးမြတ်သူ ဆက်လက်လုပ်ဆောင်သွားမည့် အနုပညာလှုပ်ရှားမှုများနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**မေး။ ။ကမ္ဘဖလမှာ ပရိသတ်ကို တစ်ခုခုပြောချင်တာရှိမလား။ ဒီကားမှာ အမှတ်တရတွေရော ရှိခဲ့လား။**

ဖြေ။ ။အမှတ်တရဆိုရင်တော့ ဒီဇာတ်ကား ရိုက်နေရတဲ့အချိန်တွေမှာ အေးမြတ်သူ ပျော်နေခဲ့တယ်။ အဲဒီလို mood ရဖို့က တကယ်မလွယ်တာ။ မစောလှ ဖြစ်နေရတဲ့အချိန်တွေမှာ အေးမြတ်သူ သတိထားမိတာက စိတ်သောကကင်းပြီး ပျော်ရွှင်နေတာကိုပါ။

**မေး။ ။ ဒီဇာတ်ကားအပေါ် ကိုယ်တိုင်ရော စိတ်တိုင်းကျခဲ့လား။**

ဖြေ။ ။ တစ်ကားလုံး စိတ်တိုင်းကျပါတယ်။ ဒါရိုက်တာ ဦးစိုးမိုးကလည်း တကယ်တော်ပါတယ်။ စာနယ်ဇင်းပွဲနေ့မှာ အေးမြတ်သူ ကြည့်လိုက်ရကတည်းက သဘောကျလို့ ပြုံးနေမိတယ်၊ ကြည်နူးမိတယ်။ ပရိသတ်တွေလည်း အေးမြတ်သူလိုပဲ ကျေနပ်နိုင်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ နာမည်ကြီး စာရေးဆရာကြီး ဆရာတင့်တယ်ရဲ့ စာဖတ်ပရိသတ်တွေလည်း ကြည့်ပြီးရင် ဝေဖန်အကြံပြုဖို့ ပြောချင်ပါတယ်။ အေးမြတ်သူက မစောလှလေးဖြစ်ရဲ့လားလို့ပေါ့နော်။ ဒီလို ဝေဖန်အကြံပြုကြမှလည်း အေးမြတ်သူတို့အတွက် အတွေ့အကြုံတွေရတာပါ။

**မေး။ ။၂၀၂၀ မှာ ဘာတွေ ထူးခြားတာရှိမလဲ။**

ဖြေ။ ။အဲဒီလိုတော့ မရှိပါဘူး။ ဇန်နဝါရီလကစပြီး အေးမြတ်သူမှာ လက်ခံထားတဲ့အလုပ်တွေလုပ်ပါမယ်။ ဇာတ်လမ်းတွဲလက်ခံထားတာ ရိုက်မယ်။ ကြော်ငြာတွေလည်း ရိုက်ဖို့ရှိပါတယ်။

**မေး။ ။ "ဝဏ်ဘာလမ်းမများ" ရုပ်သံဇာတ်လမ်းတွဲမှာ ပါဝင်လက်ခံ ဖြစ်ပုံကရော။**

ဖြေ။ ။ ဒီဇာတ်လမ်းတွဲမှာ ပါဝင်ဖြစ်တာကတော့ အဓိကအချက်က ရုပ်ရှင်ရုံမရှိတဲ့မြို့တွေအတွက် ဇာတ်လမ်းတွဲတွေက အဆင်ပြေလို့ပါ။ အရင်ကတော့ ဗီဒီယိုကားတွေရှိတဲ့အတွက် ဗီဒီယိုခေတ်မှာ ပရိသတ် နှစ်သက်လက်ခံမှုကို အေးမြတ်သူ ရခဲ့တယ်။ ကိုယ်တိုင်လည်း ပရိသတ်နဲ့ အဆက်အသွယ်မပြတ်ချင်ဘူး။ ရှေ့မှာလည်း အေးမြတ်သူရိုက်ခဲ့တဲ့ ဇာတ်လမ်းတွဲတွေကို ပရိသတ်က အထိုက်အလျောက် လက်ခံပေးကြတယ်။ ပရိသတ်ရဲ့ ချစ်ခြင်းမေတ္တာကိုလည်း ရခဲ့တဲ့အတွက် ဇာတ်လမ်းတွဲကမ်းလှမ်းလာရင် သေသေချာချာလေး စိစစ်ပြီး ရိုက်ဖို့ မျှော်လင့်ခဲ့တယ်။ ဒီအချိန်မှာ Media 7 က ရိုက်မယ်ဆိုတဲ့ ဇာတ်ကြမ်းလေး ရောက်လာတယ်။ အကြမ်းဖတ် ကြည့်ချိန်မှာ ကိုယ်မလုပ်ဖူးသေးတဲ့ ကာရိုက်တာအသစ်ဖြစ်တယ်။ အေးမြတ်သူရဲ့ လက်ရှိပုံစံမျိုးနဲ့ မကိုက်တဲ့ပုံစံလည်း ဖြစ်နေတယ်။ ဒါကြောင့် ရအောင်တော့ လုပ်ကြည့်ချင်တယ်။ ပါဝင်မယ့်သူတွေကလည်း ကိုစိုင်းစိုင်းခမ်းလှိုင်နဲ့ မသက်မွန်မြင့်တို့ ဖြစ်နေတယ်။ သူတို့နဲ့ သရုပ်ဆောင်ရမယ်ဆိုတော့ ပျော်တယ်။ တက်သစ်စ ညီမလေးတွေလည်း ပါမယ်။ ပျော်စရာကားတစ်ခုလည်း ဖြစ်မယ်။ နောက် Musical ဇာတ်ကားတစ်ခုလည်း ဖြစ်မယ်ဆိုတော့ ဘဝမှာ အမှတ်တရတစ်ခုဖြစ်မယ်လို့လည်း ထင်လို့ လက်ခံပြီး ရိုက်ဖြစ်တာပါ။ **ကိုလင်း**



# (၄၆) ကြိမ်မြောက် Miss Globe International 2020 ပွဲသို့ အလှမယ် ခခစံ သွားရောက်ယှဉ်ပြိုင်မည်

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ကျင်းပမည့် (၄၆)ကြိမ်မြောက် Miss Globe International 2020 ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် အလှမယ် ခခစံ သွားရောက်ယှဉ်ပြိုင်မည်ဟု သိရသည်။

အလှမယ် ခခစံအား ရွေးချယ်ခဲ့သော Miss Globe International ၏ မြန်မာပြည်ကိုယ်စားလှယ်ဖြစ်သည့် Miss Crystal Angel International Myanmar Organization မှ တာဝန်ရှိသူတစ်ဦးက "ဒီပွဲက နိုင်ငံတကာက အလှမယ်များစွာ ပါဝင်ယှဉ်ပြိုင်မယ့် ပွဲကြီးတစ်ခုပါ၊ ဒီပွဲကို အမေရိကန်နိုင်ငံမှာ သုံးနှစ် တစ်ကြိမ် ပြုလုပ်လေ့ရှိပါတယ်၊ နောက်ဆုံးလုပ်ခဲ့တာကတော့ တရုတ်နိုင်ငံမှာပါ။ အခု သီရိလင်္ကာနိုင်ငံမှာ ကျင်းပမယ့်ပွဲကတော့ ၂၀၂၀ အတွက် ပြုလုပ်တဲ့ပွဲပါ၊ ဒီပွဲကြီးရဲ့ အဓိကအချက်က အပြင်ပိုင်း ရုပ်အဆင်းလှတာရော၊ အတွင်းစိတ် ကောင်းမွန်ရမယ်ဆိုတာမျိုးကိုရော အလေးပေး ရွေးချယ်တာပါ၊ ကျွန်တော်တို့ဘက်က Miss Globe နဲ့ ကိုက်ညီမယ့် အလှမယ်မျိုးကို ရွေးချယ်စေလွှတ်တာပါ၊ အလှမယ် ခခစံကို ရွေးချယ်တာက သူက အရင်က အလှမယ်ပွဲတွေမှာ ဆုတွေလည်း ရယူခဲ့ဖူးတယ်၊ ပြိုင်ပွဲအတွေ့အကြုံလည်း ရှိပြီးသားမို့ပါ၊ အခုလောလောဆယ်တော့ သူ့မှာလိုအပ်တဲ့ အချက်လေးတွေကို ကျွန်တော်တို့ သေချာလေ့လာပြီး သင်ကြားပေးနေပါတယ်၊ သူ့ကို ကျွန်တော်တို့ အများကြီး ယုံကြည်ထားပါတယ်၊ သူလုပ်နိုင်မယ်လို့လည်း ထင်ပါတယ်"ဟု ပြောသည်။

အဆိုပါ Miss Globe International 2020 ပြိုင်ပွဲသည် အမေရိကန် ပြည်ထောင်စုတွင် တရားဝင် မှတ်ပုံတင်ထားပြီး နှစ်စဉ် ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးမှ အရည်အချင်းပြည့်ဝသော အလှမယ်များကို ရွေးချယ်ဖော်ထုတ်ပေးနေသည့် ပြိုင်ပွဲဖြစ်ကာ ယခုနှစ် ပြိုင်ပွဲကို သီရိလင်္ကာနိုင်ငံ၌ ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုလင်း**




# ဦးမောင်(Art)၏ ဒုတိယအကြိမ်မြောက် 2020-63 အမှတ်တရ တစ်ကိုယ်တော်ပန်းချီပြပွဲ ကျင်းပ

ပန်းချီ ဦးမောင်(Art)၏ 2020–63 အမှတ်တရ တစ်ကိုယ်တော်ပန်းချီပြပွဲကို ရန်ကုန်မြို့ အောင်ဆန်းကွင်းအနီးရှိ OK Art Gallery ၌ ဇန်နဝါရီ ၁၈ ရက်မှ စတင် ကျင်းပလျက်ရှိသည်။

ပန်းချီပညာကို သီးသန့် သင်ယူခဲ့ရခြင်းမျိုးမရှိဘဲ ဝါသနာအရ လေ့လာမှတ်သားပြီး ဝန်ထမ်းဘဝတစ်လျှောက် သွားလာခဲ့ရသည့် ဒေသများကို အခြေခံကာ ပန်းချီကားများကို ရေးဆွဲ၍ ယခု ဒုတိယအကြိမ်မြောက် ပန်းချီပြပွဲကို မွေးနေ့အမှတ်တရအဖြစ် ကျင်းပခြင်းဖြစ်ကြောင်း ပန်းချီပညာရှင် ဦးမောင်(Art)က ပြောသည်။

"ပန်းချီပြပွဲကတော့ ဒါနဲ့ပါဆို ဒုတိယအကြိမ်ရှိပြီ။ မနှစ်က ၆၂ နှစ်ပြည့်



မွေးနေ့မှာ ပထမဆုံးအကြိမ် ပြပွဲလုပ်ဖြစ်တယ်။ ဦးက ဝန်ထမ်းဆိုတော့ ခရီးတွေထွက်ရတယ်။ ခရီးထွက်ရင်း တောတောင်သဘာဝတွေကို ခံစားပြီး ကိုယ်ဝါသနာပါတဲ့ ပန်းချီ ပညာနဲ့ သရုပ်ဖော်တာကို အကောင်အထည်ဖော်ဖြစ်တာပေါ့နော်။ ပန်းချီပညာကို သူများတွေလို စနစ်တကျ သင်ယူရတာမျိုးတော့ မရှိပါဘူး။ ဒီပညာနဲ့ပတ်သက်ရင် စာအုပ်စာပေနဲ့ မြင်ဆရာတွေပဲ ရှိပါတယ်။ ငယ်ငယ်က ဝါသနာပါပေမယ့် ဟိုခြစ် ဒီခြစ်ပါပဲ။ သေသေချာချာ ဆွဲဖြစ်တာက လေးနှစ်လောက်ပဲရှိပါသေးတယ်။ အလုပ်က အငြိမ်းစားယူပြီး နောက်ပိုင်းကျမှ ဆွဲဖြစ်တာ။ ပန်းချီပညာကို သေသေချာချာ သင်ယူထားတာ မရှိပေမယ့် အခြေခံတွေ၊ အရောင်တွေကတော့ လေ့လာထားတာပေါ့နော်။ အများဆုံးဆွဲဖြစ်တာကတော့ ရှုခင်းတွေပေါ့၊ တောတောင်ရှုခင်းတွေကို တစိမ့်စိမ့် ခံစားနေရတာကို နှစ်သက်တယ်။ အခုပင်စင်ယူပြီးနောက်ပိုင်းတော့ မကြာမကြာ ဆွဲဖြစ်ပါတယ်။ ဒီပွဲကတော့ အသက် ၆၃ နှစ်ပြည့် အမှတ်တရပွဲဖြစ်လို့ စိတ်ကြိုက်ဆွဲထားတဲ့ ပန်းချီကားပေါင်း ၆၃ ကားကို ပြသထားပြီး သင့်တင့်တဲ့တန်ဖိုး သတ်မှတ်ရောင်းချထားပါတယ်။ ပထမအကြိမ် ပြပွဲတုန်းက ပန်းချီကားပေါင်း ခုနစ်ကား ရောင်းချခဲ့ရပါတယ်"ဟု ၎င်းက ဆက်ပြောပြသည်။

ပန်းချီပညာအပေါ် အမြင်နှင့် ပတ်သက်၍လည်း "ပန်းချီပညာကို လူတိုင်း ခံစားစေချင်တယ်။ အနုပညာအမြင်နဲ့ဆိုရင် လောက က ပိုပြီး လှပလာမယ်လို့ ခံစားရလို့ပါ။ စိတ်အနုအရွလေးတွေ ဖြစ်နေတဲ့အတွက် သူတစ်ပါးကို တိုက်ခိုက်လိုစိတ် ကြမ်းတမ်းတဲ့စိတ်တွေလည်း လျော့နည်းလာမယ်လေ။ ဒါကြောင့် လူတိုင်း ပန်းချီကို ခံစားမိစေချင်တယ်"ဟု ဆက်ပြောသည်။

ယခုနှစ် ပန်းချီပြပွဲတွင် အခရိုင်းလစ်ဖြင့် ရေးဆွဲထားသော ပန်းချီကားများကို ပြသရောင်းချပြီး အကျိုးအမြတ် ရရှိရေးထက် အမှတ်တရအဖြစ်သာ ရည်ရွယ်၍ တစ်ကားလျှင် အမျိုးအစားနှင့် အရွယ်အလိုက် အမေရိကန်ဒေါ်လာ ၁၀၀၊ ၂၀၀ နှင့် ၃၀၀ ဟု သတ်မှတ်ရောင်းချနေကြောင်း သိရသည်။ **ကိုလင်း**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နာမည်ကြီးမီဒီယာများတွင် သရုပ်ဆောင် ခါရာအား အကျယ်တဝင့်ဖော်ပြ

မျက်နှာပြင်များ ရုပ်ရှင်ဇာတ်ကား အပါအဝင် မြို့ပြမုဆိုးများ၊ အဆိပ်ရှိလူရိုင်း၊ လက်ထပ်ပါရစေ စသည့် ရုပ်ရှင်ဇာတ်ကားကြီးများတွင် ပါဝင်သရုပ်ဆောင်ထားသည့် မြန်မာသရုပ်ဆောင် ခါရာအား တရုတ်နိုင်ငံရှိ နာမည်ကြီးမီဒီယာများဖြစ်သည့် Vogue, Bazaar, Rayli, Pclady, Cosmopolitan နှင့် Fengsung တို့တွင် အကျယ်တဝင့်ဖော်ပြခြင်းခံခဲ့ရကြောင်း သိရသည်။

သရုပ်ဆောင် ခါရာသည် ၂၀၁၄ ခုနှစ်က Mr.Asia Myanmar ၏ ကိုယ်စားလှယ်အဖြစ် ဟောင်ကောင်တွင်ပြုလုပ်သည့် Mr.Asia ပြိုင်ပွဲတွင် ပါဝင်ရန် ရွေးချယ်ခံခဲ့ရသည့်အပြင် Myanmar Star Award 2019 တွင်လည်း Rising Star Award ဆုကို လက်ခံရရှိခဲ့သည်ဟု တရုတ်မီဒီယာများတွင် ဖော်ပြ ထားသည်။ ခါရာ၏ ပီပြင်သော သရုပ်ဆောင်မှုများနှင့် ထူးခြားသော ရုပ်ရည် တို့ကြောင့် ယခုအခါ တရုတ်မီဒီယာများ၏ ကမ်းလှမ်းခြင်းကို ခံနေရပြီ ဖြစ်သည်။

လက်ရှိတွင် သရုပ်ဆောင်ခါရာသည် Canal+ နှင့် Bonanza တို့မှ ထုတ်လွှင့်ပြသနေသည့် လိပ်ပြာ ဇာတ်လမ်းတွဲတွင်လည်း အဓိက သရုပ်ဆောင်အဖြစ် ပါဝင်ထားသည်။ ထို့အပြင် လူသိများခဲ့သော ဇာတ်လမ်းတွဲများဖြစ်သည့် 'မနေ့ကဖြစ်သည်'၊ 'လောကကြိုးဝိုင်း'၊ 'ဆေးမင်ရည်ချည်သောကြိုး' အစရှိသည့် ရုပ်သံဇာတ်လမ်းတွဲများတွင်လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ **ကိုလင်း**



## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### ကျန်းမာရေးအခြေအနေကြောင့် မက်ဒေါနား ဖျော်ဖြေပွဲ ဖျက်သိမ်း

အသက် ၆၁ နှစ်ရှိပြီဖြစ်တဲ့ အဆိုတော် မက်ဒေါနားဟာ သူ့ရဲ့ Madame X လို့ အမည်ပေးထားတဲ့ နယ်လှည့်ဖျော်ဖြေပွဲတစ်ခုကို ကျန်းမာရေးအခြေအနေကြောင့် ဖျက်သိမ်းလိုက်တယ်လို့ ကြေညာခဲ့ပါတယ်။ မက်ဒေါနားရဲ့လက်ရှိ နယ်လှည့်ဖျော်ဖြေပွဲကတော့ နှောင့်နှေးမှုတွေ၊ ပွဲဖျက်သိမ်းမှုတွေနဲ့လုံးချာလည်လိုက်နေတယ်လို့ လစ္စဘွန်းမြို့ကိုရောက်ရှိနေတဲ့ လက်မှတ်ဝယ်ထားတဲ့ ပရိသတ်တစ်ဦးက ပြောပါတယ်။

မက်ဒေါနားဟာ ကော်လီစီယူ ကဇာတ်ရုံမှ ဖျော်ဖြေပွဲပြုလုပ်မယ်လို့ ကြေညာထားပေမယ့် ကျန်းမာရေးအခြေအနေကြောင့် ဒီပွဲကို ဖျက်လိုက်ရတယ်လို့ မက်ဒေါနားရဲ့အမာခံပရိသတ်တစ်ဦးက ပြောပါတယ်။ ဇန်နဝါရီ ၁၉ ရက် ညပိုင်းမှာတော့ အင်စတာဂရမ်ကနေတစ်ဆင့် အဲဒီနေ့အတွက် ပွဲကို ဖျက်သိမ်းလိုက်ရကြောင်း မက်ဒေါနားက ကြေညာခဲ့ပါတယ်။ သူ့ကျန်းမာရေးအခြေအနေ ဘယ်လိုဖြစ်နေတယ်ဆိုတာကိုတော့ အသိပေးခဲ့ခြင်းမရှိပါဘူး။ လန်ဒန်မြို့ကိုမသွားခင် မက်ဒေါနားဟာ ဇန်နဝါရီ ၂၁ ရက်၊ ၂၂ရက်နဲ့ ၂၃ ရက်တို့မှာ ဖျော်ဖြေပွဲပြုလုပ်ဖို့ ရက်သတ်မှတ်ထားပါတယ်။

လစ္စဘွန်းမြို့ပွဲမတိုင်မီကလည်း အစမ်းလေ့ကျင့်ရင်း ဒဏ်ရာရရှိတဲ့ပုံကို ပရိသတ်တွေဆီ မျှဝေပေးခဲ့ပါသေးတယ်။ ထိခိုက်ဒဏ်ရာနဲ့ပတ်သက်ပြီး ဖွင့်ဟပြောဆိုခြင်းတော့ မပြုသေးပါဘူး။ လစ္စဘွန်းမြို့ပွဲ မတိုင်မီ၊ နယူးယောက်၊ လော့စ်အိန်ဂျလိစ်၊ ဘော့စတွန်၊ မိုင်ယာမီနဲ့ ပဲရစ်မြို့တို့မှာ လုပ်ခဲ့တဲ့ပွဲတွေမှာလည်း မက်ဒေါနားဟာ ပွဲဖျက်သိမ်းတာတွေ လုပ်ခဲ့ဖူးပါတယ်။

**ဂိုးတက်ဂျံမဒေးလီး**



အဆိုတော် မက်ဒေါနား။

### Aquaman မင်းသား ဂျေဆင်မမ်မိုအာ ရိုက်ကွင်းမှ ခေတ္တနားပြီး ကလေးဆေးရုံသို့ သွားရောက်

Game of Thrones ဇာတ်လမ်းတွဲ၊ Aquaman ရုပ်ရှင်ကား အစရှိတာတွေနဲ့နာမည်ကြီးလာတဲ့ သရုပ်ဆောင် ဂျေဆင်မမ်မိုအာကတော့ ရိုက်ကွင်းကနေ အားလပ်ရက်ယူပြီး ပစ်ဘတ်ချ်မြို့က ကလေးဆေးရုံကို သွားရောက်ကာ လူနာကလေးတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ ဂျေဆင်ဟာ ဆေးရုံရောက်တဲ့ အခါမှာ ကလေးလူနာတစ်ယောက်နဲ့လည်း လက်မောင်းချင်းအားလွှဲ ကစားနည်း ဆော့ကစားခဲ့ပါသေးတယ်။

ဒီကစားနည်းမှာနိုင်ခဲ့မယ်ဆိုရင် Aquaman 2 ရိုက်ကွင်းကို အလည်ခေါ်မယ်လို့လည်း သူနဲ့အတူ ကစားခဲ့တဲ့ကလေးကိုပြောပြခဲ့ပါတယ်။ ဂျေဆင်ဟာ လက်ရှိမှာတော့ Netflix က ရိုက်ကူးတဲ့ဇာတ်ကားအတွက် ပစ်ဘတ်ချ်မြို့ကို ရောက်နေတာပဲ ဖြစ်ပါတယ်။

Sweet Girl လို့ အမည်ပေးထားတဲ့ ကားမှာတော့ ဂျေဆင်ဟာ ကလေးတစ်ယောက်အဖေအဖြစ် သရုပ်ဆောင်ထားပြီး မိန်းမဖြစ်သူ သေဆုံးမှုအတွက် အမှန်တရားကို လိုက်လံရှာဖွေနေတဲ့လူအဖြစ် သရုပ်ဆောင်ထားပါတယ်။ ဂျေဆင်ဟာ မကြာခင်မှာပဲ Aquaman 2 ရုပ်ရှင်ကား ဆက်လက်ရိုက်ကူးဖို့ရှိပြီး ၂၀၂၂ မှာပြသဖို့ ရက်သတ်မှတ်ထားပါတယ်။

**အေဘီစီနယူးစ်ဒွေ့ါကွန်း**



ဆေးရုံပေါ်တွင် လူနာကလေးနှင့် ကစားနေသည့် သရုပ်ဆောင် ဂျေဆင် မမ်မိုအာကို တွေ့ရစဉ်။

## ဥပဒေအတွေး ရေးပါရစေ အပိုင်း (၂၀၈)

# တရားခံပြေး



**ဦးဟန်ညွန့် (ဥပဒေ)**

### ပြီးခဲ့သောအပတ်

ပြီးခဲ့သော အပတ်က တရားခံပြေးအကြောင်း ဆောင်းပါးရေးခဲ့ပြီးဖြစ်ပါသည်။ ရေးစရာများ ကျန်နေသဖြင့် တရားခံပြေး(အဆက်)ဆောင်းပါး ဆက်လက်တင်ပြအပ်ပါသည်။

### ရာဇဝတ်ကျင့်ထုံး

တရားခံပြေးများနှင့် စပ်လျဉ်း၍ တရားသူကြီးများသည် ရာဇဝတ်ကျင့်ထုံးနှင့်အညီ လိုက်နာဆောင်ရွက်ရကြောင်း အများသိပြီး ဖြစ်ပါသည်။ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၈၇/၈၈ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ များကို အခြေခံလက်စွဲပြုရကြောင်းလည်း ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယနေ့အချိန်အခါတွင် တရားခံပြေးမှုများ အတော်များနေကြောင်း အများအသိဖြစ်ပါသည်။

### ဘယ်သူ့မှာ တာဝန်ရှိသလဲ

တရားခံပြေးများနှင့် ပတ်သက်၍ ဘယ်သူ့မှာ တာဝန်ရှိသလဲဟု အဖြေထုတ်လျှင် တရားရေးနှင့် ဆက်စပ်သူအားလုံးမှာ တာဝန်ရှိသည်ဟု ဖြေရပါလိမ့်မည်။ အားလုံးထဲမှာတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က တာဝန်အရှိဆုံး ဖြစ်ပါသည်။ နယ်မြေခံ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ အခြေခံတာဝန်မှာလည်း အဓိကကျပါသည်။ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်ကို ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများတွင် ဦးဆောင်မှု ကဏ္ဍပေးကြရပါသည်။ တရားခံက ဘယ်ရောက်နေသလဲ။ ဘယ်ရပ်ကွက်လဲ။ ဘယ်အိမ်မှာလဲ။ ဆယ်အိမ်မှူး/ရာအိမ်မှူးတွေက အသိဆုံးပါပဲ။ ဥပဒေခွင့်ပြုသည့် ဘောင်အတွင်းက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ပူးပေါင်းကူညီမှ တရားခံပြေးများကို ဖမ်းမိပါလိမ့်မည်။

### ရာဇဝတ်ကျင့်ထုံးအခန်း(၅)

ဖမ်းဆီးခြင်း၊ ထွက်ပြေးခြင်း၊ ထပ်မံဖမ်းဆီးခြင်းများအကြောင်းကို ရာဇဝတ်ကျင့်ထုံးအခန်း(၅) တွင် ဖော်ပြထားပါသည်။ အကျဉ်းမျှတင်ပြရလျှင် မည်သို့ဖမ်းဆီးခြင်းအကြောင်း၊ ဖမ်းဆီးရာတွင် ခုခံခြင်းအကြောင်း၊ ဖမ်းဆီးသင့်သောလူ ခိုးဝင်ပုန်းအောင်းနေသည့် နေရာကို ရှာတွေ့ခြင်းအကြောင်း၊ ဝင်ရန်အခွင့်မရနိုင်လျှင် လိုက်နာရန် နည်းလမ်းအကြောင်း၊ လွတ်ထွက်ရန် အကြောင်းဖြင့် တံခါးပြတင်းများကို ဖျက်ဆီးဖွင့်လှစ်နိုင်ခွင့် အာဏာအကြောင်း၊ ကျဉ်းကျပ်စွာ မထားသင့်ဘဲ မထားရခြင်းအကြောင်း၊ ဖမ်းဆီးရမိသူတို့ ကိုယ်တွင်ရှာဖွေရန်အကြောင်း၊ မိန်းမတို့ ကိုယ်တွင် ရှာဖွေရန် နည်းလမ်းအကြောင်း၊ ခုခံနိုင်သည့် လက်နက်များကို သိမ်းဆည်းနိုင်ခွင့် အာဏာ အကြောင်း ဖော်ပြထားပေသည်။

### မောင်ပျင်းရိ၏ စောဒက


"ဆရာကြီးကလည်း ကျင့်ထုံးတွေချည်း ထောက်ပြ၊ ရေးပြနေတာကိုး။ လက်တွေ့မှာ ဒီကျင့်ထုံးတွေအတိုင်း တိတိကျကျ ဘယ်သူက လိုက်နာနိုင်မှာလဲ။ ကြုံသလို၊ အဆင်ပြေသလို ကြည့်လုပ်ရတာပဲ။ ရဲတပ်ဖွဲ့အင်အားကလည်း လုံလောက်တာ မဟုတ်ဘူး။ အမှန်အတိုင်း၊ လက်တွေ့ဘဝအတိုင်း ရေးစေချင်ပါတယ်ခင်ဗျား" ဟု ကျွန်တော့်တပည့်က ကျွန်တော့်အား စောဒက တက်လေသည်။

### မှန်ပါသည်

လက်တွေ့ဘဝတွင် ကျင့်ထုံးကို ဂရုမစိုက်၊ ကြိုတင်ပြင်ဆင်မှုအားနည်း၊ တာဝန်ရှိသူ အသီးသီးက ပူးပေါင်းမကူညီကြ၍ တရားရုံးသို့ တရားခံ မတင်ပို့နိုင်။ ထို့ကြောင့် တရားခံပြေးမှုများ များပြားနေရခြင်း မဟုတ်ပါလား။ မောင်ပျင်းရိ၏ စောဒက မှန်ပါသည်။

### ဝရမ်းမပါဘဲ ဖမ်းဆီးခြင်း

ရာဇဝတ်အရာထမ်း၊ အမှုထမ်းတို့က ဝရမ်း အမိန့်မပါဘဲ မည်သည့်အခါ ဖမ်းဆီးနိုင်ခြင်း အကြောင်း၊ အတည်တကျ မရှိသူ၊ ဓားပြအမြဲ ပြုလုပ်တတ်သူ စသည်တို့ကို ဖမ်းဆီးခြင်း အကြောင်း၊ ရဲအရာရှိက ၎င်း၏ လက်အောက် အရာရှိသို့ ဝရမ်းမပါဘဲ ဖမ်းဆီးရန် လွှဲအပ်နိုင်ခြင်း၊ အမည်နေရပ်ကို မပြောမဆို ငြင်းဆန်ခြင်း၊



ရာဇဝတ်မှု ကျူးလွန်သူတို့ကို အခြား စီရင်စုနယ်မြေများသို့ ဝင်ရောက်လိုက်လံဖမ်းဆီးခြင်း၊ ဆင်းရဲသားတို့က ဖမ်းဆီးခြင်းတွင် လိုက်နာဆောင်ရွက်ရန် နည်းလမ်း၊ ဖမ်းဆီးရမိသူကို ရာဇဝတ်တရားသူကြီးထံဖြစ်စေ၊ ရာဇဝတ်ဌာနအုပ်ထံဖြစ်စေ ယူသွားရန်အကြောင်း၊ ဖမ်းဆီးရမိသူကို ၂၄ နာရီထက်ပို၍ မချုပ်နှောင်ရကြောင်း၊ ရာဇဝတ်အရာထမ်း၊ အမှုထမ်းတို့က ဖမ်းဆီးသည့်အမှုများကို အစီရင်ခံရန်အကြောင်း၊ ဖမ်းဆီးရမိသူကို အချုပ်မှ လွှတ်ခြင်းအကြောင်း၊ ရာဇဝတ်တရားသူကြီးရှေ့ ကျူးလွန်သည့် ပြစ်မှုအကြောင်း၊ ရာဇဝတ်တရားသူကြီး ကိုယ်တိုင်ဖမ်းဆီးခြင်း၊ (သို့မဟုတ်) ၎င်းရှေ့ ဖမ်းဆီးစေခြင်းအကြောင်း ထွက်ပြေးလျှင် လိုက်လံဖမ်းဆီးပိုင်ခွင့်အာဏာ စသည်ဖြင့် ရာဇဝတ်ကျင့်ထုံးအခန်း(၅) တွင် ဖော်ပြထားသည်။ အဆိုပါ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်ရှိသူများက တိတိကျကျ ဆောင်ရွက်လျှင် တရားခံပြေးမှုများ အထိုက်အလျောက် လျော့ပါးသွားမည်ဖြစ်ပေသည်။ ဥပဒေနှင့်အညီ တိတိကျကျဆောင်ရွက်နိုင်လေလေ ရပ်ရွာအေးချမ်းသာယာလေဖြစ်ပါမည်။

### လူဖမ်းဝရမ်း

လူဖမ်းဝရမ်းထုတ်ရာတွင် တရားမျှတရပါမည်။ တရားသူကြီးက လက်မှတ်ထိုး၍ ရုံးတံဆိပ်ပါရှိရမည်။ ဝရမ်းစာတွင် တရားခံအမည်၊ အဘအမည်၊ နေရပ်လိပ်စာနှင့် စွဲဆိုသည့် ပြစ်မှု စသည့်အချက်များ စုံလင်စွာ ပါရှိရမည်။ **(ရာဇဝတ်ကျင့်ထုံးပုဒ်မ ၇၅)**

တရားခံဖမ်းဝရမ်းအတွက် ရာဇဝတ်ပုံစံ(၅) ကို အသုံးပြုရမည်။ တရားရုံးက ဝရမ်းကို မဖျက်မသိမ်းသေးသမျှ ကာလပတ်လုံး ဖမ်းဝရမ်း သက်တမ်း မကုန်ဆုံးသည့် နေ့ရက်အထိ အာဏာတည်ရှိပါသည်။

ဖမ်းဝရမ်းတွင် တရားခံရုံးသို့ တင်ပို့ပေးရမည့်နေ့ရက်၊ ခံဝန်ဖြင့်ထုတ်သော ဖမ်းဝရမ်းဖြစ်လျှင် ခံဝန်တန်ဖိုး၊ ခံဝန်သူဦးရေ စသည်များကို ပြည့်ပြည့်စုံစုံ ဖော်ပြရမည်။ ခံဝန်မဲ့ဆိုလျှင် ခံဝန်မဲ့ဟု ထင်ထင်ရှားရှားဖော်ပြရမည်။ **(ရာဇဝတ်ကျင့်ထုံးပုဒ်မ ၇၆)**

ဖမ်းဝရမ်းကို ရဲအရာရှိတစ်ဦး သို့မဟုတ် အများကို အတည်ပြုခိုင်းနိုင်ပါသည်။ **(ရာဇဝတ်ကျင့်ထုံး ၇၇)**

ထွက်ပြေးတိမ်းရှောင်သူ၊ ပြစ်မှုကျူးလွန်ကြောင်း ကြော်ငြာခံထားရသူ၊ အာမခံ မရသည့် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူများဖြစ်လျှင် ၎င်းပိုင်ဒေသအတွင်းရှိ မြေရှင်မန်နေဂျာ အစရှိသော ပုဂ္ဂိုလ်များအား အတည်ပြုခိုင်းနိုင်ပါသည်။ **(ရာဇဝတ်ကျင့်ထုံးပုဒ်မ ၇၈)**

ဖမ်းရမည့်သူကို နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ သက်ဆိုင်ရာတရားရုံးသို့ တင်ပို့ပေးရပါမည်။ **(ကျင့်ထုံးပုဒ်မ ၈၀)**

ဖမ်းဝရမ်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မည်သည့်နေရာတွင်မဆို အတည်ပြုလုပ်ခွင့်ရှိသည်။ **(ရာဇဝတ်ကျင့်ထုံးပုဒ်မ ၈၂)**

### လူဖမ်းဝရမ်း

လူဖမ်းဝရမ်းနှင့် ပတ်သက်၍ ရာဇဝတ်ကျင့်ထုံး ၇၅ မှ ၈၆ အထိ လိုက်နာရပါမည်။ တရားရုံးများလက်စွဲ အပိုဒ် ၃၉၅ မှ ၃၉၇ အထိ လိုက်နာရမည်။

တရားခံကို သမ္မန်စာဖြင့် ဆင့်ခေါ်ရမည်။ သို့မဟုတ် လူဖမ်းဝရမ်း ထုတ်ဆင့်ရမည်ကို မြန်မာနိုင်ငံ ဥပဒေအတွဲ(၈) နောက်ဆက်တွဲ ဇယား(၂) နှင့်အညီ ဆောင်ရွက်သင့်ပါသည်။

လူဖမ်းဝရမ်းမထုတ်မီ သေချာစွာ စဉ်းစားပါ။ အလွယ်တကူ ထုတ်မပေးမိစေနှင့်။ မသိလျှင် သိသူ၊ တတ်သူကို မေးပါ။ ကျင့်ထုံးပြန်ဖတ်ပါ။ တတ်ယောင်ကားနှင့် လုပ်သော တရားသူကြီးပေါက်စ၊ လူငယ်အများကို ကျွန်တော်တွေ့ဖူးသည်။ ပြောလျှင်လည်း သူ့လောက် တတ်တာမရှိ။ လုပ်တော့ တစ်လွဲချည်း။ တရားစီရင်ရေးစနစ်ကို ဝေဖန်ခံရလာသည်။ ကြီးကြပ်သူများ၊ အတွေ့အကြုံများသူများက ကြီးကြပ်ပေးပါ။ ဆွေးနွေးပေးပါ။ သင်ကြားပေးပါ။ သရုပ်ပြတရားရုံးတွေလည်း လုပ်ပေးပါ။ တရားရေးကောလိပ်နှင့် တက္ကသိုလ်များ အမြန်ပေါ်ပေါက်ပါစေလို့ ဆုတောင်းသည်။

### နိဂုံး

တရားခံပြေးမှုများကို ဥပဒေနှင့်အညီ လက်တွေ့ကျကျ လုပ်စေချင်သော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ...။ ။

**လူဖမ်းဝရမ်း ထုတ်ရာတွင် တရားမျှတရပါမည်။ တရားသူကြီးက လက်မှတ်ထိုး၍ ရုံးတံဆိပ်ပါရှိရမည်။ ဝရမ်းစာတွင် တရားခံအမည်၊ အဘအမည်၊ နေရပ်လိပ်စာနှင့် စွဲဆိုသည့်ပြစ်မှု စသည့်အချက်များ စုံလင်စွာပါရှိရမည်။ (ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၇၅)**

*အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီသည် ပြည်သူများမှ တင်ပြလာသော တိုင်ကြားစာများကို သုံးသပ်လေ့လာ၍ ကော်မတီ၏ စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများထံ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန် ပေးပို့ညှိနှိုင်းခြင်းဖြင့် ပြည်သူများ၏ လိုလားချက်များ၊ နစ်နာမှုများကို ကူညီဖြေရှင်းပေးလျက်ရှိရာ အဆိုပါကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ရပါသည် – (စာတည်းအဖွဲ့)*

# ပြည်သူထဲက နစ်နာမှုတကယ်ရှိရင် အချက်အလက်၊ အထောက်အထားအပြည့်အစုံနဲ့ သေသေချာချာ၊ နာမည်မှန်၊ လိပ်စာမှန် နိုင်ငံသားစိစစ်ရေးကတ်နံပါတ်အမှန်တွေနဲ့ တိုင်စေချင်ပါတယ်

**အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ ဥက္ကဋ္ဌ၊ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း**

*ရှင်မင်း၊ ဓာတ်ပုံ – ကေကေ*

ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒဆိုသည့်အတိုင်း အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီအနေဖြင့် ပြည်သူတို့က လွှတ်တော်သို့ တင်ပြလာသည့် တိုင်ကြားစာများအပေါ် ကူညီဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိသည်။

အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီသည် ပြည်သူများမှ တင်ပြလာသော တိုင်ကြားစာများကို သုံးသပ်လေ့လာ၍ ကော်မတီ၏ စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများထံ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန် ပေးပို့ညှိနှိုင်းခြင်းဖြင့် ပြည်သူများ၏ လိုလားချက်များ၊ နစ်နာမှုများကို ကူညီဖြေရှင်းပေးလျက်ရှိသည်။

ထိုသို့ ကော်မတီ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**ဦးလှမြင့်(ခ) ဦးလှမြင့်သန်း (ဥက္ကဋ္ဌ၊ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ) (မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)**

ကော်မတီက ဆောင်ရွက်ရတဲ့ တာဝန် ငါးခုရှိပါတယ်။ တင်ပြလာတဲ့တိုင်စာတွေကို မှန်ကန်မှုရှိ၊ မရှိ စစ်ဆေးဖို့၊ မှန်ကန်မှုမရှိတဲ့ တိုင်ကြားစာတွေကို လိုအပ်သလို ပြန်ကြားပေးဖို့၊ ပြည်သူ့အကျိုးစီးပွားကို ထိခိုက်စေတဲ့ ကိစ္စရပ်တွေဖြစ်တယ်လို့ လေ့လာတွေ့ရှိရင် လွှတ်တော်ကို မေးခွန်းတွေ မေးမြန်းတာ၊ အဆိုတင်သွင်းတာတွေလုပ်ဖို့၊ တရားရုံးက ဆုံးဖြတ်ခြင်း မပြုရသေးတဲ့ကိစ္စတွေမှအပ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းဖြေရှင်းပေးရတာတွေ အကြံပြုပေးတာတွေ ရှိပါတယ်။ နောက်ဆုံးအချက်က ပြည်သူလူထုကို တရားမျှတစွာ အကာအကွယ်ပေးမယ့် အုပ်ချုပ်ရေးစနစ်ဖြစ်လာဖို့၊ အဲဒီအုပ်ချုပ်ရေးစနစ် အကောင်အထည်ဖော်ဖို့အတွက် သက်ဆိုင်ရာများအနေနဲ့ ဥပဒေ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဆောင်ရွက်ပေးဖို့ ကော်မတီက အကြံပြုချက်တွေ ပေးပို့ဆောင်ရွက်လျက် ရှိပါတယ်။

**လေ့လာစိစစ်မှု ဆောင်ရွက်ပိုင်ခွင့်ရှိ**

ကော်မတီရဲ့ လုပ်ပိုင်ခွင့်ကတော့ လိုအပ်မယ်ဆိုရင် လွှတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်နဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေက ဖြေကြားနိုင်မယ့် ပုဂ္ဂိုလ်တွေကို မေးမြန်းပိုင်ခွင့်ရှိပါတယ်။ ကျွန်တော်တို့ ကော်မတီအနေနဲ့ ကော်မတီကို ပေးပို့တိုင်ကြားလာတဲ့ တိုင်ကြားစာပါ ကိစ္စတွေဟာ အများပြည်သူအကျိုးကို ထိခိုက်စေမယ့် အကြောင်းအရာတွေ ဖြစ်နေမယ်ဆိုရင် ကွင်းဆင်းစစ်ဆေးပြီး လေ့လာစိစစ်မှုတွေ ဆောင်ရွက်ပိုင်ခွင့်ရှိပါတယ်။ ကွင်းဆင်းစစ်ဆေးမှုကနေ တွေ့ရှိချက်နဲ့ အကြံပြုချက်တွေကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ပြန်လည် အစီရင်ခံတင်ပြရပါတယ်။ တိုင်ကြားစာတွေအပေါ် ပြန်ကြားစာပေးပို့ရတာလည်းရှိပါတယ်။ ဒါတွေက ကျွန်တော်တို့ကော်မတီက လုပ်ပိုင်ခွင့်ရှိတာတွေပါ။

ကော်မတီက ဆောင်ရွက်နေတဲ့ တာဝန်တွေနဲ့ ပတ်သက်ပြီး အတိအလင်းပြောရရင် လွှတ်တော်ရဲ့ တာဝန်သုံးရပ်ထဲက နှစ်ခုဖြစ်တဲ့ ပြည်သူကို ကိုယ်စားပြုခြင်း၊ အုပ်ချုပ်ရေး မဏ္ဍိုင်နဲ့ တရားစီရင်ရေး မဏ္ဍိုင်ကို ထိန်းညှိခြင်း၊ အပြန်အလှန် ထိန်းကျောင်းခြင်း တာဝန်ကို ကော်မတီက လွှတ်တော်ကိုယ်စား တစ်စိတ်တစ်ပိုင်း အနေနဲ့ ထမ်းဆောင်နေပါတယ်။ ဒါဟာ ကော်မတီရဲ့ အဓိကတာဝန်ဖြစ်ပါတယ်။

**တိုင်ကြားစာ အကြောင်းအရာစုံ**

အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီကို တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ တိုင်းဒေသကြီးနဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦး စုစုပေါင်း ၁၅ ဦးနဲ့ ဖွဲ့စည်းထားပြီး ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးမှအပ ကျန် ၁၃ ဦးကို တိုင်ကြားလာတဲ့ အကြောင်းအရာ အစု ၃ မျိုးခွဲကာ အုပ်စု ၃ စု ခွဲဝေ တာဝန်ပေးထားပါတယ်။ အစုအဖွဲ့ ၁ က တရားစီရင်ရေးနှင့် တရားရုံးဆိုင်ရာကိစ္စများ၊ အစုအဖွဲ့ ၂ က ဝန်ထမ်းရေးရာကိစ္စများ၊ အစုအဖွဲ့ ၃ က အထွေထွေကိစ္စများဆိုပြီး ခွဲခြားသတ်မှတ် တာဝန်ခွဲဝေဆောင်ရွက်လျက် ရှိပါတယ်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှာ စတင်ဖွဲ့စည်းခဲ့တဲ့ အချိန်ကစပြီး ရရှိလာတဲ့ တိုင်ကြားစာပါ အကြောင်းအရာတွေကတော့ အကြောင်းအရာအစုံပဲဖြစ်ပါတယ်။ မြေယာကိစ္စကအများဆုံးပါ။ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိကို လွှတ်တော်ဥက္ကဋ္ဌထံ လိပ်မူပေးပို့လို့ ကျွန်တော်တို့ဆီ လွှဲပြောင်းပေးတဲ့ တိုင်ကြားစာပေါင်း ၄၆၆၁ စောင်ရှိပါ တယ်။ ကျွန်တော်တို့ ကော်မတီကို လိပ်မူပေးပို့တဲ့ တိုင်ကြားစာက ၅၁၂၁ စောင် စုစုပေါင်း ၉၇၈၂ စောင် လက်ခံရရှိခဲ့ပါတယ်။

လယ်ယာမြေနဲ့ အခြားမြေတွေ သိမ်းဆည်းခြင်းနဲ့ ပတ်သက်တဲ့ တိုင်ကြားစာတွေအပေါ်မှာ ကျွန်တော်တို့ ကော်မတီအနေနဲ့ လက်ခံဆောင်ရွက်လို့မရပါဘူး။ ဒုတိယသမ္မတ (၂) ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ ကော်မတီကို ပို့ရပါတယ်။ တိုင်ကြားစာတွေထဲမှာ သတ်မှတ်ချက်နဲ့ မကိုက်ညီလို့၊ မပြည့်စုံလို့ အရေးယူလို့မရတဲ့ တိုင်ကြားစာပေါင်း ၃၈၀၇ စောင် ရှိပါတယ်။ တိုင်ကြားသူတွေထံ ပြန်ကြားပေးတဲ့စာက ၇၇၀ စောင်ရှိပါတယ်။ ကွင်းဆင်းစစ်ဆေးမှုက ၅၉ စောင် ရှိပါတယ်။ ကွင်းဆင်းစစ်ဆေးတဲ့အကြိမ်က ၂၆ ကြိမ် ဖြစ်ပါတယ်။

ကွင်းဆင်းစစ်ဆေးခဲ့တဲ့ ပြည်နယ်တွေက ကရင်၊ မွန်နဲ့ ရခိုင်ပြည်နယ်တို့ဖြစ်ပြီးတော့ တိုင်းဒေသကြီးတွေက ရန်ကုန်၊ ပဲခူး၊ မန္တလေး၊ စစ်ကိုင်းနဲ့ ဧရာဝတီတို့ဖြစ်ပါတယ်။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ဝန်ကြီးဌာနတွေနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး နဲ့ ပြည်နယ်လွှတ်တော်တွေကို ပေးပို့ခဲ့ရာမှာ အဲဒီအဖွဲ့အစည်းတွေက ပြန်ကြားဖို့ ကျန်နေတာ ၂၉ စောင်ရှိပါတယ်။

**တိုင်ကြားသူတွေထံ အကြောင်းကြား**

သမ္မတရုံး ဝန်ကြီးဌာနအပါအဝင် ကော်မတီကို ပြန်ကြားဖို့ ကျန်နေတဲ့စာက ၁၃၅ စောင် ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနက ၆၈ စောင် ပြန်ကြားဖို့ အများဆုံးကျန်နေပါတယ်။ ဒုတိယအများဆုံးပြန်ကြားဖို့ ကျန်နေတာက ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနက ၂၁ စောင် ဖြစ်ပါတယ်။ တတိယပြန်ကြားဖို့ ကျန်တာက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဖြစ်ပြီး ၁၆ စောင် ဖြစ်ပါတယ်။ သူတို့ဆီက ဘယ်လိုဆောင်ရွက်ထားတယ်ဆိုတာ ပြန်ကြားလာမှ ကော်မတီက တိုင်ကြားသူတွေထံ အကြောင်းကြားပါတယ်။

ဒီလိုပဲ တိုင်းဒေသကြီးနဲ့ ပြည်နယ်က ပြန်ကြားဖို့ ကျန်နေတာတွေလည်း ရှိပါတယ်။ စုစုပေါင်း ၆၂၃ စောင် ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ၁၁၈ စောင် အများဆုံးဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးက ၁၀၉ စောင်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးက ၉၁ စောင်ဖြစ်ပါတယ်။ ဒီဟာတွေအပေါ်မှာ ထပ်ပြီး Remind လုပ်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ကော်မတီမှာ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်ကနေ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်အထိ ကော်မတီ အစည်းအဝေးပေါင်း ၉၁ ကြိမ် ကျင်းပခဲ့ပါတယ်။

**ကြားနာမှု ၅ ကြိမ် ပြုလုပ်**

ကွင်းဆင်းစစ်ဆေးတဲ့အပြင် တိုင်ကြားစာတွေနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် (I–18) ရေးရာဆောင် အပေါ်ထပ်မှာ ကြားနာမှု ၅ ကြိမ် ပြုလုပ်ခဲ့ပါတယ်။

ကော်မတီက လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ၂၀၁၇ ခုနှစ်မှာ ၂ ကြိမ်၊ ၂၀၁၈ ခုနှစ်မှာ ၂ ကြိမ်၊ ၂၀၁၉ ခုနှစ်မှာ ၁ ကြိမ် အမျိုးသားလွှတ်တော်ကို တင်ပြနိုင်ခဲ့ပါတယ်။

နောက်ပြီး ကော်မတီကို နိုင်ငံတကာအဖွဲ့အစည်းတွေကနေ လာရောက်တွေ့ဆုံတာတွေ ရှိပါတယ်။ Scholar Wilson Asia Foundation Center၊ WFD အစီအစဉ်နဲ့ ယူကေ အထက်လွှတ်တော်အမတ် Mr.Lord Malcolm Brue၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs.Christine Schraner Burgener တို့နဲ့ တွေ့ဆုံမှုတွေ ရှိပါတယ်။

ဒီလိုတွေ့ဆုံမှုမှာ သူတို့အနေနဲ့ စိတ်ဝင်တစား မေးမြန်းတာတွေလည်း ရှိပါတယ်။

*စာမျက်နှာ ၂၁ သို့*



အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁၆/၂၀၁၉) တွင် ကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း အမှာစကားပြောကြားစဉ်။



၂၇–၁၀–၂၀၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးရိပ်သာ၌ ပေါက်နက်ကျေးရွာနေ ဦးဝင်းမြင့်ပါ (၅၃) ဦး၏ တိုင်ကြားစာနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီက စိစစ်ကြားနာစဉ်။

**"လွှတ်တော်ရဲ့ တာဝန်သုံးရပ်ထဲက နှစ်ခုဖြစ်တဲ့ ပြည်သူကို ကိုယ်စားပြုခြင်း၊ အုပ်ချုပ်ရေး မဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင်ကို ထိန်းညှိခြင်း၊ အပြန်အလှန် ထိန်းကျောင်းခြင်းတာဝန်ကို ကော်မတီက လွှတ်တော်ကိုယ်စား တစ်စိတ်တစ်ပိုင်းအနေနဲ့ ထမ်းဆောင်နေပါတယ်။ ဒါဟာ ကော်မတီရဲ့ အဓိက တာဝန်ဖြစ်ပါတယ်"**



၁၇-၇-၂၀၁၉ ရက်က အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့် (ခ) ဦးလှမြင့်သန်းနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener တို့ တွေ့ဆုံဆွေးနွေးစဉ်။



အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၌ ၂၆-၃-၂၀၁၉ ရက်မှ ၁-၄-၂၀၁၉ ရက်အထိ ကွင်းဆင်းစိစစ်ကြားနာမှု ပြုလုပ်စဉ်။

*စာမျက်နှာ ၂၀ မှ*

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နဲ့ တွေ့ဆုံတဲ့အခါ ကျွန်တော်တို့ကော်မတီကို ဘယ်လိုတိုင်ကြားစာမျိုးတွေ ရောက်ရှိသလဲ၊ တိုင်ကြားစာတွေအပေါ် ဘယ်လိုဆောင်ရွက်ပေးသလဲ။ အီးမေးလ်နဲ့ပေးပို့မှုတွေ ရှိသလား ဒါမျိုးတွေ မေးပါတယ်။ ကျွန်တော်တို့ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို ဖြေကြားပေးပါတယ်။ ပြီးတော့သူက တိုင်ကြားစာထဲမှာ လဝကမှတ်ပုံတင်ကိစ္စကို တိုင်ကြားမှုရှိသလား မေးပါတယ်။ ဒီလို မေးမြန်းလာမယ်ထင်လို့ တိုင်ကြားစာတွေကို သေချာစိစစ်ထားပါတယ်။ ကျွန်တော်တို့ ကော်မတီကို လဝကနဲ့ ပတ်သက်ပြီး တိုင်ကြားစာမရှိပါဘူး။ လက်တွေ့အပြင်မှာ ပြောကြတာအများကြီး ရှိပါတယ်။

ဒါပေမယ့် ရခိုင်ပြည်နယ်မှာဆိုရင် အိန္ဒိယနွယ်ဖွားတွေ၊ မူဆလင်တွေတင် မဟုတ်ပါဘူး။ တိုင်းရင်းသားတွေက မွေးဖွားတဲ့သူတွေတောင် နိုင်ငံသား စိစစ်ရေးကတ် ရဖို့ခက်ခဲနေတာ ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တချို့က အဘိုးအဘွားနာမည်မသိတာ၊ အချက်အလက်တွေ မမှတ်မိတာမျိုး၊ အဘိုးလောက်သိပေမယ့် အဘွားမသိတာမျိုးတွေကြောင့် အခက်အခဲတွေရှိနေကြောင်း ရှင်းပြခဲ့ပါတယ်။

### ပကတိအခြေအနေမှန် လေ့လာ

ပြီးတော့ UN အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်က ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို ပြင်စေချင်တဲ့ အကြောင်းဆွေးနွေးပါတယ်။ ကျွန်တော်တို့ကလည်း ပြန်ပြီးရှင်းပြပါတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားဖြစ်မှုက တစ်မျိုးတည်းရှိပြီး ၁၉၄၈ ခုနှစ် နိုင်ငံသားဖြစ်မှု ဥပဒေအရ နိုင်ငံသားဖြစ်မှုကလည်း တစ်မျိုးတည်းရှိတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားဖြစ်မှုက နှစ်မျိုးရှိပါတယ်။ သို့သော် ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေအရ နိုင်ငံသားဖြစ်မှုက သုံးမျိုးဖြစ်သွားတယ်။ သူက အရင်ကိုယ်စားလှယ်နဲ့မတူဘဲ ကျွန်တော်တို့ နိုင်ငံရဲ့ ပြည်တွင်းအခြေအနေမှန်ကို သိပုံရတယ်ထင်လို့၊ ကျွန်တော်တို့အနေနဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုဖြစ်ဖို့ ကြိုးစားနေတဲ့အချိန်မှာ အထူးသဖြင့် အနောက်နိုင်ငံတွေအနေနဲ့ ကျွန်တော်တို့သွားနေတဲ့လမ်းကို အဟန့်အတားဖြစ်စေတဲ့ အလုပ်မျိုးမလုပ်မိဖို့၊ ကျွန်တော်တို့နိုင်ငံရဲ့ ပကတိအခြေအနေမှန်ကို သေသေချာချာလေ့လာဖို့လိုတယ်လို့ သူကို ရှင်းလင်းပြောပြဆွေးနွေးခဲ့ပါတယ်။ သူ့အနေနဲ့လည်း ကျွန်တော်တို့ နိုင်ငံအနေနဲ့ တွေ့ကြုံနေတာတွေ၊ အခက်အခဲတွေကို အများကြီးနားလည်တဲ့အကြောင်း၊ ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှု ဥပဒေကို ပြင်ဖို့လိုတဲ့အကြောင်း ပြန်ပြောပါတယ်။ ကျွန်တော်တို့ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ရပါဦးမယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ပြီးမှ ဒီဥပဒေတွေနဲ့ ပတ်သက်ပြီးစဉ်းစားရမယ်လို့ ပြန်ပြီး ဆွေးနွေးခဲ့ပါတယ်။

အလားတူပဲ ယူကေအထက်လွှတ်တော်အမတ်ကလည်း တိုင်ကြားစာနဲ့ ပတ်သက်ပြီး အများကြီးဆွေးနွေးပါတယ်။ ကျွန်တော်တို့ဘက်ကလည်း သူတို့ဆီမှာ တိုင်ကြားစာတစ်စောင်ကို အချိန်ဘယ်လောက်ယူသလဲ မေးမြန်းကြည့်ပါတယ်။ သူတို့ကနှစ်ရက်၊ သုံးရက်ပဲကြာတယ်လို့ ပြောပါတယ်။ ကျွန်တော်တို့ဆီမှာ အမြန်ဆုံးနှစ်လ၊ သုံးလလောက် ကြာပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဆီမှာ အားလုံး အီးမေးလ်သုံးတဲ့ စနစ်မရှိသေးဘူး။ အားလုံးအီးမေးလ် သုံးကြရင်တော့ မြန်သွားမယ်လို့ထင်မြင်ကြောင်း ပြန်လည် ရှင်းပြခဲ့ပါတယ်။

### ဥပဒေတွေနဲ့အညီ အရေးယူ

တိုင်ကြားစာကော်မတီရဲ့ စိစစ်တွေ့ရှိချက်နဲ့ အကြံပြုချက်တွေအရ ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်အထိ ပြည်ထဲရေးဝန်ကြီးဌာနက အရာထမ်းနဲ့ အမှုထမ်း စုစုပေါင်း ၁၀ ဦးကို အရေးယူခဲ့ပြီး နေပြည်တော်ကောင်စီက ၁ ဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အမှုထမ်း ၃ ဦး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အရာထမ်းနဲ့ အမှုထမ်း စုစုပေါင်း ၅ ဦး၊ ပညာရေးဝန်ကြီးဌာနက အမှုထမ်း ၂ ဦး၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က အရာထမ်းနဲ့ အမှုထမ်း စုစုပေါင်း ၄ ဦး၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့က အမှုထမ်း ၁ ဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဝန်ထမ်း ၁ ဦးနှင့် ရှေ့နေ ၁ ဦး တို့ကို ဥပဒေတွေနဲ့အညီ အရေးယူခဲ့ပါတယ်။

ဝန်ထမ်းအဖြစ်က ထုတ်ပယ်ခံရသူတစ်ဦးကို ကရုဏာကြေးနဲ့ ပင်စင်ပြန်ရအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးစစ်ချက်လွဲလို့ ကျောင်းဆက်တက်ခွင့်မရတဲ့ တက္ကသိုလ်ကျောင်းသား ၁ ဦးကို ကျောင်းဆက်တက်ခွင့်ရအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဝါးဘိုးချောင်းကျေးရွာက တောင်သူတွေရဲ့ မြေကိုကုမ္ပဏီက သိမ်းဆည်းတဲ့ကိစ္စမှာ တောင်သူတွေ ဆန္ဒနဲ့အညီ လျော်ကြေးငွေ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း သစ်ခိုးထုတ်တဲ့ကိစ္စ တိုင်ကြားလာလို့ ကော်မတီရဲ့ အကြံပြုချက်အရ နေပြည်တော်ကောင်စီက စိစစ်ဆောင်ရွက်ခဲ့ရာမှာ လူပုဂ္ဂိုလ် ၅ ဦးကို ထောင်ဒဏ်အပြစ်ပေးနိုင်ခဲ့ပြီး ဇိမ်ခံကား ၅ စီးနဲ့ သစ်တင်ယာဉ် ၆ ဘီးကား ၁ စီးကို သိမ်းဆည်း နိုင်ခဲ့ပါတယ်။

ကော်မတီက ကွင်းဆင်းစစ်ဆေးရာမှာ မမှန်မကန်တိုင်တဲ့ ကိစ္စ ၃ ခု တွေ့ခဲ့ရပါတယ်။ ပြည်သူထဲက နစ်နာမှုတကယ်ရှိရင် အချက်အလက်၊ အထောက်အထားအပြည့်အစုံနဲ့ သေသေချာချာ၊ နာမည်မှန်၊ လိပ်စာမှန် နိုင်ငံသားစိစစ်ရေး ကတ်နံပါတ်အမှန်တွေနဲ့ တိုင်စေချင်ပါတယ်။ တချို့တိုင်ကြားစာရေးတဲ့ လူတွေက တိုင်စာကို အဖုံးအကောင်းစားတွေနဲ့ လုပ်ကြပါတယ်။ အဲဒီလိုလုပ်စရာမလိုပါဘူး။ တံဆိပ်ခေါင်း ကပ်စရာလဲမလိုပါဘူး ဆိုတာကို ပြည်သူကို ပြောပြချင်ပါတယ်။

**ဦးဝင်းကြိုင် (အတွင်းရေးမှူး၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ)**
**(ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၁၀) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)**

ကျွန်တော်တို့ကော်မတီကို ပြည်သူတွေ အများဆုံးတိုင်ကြားပေးပို့တဲ့ တိုင်ကြားစာကတော့ လယ်ယာမြေနဲ့ အခြားမြေ သိမ်းဆည်းခံရမှုတွေ ဖြစ်ပါတယ်။ လယ်ယာမြေနဲ့ အခြားမြေတွေ သိမ်းဆည်းခံရတာ ရှိတယ်။ လယ်ယာမြေနဲ့ ပတ်သက်တဲ့စီမံခန့်ခွဲမှုအပိုင်းမှာ လွဲမှားလို့ နစ်နာတဲ့အတွက် တိုင်ကြားတာတွေရှိတယ်။ အဓိကကတော့ လယ်ယာမြေနဲ့ ပတ်သက်တဲ့ တိုင်ကြားစာက အများဆုံးပါ။

တခြား တိုင်ကြားစာတွေကတော့ ပုဂ္ဂလိကနစ်နာလို့၊ ဆုံးရှုံးလို့တစ်ဦးနှင့် တစ်ဦးတိုင်ကြားစာ၊ တရားစီရင်ရေးနဲ့ ပတ်သက်တဲ့ တိုင်ကြားစာတွေလည်း ရှိပါတယ်။ ဝန်ကြီးဌာနနဲ့ပတ်သက်ပြီး တိုင်ကြားတာတွေလည်း ရှိပါတယ်။ ဒါတွေက တိုင်ကြားစာနဲ့ ပတ်သက်တာတွေပါ။

ဒီလို တိုင်ကြားစာတွေနဲ့ပတ်သက်ပြီး ကော်မတီအနေနဲ့ ဆောင်ရွက်ပေးလို့မရတဲ့ တိုင်ကြားစာမျိုးတွေ ရှိပါတယ်။ တိုင်ကြားလိုတဲ့ အကြောင်းအရာနဲ့ပတ်သက်တဲ့ အချက်အလက်အပြည့်အစုံ မပါတာမျိုး၊ တိုင်ကြားပေမယ့် ကာယကံရှင်ရဲ့ လက်မှတ်မပါတာမျိုးတွေရှိရင် ဆောင်ရွက်ပေးလို့ မရပါဘူး။

### တိုင်ကြားစာ တိုက်ရိုက်ပေးပို့

ပြည့်စုံတဲ့ တိုင်ကြားစာတွေကိုတော့ ကျွန်တော်တို့ဘက်က သေချာစိစစ်ပြီးတော့ တိုင်ကြားစာနဲ့ ပတ်သက်ပြီး ဆောင်ရွက်ပေးလို့ရအောင် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းတွေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေဆီကို တိုက်ရိုက်ပေးပို့ပါတယ်။

ဒီနေရာမှာ အားနည်းချက်က ဘာလဲဆိုရင် ကျွန်တော်တို့ဆီက ပေးပို့လိုက်တဲ့အမှုတွေနဲ့ပတ်သက်လို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက မြန်မြန်ဆန်ဆန် ပူးပေါင်းပါဝင်မှုအားနည်းတာကို တွေ့ရပါတယ်။ ပူးပေါင်းဆောင်ရွက်မှု ရှိပါတယ်။ ဒါပေမယ့် တုံ့ပြန်မှုက အားနည်းတယ်။ ကျွန်တော်တို့လိုလားတဲ့ ရာခိုင်နှုန်းမရဘူး။

### တရားစွဲဆို ဆောင်ရွက်ဖို့ ညွှန်ကြားရ

ပြည်သူတွေအနေနဲ့ တိုင်ကြားစာ ပေးပို့မယ်ဆိုရင် သတ်မှတ်ထားတဲ့စည်းကမ်းချက် (၁၁) ချက် ရှိပါတယ်။ ကော်မတီက အရေးယူဆောင်ရွက်ခြင်း မပြုတဲ့ တိုင်ကြားစာ (၁၁) မျိုးရှိတယ်။ ပထမဦးဆုံး အချက်က နိုင်ငံတော်သမ္မတထံလိပ်မူပြီးတော့ ကျွန်တော်တို့ ကော်မတီကို မိတ္တူပေးပို့ရင် အရေးယူဆောင်ရွက်လို့မရပါဘူး။ နှစ်အချက်က နိုင်ငံတော်သမ္မတ၊ တခြား ဝန်ကြီးဌာနတွေနဲ့ လိပ်စာတစ်ပြိုင်တည်း ပေးပို့ရင်လည်း ဆောင်ရွက်လို့မရပါဘူး။ သုံးအချက်က တရားရုံးမှာရင်ဆိုင်ဆဲ၊ ဆောင်ရွက်ဆဲအမှုတွေကိုလည်း ဆောင်ရွက်ပေးလို့မရပါဘူး။ လေးအချက်က ကာယကံရှင် ကိုယ်တိုင်တရားစွဲဆိုရမယ့် ကိစ္စတွေ၊ အချင်းချင်းဖြစ်တဲ့ တရားမနစ်နာမှုလို၊ ငွေကြေးကိစ္စလို၊ ကိုယ်တိုင်တရားလို ပြုလုပ်ပြီး တရားစွဲဆိုရမယ့် ကိစ္စတွေ၊ ကျူးကျော်တဲ့ ကိစ္စမျိုးတွေ တိုင်ကြားတဲ့အခါ ကာယကံရှင်ကို ပြန်ပြီးတရားရုံးမှာ တရားစွဲဆို ဆောင်ရွက်ဖို့ ညွှန်ကြားရတာမျိုးတွေ ရှိပါတယ်။

နောက်တစ်ချက်က တိုင်ကြားစာမှာ တိတိကျကျ အကြောင်းအရာမပါဘဲ ယေဘုယျဆန်ဆန် ရေးသားထားတာ၊ ဘယ်အကြောင်းကြောင့် နစ်နာမှုဖြစ်တာလဲ ဆိုတာ မပေါ်လွင်တာတွေမျိုးကို အရေးယူဆောင်ရွက်လို့မရပါဘူး။ ပြီးတော့စိတ်ထဲမှာ ထင်ရာမြင်ရာတွေ ရေးသားတာမျိုး၊ သိသာရန် ပေးပို့ပါသည်ဆိုပြီး ရေးသား ပေးပို့တာမျိုးတွေ ဒါတွေမှာ အရေးယူဆောင်ရွက်ပေးလို့မရပါဘူး။

နောက်တစ်ခုက တိုင်ကြားသူ လက်မှတ်၊ အမည်၊ မှတ်ပုံတင် တိတိကျကျ မပါတဲ့ ပစ်စာတွေကိုလည်း ဆောင်ရွက်ပေးလို့မရပါဘူး။ အကြံပြုစာတွေ အပေါ်မှာလည်း ဆောင်ရွက်လို့ မရပါဘူး။

ပြီးတော့ သိမ်းဆည်းခံ လယ်ယာမြေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ကော်မတီက တိုက်ရိုက် ဆောင်ရွက်ပေးလို့မရပါဘူး။ လယ်ယာမြေနဲ့အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေး ဗဟိုကော်မတီကို ဒုတိယသမ္မတကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ ဗဟိုကော်မတီလည်း ရှိနေတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဝန်ကြီးချုပ်တွေ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ စိစစ်ရေးကော်မတီတွေလည်း ရှိပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ကော်မတီအနေနဲ့ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကို တိုက်ရိုက်အရေးယူခြင်း မရှိပါဘူး။ နောက်ဆုံးအချက်က ပွဲစားသဏ္ဌာန်ကြားထဲက လူတစ်ဦးက ရေးပေးတဲ့ စာမျိုးတွေ၊ ကိုယ်စားလှယ်လွှဲစာမပါဘဲ ရေးသားပေးပို့တာတွေကိုဆောင်ရွက်ပေးလို့ မရပါဘူး။

ပြည့်စုံတဲ့ တိုင်ကြားစာတွေ အပေါ်မှာတော့ ကော်မတီအနေနဲ့ သေချာစိစစ်ပြီးတော့ နစ်နာမှုတွေမဖြစ်အောင် ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ကော်မတီအနေနဲ့ တိုင်ကြားစာ တစ်စောင် ရောက်လာပြီဆိုရင် ဝင်စာ စာရင်းသွင်းပါတယ်။ တစ်နေ့စာတစ်နေ့ တင်ပြလာတဲ့ဝင်စာတွေကို ကဏ္ဍတွေခွဲဝေပါတယ်။ ပြီးရင် ကော်မတီဝင်တွေမှာ သတ်မှတ်ခွဲခြားထားတဲ့ တာဝန်တွေ ရှိပါတယ်။ ကိုယ့်တာဝန်နဲ့ သက်ဆိုင်တဲ့ ကိစ္စရပ်တွေကို သက်ဆိုင်ရာ ကော်မတီဝင်တွေက သေချာစိစစ်ပြီး စိစစ်တွေ့ရှိချက်တွေကို ရေးသားပေးပါတယ်။ ပြီးရင် သက်ဆိုင်ရာ အဖွဲ့အစည်းတွေဆီကို အကြံပြုချက်နဲ့ ပေးပို့ပါတယ်။

### ကွင်းဆင်းစစ်ဆေးတာမျိုးတွေရှိ

သက်ဆိုင်ရာ ဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေက ကျွန်တော်တို့ ပေးပို့တဲ့ တိုင်ကြားစာတွေနဲ့ ပတ်သက်ပြီး မြန်မြန်ဆန်ဆန်ဖြစ်အောင် အရေးကြီးရင် ကြီးသလို Remind လုပ်ပါတယ်။ ဒါမှမဟုတ် လွှတ်တော်မှာ မေးခွန်းအဖြစ် မေးမြန်းပေးတာမျိုးလည်း ရှိပါတယ်။ တိုင်ကြားစာတွေနဲ့ ပတ်သက်ပြီး ကွင်းဆင်းစစ်ဆေးတာမျိုးတွေရှိတယ်။

ဒီတိုင်ကြားစာတွေနဲ့ ပတ်သက်ပြီး ကြားနာမှုလုပ်တာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့ ကော်မတီစတင်ဆောင်ရွက်ချိန်ကစပြီး အခုအချိန်အထိ ကြားနာမှု ငါးကြိမ် လုပ်ခဲ့ပါတယ်။ အဓိကကတော့ ပြည်သူတွေ အနေနဲ့ ကိုယ့်မှာအမှန်တကယ် နစ်နာမှုဖြစ်ပေါ်နေပြီဆိုရင် ကျွန်တော်တို့ ကော်မတီက ဥပဒေနည်းလမ်းနဲ့အညီ ဖြစ်ရေး ညှိနှိုင်းကူညီဆောင်ရွက်ပေးနေပါတယ်။ ရာခိုင်နှုန်းပြည့် မကူညီနိုင်သေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လက်ရှိအချိန်က ပြုပြင်ပြောင်းလဲရေးတွေ ဆောင်ရွက်နေတဲ့ အချိန်မှာ ဝန်ကြီးဌာနတွေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအနေနဲ့ တာဝန်တွေများပြားတဲ့အတွက် ပြန်လည်တုံ့ပြန်ရတာ နှောင့်နှေးတာလို့ ထင်ပါတယ်။ ဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေက လျင်မြန်သွက်လက်စွာနဲ့ တိုင်ကြားစာတွေအပေါ်မှာ ထိထိရောက်ရောက် ပြန်ကြားလာရင် ကျွန်တော်တို့အနေနဲ့ ဒီထက်ပိုပြီး ကူညီနိုင်မယ်လို့ ယူဆပါတယ်။

## မြန်မာအမျိုးသမီးများအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ် တစ်သက်စီချမှတ်

**နေပြည်တော် ဇန်နဝါရီ ၂၁**


မြန်မာအမျိုးသမီးများအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရ ထောင်ဒဏ်တစ်သက်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက်နေ မXXX (၁၉ နှစ်)နှင့် မXXX (၄၀ နှစ်)တို့အား တစ်ရပ်ကွက်တည်းနေ မအေးမိစံ၊ မပိုင်ပိုင်၊ ကိုဖိုးလုံး၊ မထက်ထက်၊ မငွေး၊ မခိုင်၊ မစု တို့က တရုတ်နိုင်ငံရှိ အထည်ချုပ်စက်ရုံတွင် အလုပ်အကိုင်ရှိကြောင်း၊ ဝင်ငွေကောင်းကြောင်း ပြောဆိုစည်းရုံးပြီး မန္တလေး-မူဆယ်-ရွှေလီလမ်းကြောင်းအတိုင်း တရုတ်နိုင်ငံအတွင်းသို့ ခေါ်ဆောင်သွားခဲ့ကာ တရုတ်ဇနီးမယားများအဖြစ် ရောင်းစားခဲ့မှုကို ပြည်ကြီးတံခွန်မြို့နယ် စက်မှုနယ်မြေ ရဲစခန်း(ပ)၂၈၆/၂၀၁၈၊ လူကုန် ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၂၄/၃၂ ဖြင့် အမှုရေးဖွင့်၍ မန္တလေးခရိုင် တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ တရားခံများသည် လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့ကျူးလွန်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် တရားခံ မအေးမိစံ၊ မပိုင်ပိုင်၊ ကိုဖိုးလုံး၊ မထက်ထက်၊ မငွေး တို့အား ဇန်နဝါရီ ၁၇ ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၂၈ အရ ထောင်ဒဏ် တစ်သက်စီ ကျခံစေရန်နှင့် တိမ်းရှောင်တရားခံများအား တရားခံပြေး ကြေညာခဲ့ကြောင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

## ထားဝယ်နှင့် မြိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၁**



မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်သောအဖွဲ့သည် ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက ထားဝယ်မြို့ ဗျောတောဝရပ်ကွက် မြို့ပတ်လမ်းနေ အောင်သူစိုး(ခ) စီနီ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံး တို့ကို လည်းကောင်း။

အလားတူ ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက မြိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့ ပါရမီ(၂)ရပ်ကွက် သစ္စာလမ်း မ/၁၆၄၄ နေ မင်းဇော်(ခ) ဟိန်းဇော် (ယာပုံ)၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၂၃ ပြားသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ယာဉ်ပေါ်တွင် အံ့ဝှက်ပြုလုပ်သယ်ဆောင်သည့် ကျောက်စိမ်းတုံးများဖမ်းမိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၇၇၁ စီး၊ သွင်းကုန် ၁၇၀၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၁၀ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၀ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက ဖမ်းဆီးမှု တစ်မှု၊ ခန့်မှန်းတန်းဖိုးငွေကျပ် ၂၅ သန်း၊ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက ဖမ်းဆီးမှု နှစ်မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆ ဒသမ ၂၀ သန်း စုစုပေါင်း ဖမ်းဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁ ဒသမ ၂ သန်းအား ဖမ်းဆီးရမိသည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် ဇန်နဝါရီ ၂၀ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် စံလောင်း-ပန်ဆုံ ရှောင်ကွင်းလမ်းအတွင်းသို့ မောင်းနှင်ထွက်ပြေးသွားသော Suzuki Every ယာဉ်တစ်စီးကို လိုက်လံဖမ်းဆီးရာ ဟိုတုံရွာအနီး ရပ်တန့်ထားသည့် အဆိုပါယာဉ်ပေါ်တွင် အံ့ဝှက်ပြုလုပ်ပြီး တရားမဝင် သယ်ဆောင်လာသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးအရွယ်အစားမျိုးစုံ ၁၂၄ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်လာသည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၂၀ သန်းကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သထုံမြို့နယ်၌ လင်မယားချင်းစကားများရာမှ နေအိမ်ကို မီးရှို့

**သထုံ ဇန်နဝါရီ ၂၁**

မွန်ပြည်နယ် သထုံမြို့နယ် အောင်ကန်သာကျေးရွာတွင် ဇန်နဝါရီ ၂၀ ရက် ညပိုင်းက အောင်ဖြိုး(ခ) သက်လွင်မှာ ဇနီးဖြစ်သူနှင့် စကားများရာမှ ၎င်းတို့၏နေအိမ်ကို ဓာတ်ဆီလောင်း မီးရှို့ကာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် အလျား ၁၂ ပေ၊ အနံ ခြောက်ပေခန့်ရှိ ဓနိမိုးနေအိမ်တစ်လုံးသာ ဆုံးရှုံးခဲ့ကာ လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နေအိမ်ကို မီးရှို့ကာ တိမ်းရှောင် နေသူ အောင်ဖြိုး(ခ) သက်လွင်အား သထုံမြို့မရဲစခန်းက အမှုဖွင့်လှစ်ကာ ဖမ်းဆီးရမိရေး ဆောင်ရွက်နေကြောင်း သိရသည်။

**သက်ဦး(သထုံ)**

ဥပဒေဘောင်
အတွင်း
နေထိုင်ခြင်း
ဘေးကင်းရန်ကွာ
စိတ်ချမ်းသာ

## ပြွန်တန်ဆာမြို့တွင် ခြင်ဆေးခွေ ထွန်းထားရာမှတစ်ဆင့် နေအိမ်မီးလောင်

**ပြွန်တန်ဆာ ဇန်နဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့တွင် ဇန်နဝါရီ ၂၀ ရက် ည ၉ နာရီခန့်က မြို့မ ၂ ရပ်ကွက် ကန်ရှေ့လမ်းနေ ဒေါ်ငယ် (ခ)ဒေါ်သန်းသန်းအေး နေအိမ်တွင် ခြင်ဆေးခွေကို အိပ်ရာဘေးထွန်းထားခဲ့ပြီး ဈေးသွားဝယ်ရာမှ အနီးရှိခြင်ထောင်ကို မီးစွဲ၍ စတင်မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ ညောင်လေးပင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးသိန်းထိုက်ပါ ၁၄ ဦး၊ ပြွန်တန်ဆာမီးသတ်ဒုဦးစီးရဲမင်းနိုင်ပါ ၁၁ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ မီးသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် သုံးစီး၊ ညောင်လေးပင် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး သိန်းနိုင်၊ ပြွန်တန်ဆာ နယ်မြေရဲစခန်းမှူး ရဲအုပ် စိုးသိန်းနှင့် တပ်ဖွဲ့ဝင်များ၊ ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၉ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိဘဲ နေအိမ်တစ်လုံး မီးလောင်ခဲ့ကြောင်း သိရသည်။

**သက်လွင်(ပြန်/ဆက်)**

## ခင်ဦးမြို့နယ်၌ ဒဏ်ရာများနှင့် အမျိုးသားတစ်ဦး သေဆုံးလျက်တွေ့ရှိ

**ခင်ဦး ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် ဇန်နဝါရီ ၂၀ ရက် ညသန်းခေါင်ယံအချိန်က ခင်ဦးမြို့နယ် ကုန်းကြီးရဲကင်းစခန်းမှ ဒုရဲအုပ် ထွန်းလင်းသည် တာဝန်ထမ်းဆောင်နေစဉ် ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ရွှေဘို-မြစ်ကြီးနားလမ်း ညောင်ကန်ဇရပ်မြောက်ဘက်တွင် အသက်(၄၀ မှ ၅၀)နှစ်ကြားရှိ အမျိုးသားတစ်ဦးမှာ ယာဉ်တိုက်ခံရသည့် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူအား အရေးယူနိုင်ရေး ခင်ဦးမြို့မရဲစခန်းက အမှုဖွင့် ဆောင်ရွက်နေကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**




# FIRST MYANMAR INVESTMENT PUBLIC CO., LTD.

Listed on the Yangon Stock Exchange
Company Registration No. 121398001 | YSX Code 00001

## (၂၈)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး

First Myanmar Investment Public Co., Ltd. (FMI) ၏ (၂၈)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များတက်ရောက်နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် ။ ။ ၁၇-၂-၂၀၂၀ (တနင်္လာနေ့)
ကျင်းပမည့်အချိန် ။ ။ နံနက် (၉း၃၀)နာရီမှ နံနက် (၁၁း၃၀)နာရီအထိ
ကျင်းပမည့်နေရာ ။ ။ Novotel Yangon Max Hotel၊ အမှတ်-၄၅၉၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

အစည်းအဝေးအကြောင်းကြားစာအား ၂၀၂၀ ပြည့်နှစ်၊ ဇန်နဂါရီလ (၉)ရက်နေ့ကုန်တွင် YSX ရှိ အစုရှယ်ယာစာရင်းအရ အစုရှယ်ယာရှင်များထံသို့ ပေးပို့မည်ဖြစ်ပါသည်။ အစည်းအဝေးမတက်ရောက်နိုင်ကြသော အစုရှယ်ယာရှင်များသည် ကြိုတင်ပေးပို့ထားပြီးဖြစ်သော ကိုယ်စားလှယ်လွှဲစာတွင် ဖြည့်စွက်လက်မှတ်ရေးထိုး၍ FMI Public Co., Ltd. ရုံးခန်းသို့ နှစ်ပတ်လည်အထွေထွေအစည်းအဝေးမစတင်မီ(၄၈)နာရီထက် နောက်မကျဘဲ မပျက်မကွက်ပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ နှစ်ပတ်လည်အထွေထွေအစည်းအဝေးအစီအစဉ်တွင်အောက်ပါကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ရန် ဖြစ်ပါသည်။

၁။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်တွင် ကုန်ဆုံးသည့်ဘဏ္ဍာနှစ်၏ နှစ်ချုပ်စာရင်းနှင့် ဒါရိုက်တာအဖွဲ့အစီရင်ခံစာကို အတည်ပြုရန်၊
၂။ ကုမ္ပဏီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပုဒ်မ ၁၆.၁၄ အရ နတ်ထွက်ရန်အလှည့်ကျသည့် ဒါရိုက်တာ အဖွဲ့ဝင်တစ်ဦးဖြစ်သော ဦးမြတ်သင်းအောင်ကို ပြန်လည်ခန့်အပ်မှုအား အတည်ပြုရန်၊
၃။ ကုမ္ပဏီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပုဒ်မ ၁၆.၁၄ အရ နတ်ထွက်ရန်အလှည့်ကျသည့် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သော ဦးထွန်းထွန်း ကို ပြန်လည်ခန့်အပ်မှုအား အတည်ပြုရန်၊
၄။ ကုမ္ပဏီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပုဒ်မ ၁၆.၁၄ အရ နတ်ထွက်ရန်အလှည့်ကျသည့် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သော ပါမောက္ခ ဒေါက်တာဒေါ်ရီရီမြင့် ၏ နတ်ထွက်မှုအား အတည်ပြုရန်၊
၅။ ကုမ္ပဏီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပုဒ်မ ၁၆.၇ အရ ကုမ္ပဏီ၏ အမှုဆောင်မဟုတ်သော ဒါရိုက်တာအဖြစ် Mr. Fernando Miranda Zobel de Ayala အား ခန့်အပ်ခြင်းကို အတည်ပြုရန်၊
၆။ ကုမ္ပဏီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပုဒ်မ ၃.၁ နှင့် ပြောင်းလဲ၍ရသော ချေးငွေသဘောတူညီချက်ပါ အချက်အလက်များအရ Ayala Corporation ကို ပေးအပ်ရန်အတွက် ကုမ္ပဏီ၏ အစုရှယ်ယာအသစ် ၂၀% ထုတ်ဝေခြင်းအား အတည်ပြုရန်၊
၇။ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပုဒ်မ ၃.၁ အရ Yangon Land က ပိုင်ဆိုင်သော ရိုးမဘဏ် အစုရှယ်ယာ ၆၅၁,၉၅၂ အား ဝယ်ယူရန် ကုမ္ပဏီ၏အစုရှယ်ယာအသစ် ၅,၉၉၆,၉၄၇ ထုတ်ဝေခြင်းအား အတည်ပြုရန်၊
၈။ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပုဒ်မ ၃.၁ အရ အစုရှယ်ယာအသစ်များထုတ်ဝေရန် လုပ်ပိုင်ခွင့်အပ်နှင်းခြင်းအား အတည်ပြုရန်၊
၉။ Myanmar Vigour & Associates Limited ("Deloitte Myanmar") အား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးမည့် ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အဖြစ် ပြန်လည်ခန့်အပ်ရန်၊

အစုရှယ်ယာရှင်များအနေဖြင့် မေးမြန်းလိုသည့်အချက်အလက်များရှိပါက FMI Public Co., Ltd. သို့ နှစ်ပတ်လည်အထွေထွေအစည်းအဝေး မစတင်မီ (၄၈)နာရီနောက်ဆုံးထား၍ ပေးပို့ကြရန်ဖြစ်ပါသည်။

အကြောင်းအမျိုးမျိုးကြောင့် အကြောင်းကြားစာမရရှိသော အစုရှယ်ယာရှင်များအနေဖြင့် မှတ်ပုံတင်မူရင်းနှင့်အတူ နှစ်ပတ်လည်အထွေထွေအစည်းအဝေး Information Counter တွင် နံနက် (၈း၃၀) အချိန်မှစတင်၍ ထုတ်ယူနိုင်ပါသည်။

**Registration စာရင်းသွင်းရန်အချိန် ။ ။ နံနက် (၈း၃၀)နာရီတိတိ**

First Myanmar Investment Public Co., Ltd.
သည် ကမ်းပက်စ်၊ အမှတ် (၁)၊ ရုံးများရိပ်သာဝင်း၊ ကုက္ကိုရိပ်သာလမ်း၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ ၁၁၄၀၁
ဖုန်း +၉၅-၁-၃၆၈၇၇၆၆၊ ဖက်(စ်)+၉၅-၁-၃၆၈၇၆၈၇ | Web: fmi.com.mm | Email: info-fmi@yoma.com.mm

# MICEG

MYANMAR INTERNATIONAL CONSULTING ENGINEERS GROUP

## ဖိတ်ကြားလွှာ

မြန်မာအပြည်ပြည်ဆိုင်ရာအတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့ (MICEG)
နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ (၂၀၂၀) ပြည့်နှစ်ကို အောက်ပါအစီအစဉ်အတိုင်း
ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ချီးမြှင့်ပါရန် ဖိတ်ကြားအပ်ပါသည်-

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

**အစီအစဉ်**

နေ့ရက် - ၈-၂-၂၀၂၀ (စနေနေ့)
အချိန် - တက်ရောက်လာသူများ နေရာယူရမည့်အချိန် (နံနက် ၀၈း၃၀ နာရီ)
အခမ်းအနားစတင်မည့်အချိန် (နံနက် ၀၉း၀၀ နာရီ)
နေရာ - မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ လှိုင်တက္ကသိုလ်များနယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

❖ တက်ရောက်နိုင်မည့်အခြေအနေကို ဖုန်းနံပါတ် 09-456614356, 09-409084859 နှင့်
Email : info@miceg.com, miceg.mes@gmail.com သို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်၊

## ဒါရိုက်တာအဖွဲ့ဝင် ပြောင်းလဲခန့်အပ်ကြောင်း အများသိစေရန်

ကျွန်ုပ်တို့ Early Dawn Microfinance CompanyLimitedမှ ဒါရိုက်တာ တစ်ဦးဖြစ်သော Ms.Radhika Jayant Shroff သည် တာဝန်ပြီးဆုံးသဖြင့် ၎င်း၏နေရာတွင် Mr.John H.Fischer အား ၁၉ ရက် ဒီဇင်ဘာ ၂၀၁၉ ရက်တွင် အစားထိုးပြောင်းလဲခန့်အပ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Early Dawn Microfinance Company Limited**

## ကန့်ကွက်နိုင်ပါကြောင်း

၁။ နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း ပွဲရုံဆိုင်ခန်းအမှတ်(ပ-၁၁၅)ဆိုင်ခန်းအား အမှတ်(၁၀/၄၉)၊ ရွှေချီရပ်ကွက်၊ မောင်ခင်လမ်း၊ ပျဉ်းမနားမြို့နေ ဒေါ်အေးအေး ၁၄/ဘကလ(နိုင်)၁၄၂၂၇၀ (ကွယ်လွန်)က အမည်ပေါက် ပိုင်ဆိုင်ပါသည်။
၂။ အဆိုပါ(ပ-၁၁၅)ဆိုင်ခန်းအား ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ (၅)လမ်း၊ အမှတ်(၉)၊ အခန်း (၂၀၁/၂၀၂)နေ ဦးမြင့်ထွန်း ၁၂/ကမရ(ပြ)၀၀၀၂၇၆ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် ဦးမြင့်ထွန်းမှ ဝယ်ယူထားသည်မှာ မှန်ကန်ကြောင်း၊ ကျမ်းကျိန်ဆိုချက်မူရင်း၊ ဆိုင်ခန်းအရောင်းအဝယ် နှစ်ဦးသဘောတူစာချုပ်မူရင်း၊ ရောင်းသူဝယ်သူကတိပြုဝန်ခံချက်၊ ဒေါ်အေးအေး(ကွယ်လွန်)၏သေဆုံးကြောင်းလက်မှတ်စသည့်အထောက်အထားများနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ လျှောက်ထားတင်ပြလာပါသည်။
၃။ သို့ဖြစ်ပါ၍ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်လိုသူရှိက ကန့်ကွက်နိုင်ကြောင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ ကန့်ကွက်လွှာတင်သွင်း လျှောက်ထားနိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက (သို့မဟုတ်) ကန့်ကွက်လွှာတွင် အထောက်အထားခိုင်လုံမှုမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ဃ/၅၄၆၂ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းမော်ခိုင် ၁၀/ကထန(နိုင်)၁၁၅၅၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ(၁၈)လမ်း၊ တိုက်အမှတ် (၈၉၄/က) ဟုခေါ်တွင်သော အဆောက်အအုံ၏(ပထမထပ်)၊ (၁၈ပေx၅၄ပေ) အကျယ်အဝန်းရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဝင်းသိင်္ဂီထွန်း ၁၂/ဥကန(နိုင်)၀၁၈၂၁၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လဲ့ရည်မွန် LL.B, D.B.L**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၀၆)**
**အခန်း-၅၊ အမှတ် ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၆၄၆၅၆၀၀၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့ အောင်ဇမ္ဗူရပ်ကွက် မြေတိုင်းရပ်ကွက်အမှတ် (၁၁/၁)၊ မြေကွက်အမှတ် (၁၉၁) ဧရိယာ ၀ ဒသမ ၀၆၃ ဧကကို ဒေါ်မိုးမိုးဝေ (ဘ)ဦးမောင်မောင် ၉/ပမန(နိုင်)၁၂၅၀၄၅ မှ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်မူရင်းအထောက်အထားများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။


**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**


သွေးတိုးကျ သွေးတိုးကျ

# သန္တိသုခ

သွေးတိုးကျ

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက (စာနယ်ဇင်း)
014/0819




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012355 (0919)

အမြို့မြို့ဆိုင်တိုင်းတွင် ရနိုင်ပါသည်။

လပြည့်သစ္စာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၄၈၀၃၄၄၇၇၊ ၀၉ ၂၆၁၉၉၃၆၅၃၊ ၀၉ ၄၂၂၄၄၃၈၄၅


## ကုမ္ပဏီ၏အစုရှယ်ယာတန်ဖိုးပြင်ဆင်ခြင်း

ကြယ်ရာဇ ကုမ္ပဏီလီမိတက်၏ အစုရှယ်ယာများကို အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ တစ်သိန်းကျပ်တန် အစုရှယ်ယာ ၂၀၀၀ စုမှ တစ်သောင်းကျပ်တန် အစုရှယ်ယာ ၂၀၀၀ သို့ အစုရှယ်ယာတန်ဖိုးအား လျှော့ချပြင်ဆင်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

## ကုမ္ပဏီ၏အစုရှယ်ယာ ပြင်ဆင်ခြင်း

ဝေအပြည်ပြည်ဆိုင်ရာ ကုန်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်၏ အစုရှယ်ယာများကို အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ တစ်သိန်းကျပ်တန် အစုရှယ်ယာ ၂၀၀၀၀ စုမှ ၂၅၀၀ စုသို့ လျှော့ချပြင်ဆင်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ကျွန်တော် ဦးကျော်ဆွေ ပိုင်ဆိုင်သော မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်(၂၈၄/၄) သီးကုန်းယာဉ်ရပ်နားစခန်း အခန်းအမှတ် C တွင် Famous Bakery လုပ်ငန်းအမည်ဖြင့် မုန့်လုပ်ငန်းဖြန့်ချိမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပြီး ကန့်ကွက်ရန် သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ငန်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ဦးကျော်ဆွေ ၁၂/ကမရ(နိုင်)၀၅၂၄၈၀**
**ဖုန်း-၀၉-၉၇၁၁၉၅၅၀၀**


PUN HLAING SILOAM HOSPITALS

"နိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ"
မလေးရှားနိုင်ငံမှဆရာဝန်ကြီးလာရောက်ကုသပေးမည့်အစီအစဉ်

နိုင်ငံတကာအတွေ့အကြုံရှိ မလေးရှားနိုင်ငံမှ သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး
**Dr Sivamohan Namasivayam** သည် ပန်းလှိုင်စီလုံဆေးရုံသို့ လာရောက်၍
မီးယပ်နှင့်ပတ်သက်သော ရောဂါအမျိုးမျိုးတို့ကို ခေတ်မီခွဲစိတ်ကုသမှုများပြုလုပ်ပေးနေပြီဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။

ဇန်နဝါရီလ (၂၅)ရက် မှ (၂၇)ရက်နေ့အထိ

Only JCI Accredited Hospital In Myanmar



ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈၄၃၂၃၊ ၃၆၈၄၃၂၅၊ ၃၆၈၄၃၃၆၊ (၀၉) ၄၂၀၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇
LIKE US ON facebook Pun Hlaing Siloam Hospitals

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရင်နွယ်

### (အထက်တန်းသူနာပြု-ငြိမ်း၊ ကူးစက်ဆေးရုံ)

### အသက်(၈၇)နှစ်

သာယာဝတီမြို့နယ်၊ ဇိမ်ဇာကျေးရွာနေ (ဦးသောင်းဆင်-ဒေါ်မေပု)တို့၏သမီး၊ သုံးဆယ်မြို့နေ (ဦးလွင်-ဒေါ်စော)တို့၏ သမီးချွေးမ၊ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ကျောင်းစုရပ်ကွက်၊ ကျောင်းစုလမ်းမတော်နှင့် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်(၆)ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ်(၆/၆၅)နေ (ဦးညွန့်ထွန်း)၏ဇနီး၊ ဦးထိန်လင်းထွန်း(မြို့နယ်အုပ်ချုပ်ရေးမှူး၊ သာယာဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်သီတာခင်တို့၏မိခင်၊ မဆုရတနာထွန်း( 3 rd Year ၊ ဒဂုံတက္ကသိုလ်)၊ မယွန်းနဒီထွန်း(Grade-11၊ အထက ၁၊ သာယာဝတီ)တို့၏ အဘွား ဒေါ်ရင်နွယ် သည် ၂၁-၁-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် သာယာဝတီမြို့နယ်၊ ထောင်ကြီးသုသာန်သို့ ပို့ ဆောင် သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် သာယာဝတီမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန်ဖိတ် ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း ဒါယိကာမကြီး

## ဒေါ်ဒေါရ(စ်)စိန် အသက်(၈၆)နှစ်

### အထက်တန်းကျောင်းအုပ်ကြီး(ငြိမ်း)

ဗန်းမော်မြို့နေ (ဦးစိန်-ဒေါ်ရှင်)တို့၏သမီး၊ (ဦးအောင်မြင့်ထွန်း)၏ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ နွယ်နီ(၁)လမ်း၊ (ဃ)ရပ်ကွက်၊ အမှတ်(၄၅၃/၄၅၄)(2A)နေ၊ ဦးကျော်မျိုးဝင်း-ဒေါ်စုမြတ်သန္တာ(ခ)ဒေါ်ချိုမာမြင့်တို့၏ ကျေးဇူးရှင်မွေးမိခင်၊ မောင်ထက်ပြည့်စုံအောင်-မခင်လေးဝေ၊ Mr.Pang Hong Man-မအိဖူးရတနာတို့၏ အဘွား၊ မောင်ဝေယံ၊ Mr.Jimmy(ခ) မောင်လင်းသန့်တို့၏ အဘေး ဒေါ်ဒေါရ(စ်)စိန်သည် ကျောက်တန်းမြို့၊ ဆင်ကန်မြောက်ပိုင်းရပ်ကွက်၊ မာန်ပြေလမ်း၊ အမှတ်(ဂ/၉၅၈)နေ အိမ်တွင် ၁၇-၁-၂၀၂၀ရက်(သောကြာနေ့)နံနက် ၁၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၂၀ရက်(တနင်္ဂနွေနေ့)တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၁-၂၀၂၀ရက် (ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ကျောက်တန်းမြို့ နေအိမ်၌လည်းကောင်း၊ ၂၆-၁-၂၀၂၀ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ မြောက်ဥက္ကလာပနေအိမ်၌လည်းကောင်း ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် မိတ်ဆွေသူငယ်ချင်းအပေါင်းအား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ရဟန်း၊ သိမ်၊ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးအေးသောင်း

### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)

### ရေကြောင်းဦးစီး

### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ခွန်နီ(၁)လမ်း၊ အမှတ်(၇၀)နေ (ဦးသောင်းဖေ)ရဲမှူး(ငြိမ်း)- ဒေါ်ခင်နှင်းမေတို့၏ သမီးကြီး၊ ဒေါ်မာမာအေး၏ညီမ၊ ဦးဝင်းညွန့်-ဒေါ်ပြုံးပြုံးသောင်း(ရေကြောင်းဦးစီး)၊ ဦးလှသောင်း-ဒေါ်မျိုးမျိုးဦး၊ ဦးကိုကိုရွှေ-ဒေါ်ငွေငွေသောင်း၊ ဦးမြတ်သောင်း(AA MEDICAL)-ဒေါ်မြတ်လေးလွင်တို့၏ အစ်မ၊ တူ/တူမ ရစ်ယောက်တို့၏ အဒေါ်သည် ၂၀-၁-၂၀၂၀ရက်(တနင်္လာနေ့) ည ၁၁:၅၅နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။(ကွယ်လွန်သူအား ရည်စူး၍ ၂၆-၁-၂၀၂၀ရက်(တနင်္ဂနွေ နေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးသက်လွင်

### ဦးစီးအရာရှိ(မြို့ပြ)(ငြိမ်း)၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေး

### အသက်(၆၄)နှစ်

သန်လျင်မြို့နေ(ဦးကျင်လှိုင်)-ဒေါ်ကျင်ပုတို့၏သား၊ ပဲခူးမြို့နေ(ဦးအောင်သိန်း)-ဒေါ်တင်တို့၏သားသမက်၊ ဦးအောင်သန်း-ဒေါ်သန်းသန်းဝေ၊ ဦးအောင်ဝင်း-(ဒေါ်ယဉ်ငွေ)တို့၏ ညီမောင်၊ ဒေါ်လှလှသန်း၊ ဦးခင်ဇော်-ဒေါ်စန်းစန်းမော်၊ ဦးအောင်လွင်- ဒေါ်ကြူကြူသင်း၊ ဦးလွင်ဇော်-ဒေါ်ငွေငွေလှိုင်၊ ဦးသောင်းထိုက်ဇော်-ဒေါ်စန္ဒာလှိုင်၊ ဦးအောင်နိုင်-ဒေါ်ခင်စန်းဝေ၊ ဦးမျိုးတင့်-ဒေါ်ဥမ္မာတင် တို့၏အစ်ကို၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဟံသာဝတီ(၂၁)လမ်း၊ အမှတ်(၁၀၄) နေ ဒေါ်ဆန်းကြည်၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါက်တာလွင်ဆန်းကို(ကြည့်မြင်တိုင်အရိုးဆေးရုံကြီး)-မမြတ်ရွှေစင်ထွန်း(မန္တလေးFM)၊ဒေါက်တာကျော်ကို ကိုလတ်(ခေတ္တ UK)-ဒေါက်တာဆုညွန့်ဇော်(ခေတ္တ UK)၊ မလဲ့မွန်ဖြိုး [ဦးစီးအရာရှိ(မြို့ပြ)(တံတားဦးစီးဌာန)]တို့၏ချစ်လှစွာသောဖခင်၊ မောင်မင်းဘုန်းခန့်၊ မောင်မင်းသံလွင်ထွန်းတို့၏ ချစ်လှစွာသောအဘိုးသည် ၂၀-၁-၂၀၂၀ရက်(တနင်္လာနေ့)ည ၉:၂၀ နာရီတွင် ပင်လုံ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအား ရည်စူး၍ ၂၆-၁-၂၀၂၀ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးဝင်းဇော်အောင်(ခ)ဦးတူး

### Chairman Of Ngwe Eain Min Co,Ltd

### အသက်(၅၆)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်ကြည်)-ဒေါ်ခင်စုတို့၏သား ရွှေသရဖီရိပ်မွန်၊ ရွှေသရဖီ လမ်း၊ ကမာရွတ်မြို့နယ်နေ ဦးကျော်-ဒေါ်တင်အေးတို့၏ သားသမက်၊ မောင်ဝေယံမိုးဦး၊ မမေကြော့ဆုလာဘ်၊ မတင်မြင့်မိုရ်ထက်တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်သီတာကျော်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၀-၁-၂၀၂၀ရက်(တနင်္လာနေ့) ည ၆:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရွှေသရဖီရိပ်မွန်နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင် စတင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကျင်လွမ်

### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သရဖီလမ်း၊ အမှတ်(၁၁/၁၅)နေ (ဦးဘိုးရှမ်း-ဒေါ်ကြည်)တို့၏သမီး၊ ဦးမျိုးမြင့်၏ဇနီး၊ ဒေါက်တာခင်မောင်ကြိုင်-ဒေါက်တာသီသီမြင့်၊ ဦးကျော်ဝင်းအောင်-ဒေါက်တာနီနီမြင့်၊ ဒေါ်ရီရီမြင့်၊ ဦးအောင်မိုး(ယမင်းသော် ကုမ္ပဏီလီမိတက်)-ဒေါ်မူမူရှိန်၊ ဦးမြတ်မို(Top Choice ပလတ်စတစ်)-ဒေါ်ဝင်းမြင့်ဦး၊ ဦးအောင်ကျော်မိုး(ပြည့်ဖြိုးအောင် ကုမ္ပဏီလီမိတက်)-ဒေါ်သန်းသန်းအေးတို့၏ မိခင်၊ မြေး ၁၂ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၁-၁-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁၁:၁၀နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၂၃-၁-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ခင်အုန်း

### ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရေးချုပ်ရုံး(ငြိမ်း)

### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး(အရှေ့)ရပ်ကွက်၊ ၉၁ လမ်း၊ အမှတ်(၈၇)၊ ၃လွှာနေ(ဦးညိမ်း-ဒေါ်ကျင်လှိုင်) တို့၏သမီး၊ (ဦးထွန်းအေး) ကကငွေ(ငြိမ်း)၏ဇနီး၊ ဦးသိုက်ထွန်း(လယ်ယာဖွံ့ဖြိုးရေးဘဏ်)၊ ဒေါက်တာဆင့်ဆင့်ထွန်း(ဆေး-၁)တို့၏ ချစ်လှစွာသောမိခင်သည် ၁၉-၁-၂၀၂၀ရက် ည ၁၀:၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၂၀ရက် တွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၂၀ရက် (စနေနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တိုးရီ(ခ)ဒေါ်ငွေရီ

### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ သစ္စာလမ်းမကြီး၊ အမှတ် ၃၂၄နေ (ဦးစိုးဝင်း-ဒေါ်အေးကြည်)တို့၏သမီး၊ (ဦးကြက်စိန်-ဒေါ်ကျင်တီ)တို့၏သမီးချွေးမ၊ ဦးကျော်တင်လှိုင်-ဒေါ်မေသန်းစံတို့၏အစ်မ၊ ဦးမောင်တူး၏ချစ်လှစွာသော ဇနီး၊ ဦးအောင်မော်သိန်း-ဒေါ်ကြူကြူသင်း၊ ဦးကျင်စိန်(ခ)ဦးအောင်ပု-ဒေါ်သင်းသင်းနီ၊ ဒေါ်ညွန့်ညွန့်ဝေ၊ ဦးခင်မောင်အေး-ဒေါ်ညွန့်ညွန့် ဆွေ(ခေတ္တ-စင်ကာပူ)၊ ဦးဇော်မင်း-ဒေါ်တင်တင်ငွေ၊ ဦးကျော်ကျော်စိုး-ဒေါ်အေးအေးခိုင်တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၁-၁-၂၀၂၀ရက်(အင်္ဂါနေ့)နံနက် ၀၀:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၂၀ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၂၀ရက်(တနင်္လာနေ့)နံနက်တွင်အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်ခင်စောမူ(B.Com, C.P.A) အသက်(၅၈)နှစ်

### ညွှန်ကြားရေးမှူး(ငွေစာရင်းဌာနခွဲ)

### စိုက်ပျိုးရေးဦးစီးဌာန

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ ပဒုမ္မာ(၅)လမ်း၊ အမှတ်-A-025နေ (ဦးစန်ယဉ်-ဒေါ်သန်းကြည်)တို့၏သမီး၊ ဦးခင်မောင်ကြည်(ညွှန်ကြားရေးမှူး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)-ဒေါ်စောသီတာမြင့်၊ ဒေါ်ဥမ္မာချို(ဦးစီးအရာရှိ၊ စိုက်ပျိုးရေးဦးစီးဌာန)၊ ဦးမင်းဇော်(စိုက်ပျိုးရေးဦးစီးဌာန၊မျိုးစေ့ဌာနခွဲ)-ဒေါ်မိုးသီတာ၊ ဦးတင်အောင်ကြည်(ဒုတိယညွှန်ကြားရေးမှူး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန)-ဒေါ်ချိုမာသဲတို့၏အစ်မ၊ တူမလေးယောက်တို့၏အဒေါ်သည် ၂၁-၁-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁:၀၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် နေပြည်တော်ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီးမှ ကျွဲ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့်၁၂နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်းဇော်အောင်(ခ)ဦးတူး

### ဥက္ကဋ္ဌ-ငွေအိမ်မင်းကုမ္ပဏီလီမိတက်

### အသက်(၅၆)နှစ်

ငွေအိမ်မင်းကုမ္ပဏီလီမိတက်၏ ဦးစီးဦးဆောင် ဥက္ကဋ္ဌကြီး ဦးဝင်းဇော်အောင်(ခ) ဦးတူးသည် ၂၀-၁-၂၀၂၀ရက်(တနင်္လာနေ့) ည ၆:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ငွေအိမ်မင်းကုမ္ပဏီ ဝန်ထမ်းမိသားစုအားလုံးအတွက် ဖော်ပြ၍ မရနိုင်လောက် သောဆုံးရှုံးမှုတစ်ခုကဲ့သို့ ခံစားရပါသည်။ ဝန်ထမ်းမိသားစုအားလုံးမှ ဦးဝင်းဇော်အောင်မိသားစုနှင့်ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်း ရပါသည်။

ဝန်ထမ်းမိသားစု

ငွေအိမ်မင်းကုမ္ပဏီလီမိတက်

---

## ဦးစည်သူ အသက်(၅၀)

### Golden Mandalay Co,Ltd (G.M.E)

### Managing Director

မန္တလေးမြို့၊ သဘောတန်းရပ်၊ (၈၉)လမ်း၊ ၂၄x၂၅ကြားနေ (ဦးမျိုးအောင်)-ဒေါ်အေးသန်းတို့၏သား၊ ရန်ကုန်မြို့နေ(ဦးတင်စိုး-ဒေါ်သိန်းတင်)တို့၏သားသမက်၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ ကြံခင်းလမ်း၊ အမှတ်(၂)၊ လေးလွှာနေ ဒေါ်အေးအေးမိုး၏ခင်ပွန်း၊ မသွန်းရွှေရည်ဝင်း၊ မောင်အောင်မင်းစည်သူ(ခ)အိုနုကြည်တို့၏ဖခင်ဦးစည်သူသည် ၂၀-၁-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၉:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ စမ်းချောင်း၊ ကြံခင်းလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တ သုမန မဟာထေရ်

### သက်တော်(၉၀)၊ သိက္ခာတော်(၇၀)

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၇)ရပ်ကွက်၊ သီရိမင်္ဂလာဘုန်းတော်ကြီးသင် ပညာရေးကျောင်း၏ဦးစီးပဓာန နာယက ဆရာတော်(ခမည်းတော် ဦးပိန်-မယ်တော် ဒေါ်ညို)တို့၏သားတော် ဘဒ္ဒန္တ သုမနမဟာထေရ်မြတ်သည်(၁၃၈၁ ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ ရက်) ၂၀-၁-၂၀၂၀ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂:၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၈၁ခုနှစ် တပို့တွဲလဆန်း၂ရက်) ၂၆-၁-၂၀၂၀ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါကျောင်းတိုက်၌ အန္တိမအဂ္ဂိစျာပနသဘင်ဆင်ယင်ကျင်းပ ပူဇော်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

တပည့် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တကေလာသ မဟာထေရ်မြတ်

### သက်တော်(၈၆)နှစ် ၊သိက္ခာတော်(၆၆)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ပျဉ်းကတိုးကျေးရွာ၊ ချမ်းသာကြီးဓမ္မရိပ်သာကျောင်း၊ ဦးစီးပဓာန၊ နာယကဆရာတော် ဘဒ္ဒန္တကေလာသ မဟာထေရ်မြတ်သည် ၁၃၈၁ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ရက် ၁၉-၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) ည၁၁:၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၈၁ခုနှစ် တပို့တွဲလဆန်း ၁၀ရက် ၃-၂-၂၀၂၀ရက်(တနင်္လာနေ့)တွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပပူဇော်ကြမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးတပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

စျာပနဖြစ်မြောက်ရေးကော်မတီ

ချမ်းသာကြီးဓမ္မရိပ်သာကျောင်း

ပျဉ်းကတိုးရွာ

---

## ဒေါ်မြင့်မြင့်အေး(ခ)ဒေါ်တာလေး

### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်(အနောက်ရပ်ကွက်) ကမ်းနားလမ်း၊ ကမ်းသာယာပလာဇာ၊ အခန်းအမှတ်(၄၀၃)နေ (ဦးထွန်းတင်-ဒေါ်စိန်မြ)တို့၏သမီး၊ ဦးသန်းစကြာ်ဟိန်း-ဒေါ်မြင့်မြင့်သန်း၊ (ဦးကိုမြင့်)၊ ဒေါ်ထားရီတို့၏ညီမ၊ ဦး မျိုးမြင့်သိန်း(ခ)ဦးမြင့်သိန်း၏ချစ်လှစွာသောဇနီး၊ ဦးဇီဝထွန်း-ဒေါ်ချယ်ရီညွန့်ထွေးတို့၏မွေးသမိခင်၊ မောင်ထွဏ်းနေဇော်သွေး၊ မအေးချမ်းဖြူတို့၏ အဘွားသည် ၂၀-၁-၂၀၂၀(တနင်္လာနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၂၀ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွ ရောက်ပါရန်ဖိတ်ကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှဝင်းကြည်(ဆ.သ.ရ၊ ငြိမ်း)၊ မော်လမြိုင်

### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အမှတ် ၆၈၉နေ (ဦးအေးသွယ်-ဒေါ်ကြည် ညွှန့်)တို့၏သမီး၊ (ဦးမင်းလွင်)ဆားလုပ်ငန်း(ငြိမ်း)၏ဇနီး၊ ဒေါ်စိန်စိန်၊ (ဒေါ်လှကြည်)တို့၏ညီမ၊ ဒေါ်လှမြင့်သွယ်၊ (ဦးအောင်ခင်)၊ ဒေါ်ခင်အုံးနွဲ့(ငါးလုပ်ငန်းဦးစီး၊ငြိမ်း)၊ ဦးသန်းဝင်းတို့၏အစ်မ၊ ဦးညီညီစိုး-ဒေါ်မေချိုဝင်း(ခေတ္တ-Australia)၊ ဦးဝင်းမော်လတ်၊ ဒေါ်သီသီမိုး (TASAKI Co.,Ltd)၊ ဦးသက်ထူးလွင်(U.N.O Group)-ဒေါ်စောမြတ်ခိုင်(အထက-၁၊တာမွေ)၊ ဦးသက်ထွဋ်လွင်၊ ဦးကျော်ထွေးလွင်-ဒေါ်ခင်ဇာသက်(UAB Bank)တို့၏မိခင်၊ မောင်ရောစိုး၊ မောင်ထူးဇေယျ၊ မောင်သက်သီဟ၊ မခင်ရတီထက်၊ မလမင်းလွင်တို့၏ ချစ်လှစွာသော အဘွားသည် ၂၀-၁-၂၀၂၀ရက်(တနင်္လာနေ့)ည ၁၀:၄၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၂၀ရက် (သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀:၄၅နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမင်းမင်းကျော်(စစ်တွေ)

### (B.C.Tech, 8th Batch UCSY)

### အသက်(၄၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၃လမ်းနေ ဦးအောင်မြကျော် (ဒု/ထွေဂျာ၊ ကုန်သွယ်လယ်ယာ-ငြိမ်း)-ဒေါ်စံသာနုတို့၏သား၊ ဦးကြီးစိန်(တရားရုံးချုပ်ရှေ့နေ)-(ဒေါ်ခင်စိန်)တို့၏သားသမက်၊ ဒေါက်တာဒေါ်ခင်သူဇာစိန်(မြို့နယ်ပညာရေးမှူး၊ ဗိုလ်တထောင်မြို့နယ်)၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်သန့်ထူးစံ၏ဖခင်၊ ဦးမောင်မောင်ကျော်-ဒေါ်မအုံးခင်(USA)၊ ဒေါ်လှလှဝေ-ဦးဦးထွန်းဝေ၊ ဦးအောင်အောင်ကျော်-ဒေါ်စိမ့်စိမ့်၊ (ဦးညီညီကျော်)-ဒေါ်ခင်သက်နွယ်တို့၏ ညီ/မောင်၊ ဦးဘိုဘိုကျော်၏ အစ်ကို ဦးမင်းမင်းကျော်သည် ၂၁-၁-၂၀၂၀ရက်(အင်္ဂါနေ့)နံနက် ၄:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၂၀ရက်(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ အထက (၆)ဗိုလ်တထောင်(စိန်ပေါလ်)ကျောင်းဝင်းမှ ကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု

---

## ဦးလှတင် (M.P.P.E-ငြိမ်း)

### အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်မောင်-ဒေါ်ဥ)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ လက်ပန်လမ်း၊ အမှတ်( ၂၃၊ သုံးလွှာ)နေ ဒေါ်သန်းသန်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ (မောင်ရဲခေါင်)-မသဇင်ခိုင်၊ မောင်ရဲအောင်- မအေးအေးမြင့်တို့၏ ချစ်လှစွာ သော ဖခင်ကြီးသည် ၁၉-၁-၂၀၂၀ရက် ည ၇:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၂၀ရက်တွင် ထိန်ပင် သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၂၀ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ စမ်းချောင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်သိန်း

### မြန်အောင်အသင်း

### ကန်တော့ခံဆရာ

### စစ်တောင်းစက္ကူစက်/ ဓာတုဗေဒ

### ပစ္စည်းစက်ရုံ(ချောင်းဝ)

### အငြိမ်းစား

### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း ဓမ္မစိန္တာလမ်း၊ အမှတ် (၃၄)၊ ၃လွှာ(A)နေ (ဦးကြည်-ဒေါ်ကျင်တီ)တို့၏သား၊ ဦးထွန်းနိုင်ဝင်း-(ဒေါ်ခင်သီတာ)၊ ဒေါ်လင်းလင်းအောင်၊ ဦးရောထွန်း-ဒေါ်စန္ဒာမြင့်သူတို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးဖြစ်သူသည် ၂၁-၁-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၂၀ရက် (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးလှငွေ(သုံးခွ)

### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၇)ရပ်ကွက်၊ ၂၄လမ်း၊ အမှတ် ၇၇ (ပထမထပ်)နေ[ဦးလောက်လေး(ခ) ဦးလှအောင်- ဒေါ်ကျင်မြိုင်] တို့၏ တတိယသား၊ ဦးကျော်ထွန်း-ဒေါ်ငွေငွေမြင့်၊ ဦးစိန်ဝင်း-ဒေါ်တင်တင်မြင့်၊ ဦးသောင်း-ဒေါ်စန်းစန်းမြင့်၊ ဦးဝင်းထိန် - ဒေါ်သန်းသန်းငွေ၊ ဦးယုကြိုင်-ဒေါ်သန်းသန်းမြင့်၊ ဦးလှသိန်း-ဒေါ်ဝင်းဝင်းနွယ်တို့၏ ညီ/မောင်၊ ဦးအောင်လွင်-ဒေါ်ကြည်ကြည်ဆိုင်၊ (ဦးလှမြင့်)-ဒေါ်အေးအေး၊ ဦးဝင်းလှိုင်-ဒေါ်သင်းသင်းခိုင်၊ ဦးသိန်းဦး - ဒေါ်ရီရီထွေးတို့၏ အစ်ကို၊ ဒေါ်စောပပညွန့်၏ခင်ပွန်း၊ မောင်ထက်လျှံငွေ၊ မထက်လျှံနှင်းတို့၏ဖခင်သည် ၂၀-၁-၂၀၂၀ရက် (တနင်္လာနေ့)ညနေ ၃:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်ဝင်း(ဒေါ်စူး)

### (ကုန်သွယ်လယ်ယာ-ငြိမ်း)

### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ ရောဝတီလမ်း၊ အမှတ်(၂၉၅)နေ (ဦးကံချွန်-ဒေါ်သိန်းရွှေ) တို့၏သမီးထွေး၊ (ဦးစိုးတင့်)-ဒေါ်အေးမြင့်တို့၏သမီးချွေးမ၊ ဦးဇော်ဝင်း၏ချစ်လှစွာသော ဇနီး၊ မောင်ဇော်လှိုင်ငွေ (Myanmar DCR Co., Ltd.)၊ မမေသိင်္ဂီ (မူပြ/အမက-၁၄၊ ထောင်ကလုတ်ရပ်ကွက်၊ ဒဂုံ/အရှေ့)၊ မောင်ဝင်းပြည့်အောင်(JTB.Polestar Co.,Ltd.) တို့၏ မွေးသမိခင်ကျေးဇူးရှင်ဖြစ်သူ ဒေါ်မြင့်မြင့်ဝင်းသည် ၂၁-၁-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၅:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါ မည်။)

ကျန်ရစ်သူမိသားစု

# အမုန်းစကားနှင့် သတင်းတု၊ သတင်းမှားများ တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်

**နေပြည်တော် ဇန်နဝါရီ ၂၁**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် United States Institute of Peace (USIP) တို့ ပူးပေါင်းပြုလုပ်သည့် အမုန်းစကားနှင့် သတင်းတု၊ သတင်းမှားများ တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲအရာရှိများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နည်းပညာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ United States Institute of Peace (USIP) မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ယနေ့မျက်မှောက်ခေတ်လူမှုဆက်ဆံရေးနယ်ပယ်၌ ဆိုရှယ်မီဒီယာသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခု ဖြစ်ပါကြောင်း၊

*စာမျက်နှာ ၁၀ ကော်လံ ၁* ❋




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း အမုန်းစကားနှင့် သတင်းတု၊ သတင်းမှားများ တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

# ရန်ကုန် - ကိုကိုးကျွန်း ရေလမ်းခရီးစဉ်ကို "သဟာပတိ"ရေယာဉ်ဖြင့် စတင်ပြေးဆွဲ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့၏ စီမံမှုဖြင့် ရန်ကုန် - ကိုကိုးကျွန်း ရေကြောင်းခရီးစဉ်စတင်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက သာကေတ မြို့နယ် မြန်မာ့ကြယ်ငါးပွင့် လုပ်ငန်း သာကေတဆိပ်ခံတံတားတွင် ကျင်းပခဲ့သည်။

အဆိုပါခရီးစဉ် စတင်ပြေးဆွဲမည့် ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။



ရန်ကုန်- ကိုကိုးကျွန်းခရီးစဉ် ပြေးဆွဲမည့် "သဟာပတိ"ရေယာဉ်ကို တွေ့ရစဉ်။ ဓာတ်ပုံ - ဖူးပြည့်

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်နှင့် တာဝန်ရှိသူများက ရန်ကုန်-ကိုကိုးကျွန်းပြေးဆွဲမည့် ခရီးစဉ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

"လစဉ်လတိုင်း ဒီခရီးစဉ်ပြေးဆွဲမယ်ဆိုရင် ဟိုမှာ ဟင်းသီးဟင်းရွက် စားနိုင်မယ်၊ သား ငါး စားနိုင်တဲ့ အခြေအနေတွေ ဖြစ်လာမယ်။ ကျွန်တော်တို့ ဒေသခံပြည်သူတွေရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်လာဖို့ အတွက်ပဲ ဖြစ်ပါတယ်။ ကိုကိုးကျွန်းကြီးကို စည်ကားဖို့အတွက်

*စာမျက်နှာ ၂ ကော်လံ ၃* ✪

# ဂျပန်နိုင်ငံ ဘောလုံးခြေစမ်းခရီးစဉ်အတွက် မြန်မာလူငယ်ကစားသမား ၂၅ ဦးရွေးချယ်

**ရန်ကုန် ဇန်နဝါရီ ၂၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီ၊ MPT နှင့် Myanmar Care တို့ ပူးပေါင်းစီစဉ်သည့် ဂျပန်နိုင်ငံ ဘောလုံးလေ့လာရေး ခြေစမ်းခရီးစဉ် (MFF–MNL's Youth Development Program– Road to Japan 2020) အတွက် မြန်မာလူငယ်ကစားသမား ၂၅ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် နိုင်ငံတစ်ဝန်းမှ ရွက်ပုန်းသီး လူငယ်မျိုးဆက်သစ်ကစားသမားများ ထွက်ပေါ်လာရေးအတွက် ပြိုင်ပွဲများကျင်းပပေးလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၄ ပြိုင်ပွဲနှင့် MFF 100 Plus Cup U–14 ပြိုင်ပွဲမှ အလားအလာရှိသည့် ကစားသမားများကို ရွေးချယ်၍ ဇန်နဝါရီလပထမပတ်က လူရွေးပွဲများကျင်းပကာ ကစားသမား ၂၅ ဦး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ယင်းကစားသမားများသည် ဧပြီလနောက်ဆုံးပတ် သို့မဟုတ် မေလ ပထမပတ်တွင် ဂျပန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး ဂျေလိဂ်ပွဲစဉ်များကို ကြည့်ရှုခွင့်ရမည်ဖြစ်သလို ဂျပန်လူငယ်အသင်းများနှင့် ခြေစမ်းပွဲကစားကာ ပူးတွဲလေ့ကျင့်မှုများလည်း ပြုလုပ်မည်ဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❍



မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်
၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့

# ရန်ကုန်မှာ ထပ်မံဖော်ထုတ်ဖို့ ကြိုးစားနေတဲ့ အထူးစီးပွားရေးဇုန်

ဇင်လင်းမြင့်၊ ဓာတ်ပုံ–ကေဇင်



ရန်ကုန်မြို့၌ အသစ်ထပ်မံဖော်ထုတ်နေသည့် အထူးစီးပွားရေးဇုန်ပုံစံငယ်။

မြန်မာနိုင်ငံမှာတော့ ရန်ကုန်မြို့ဟာ စီးပွားရေး မြို့တော်လို့ ပြည်တွင်း ပြည်ပ စီးပွားရေး လုပ်ငန်းရှင်တွေရော ရင်းနှီးမြှုပ်နှံသူတွေပါ လက်ခံထားကြပါတယ်။ တကယ်လည်း ရန်ကုန်မြို့ဟာ စက်မှုဇုန်အများဆုံးတည်ရှိရာ၊ ပြည်တွင်း ပြည်ပစီးပွားရေးလုပ်ငန်းရှင်တွေ မျက်စိကျစရာ မြို့ကြီးတစ်မြို့အဖြစ်လည်း တည်ရှိနေပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ စက်မှုဇုန် ၂၉ ခုရှိနေပြီး သီလဝါအထူး စီးပွားရေးဇုန်လည်း ရှိနေပါတယ်။ အခုထပ်မံပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အထူးစီးပွားရေးဇုန်တစ်ခု အကောင်အထည်ဖော်ဖို့ ကြိုးစားနေကြောင်း သိရပါတယ်။

### စီးပွားရေးဇုန်သစ်တစ်ခု ဖော်ထုတ်

"ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အထူးစီးပွားရေးဇုန်သစ်တစ်ခု ထပ်မံဖော်ထုတ်ဖို့ ကျွန်တော်တို့ကြိုးစားနေပါတယ်။ မြေတိုင်းတာလေ့လာဆန်းစစ်မှုတွေ ပြုလုပ်နေပြီဖြစ်တယ်" လို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၆ ရက်က ကျောက်တန်းမြို့နယ် ကမာကလုတ်ကျေးရွာနဲ့ ကရင်ချောင် ရွာအနီး ဖွင့်လှစ်တဲ့ ဓာတ်အားခွဲရုံသစ်ဖွင့်ပွဲမှာ ပြောကြားထားပါတယ်။

အခုဖော်ဆောင်ဖို့ ကြိုးစားနေတဲ့ အထူးစီးပွားရေးဇုန်သစ်နေရာကတော့ ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်တွေနဲ့ ထိစပ်နေတဲ့ ဧရိယာမှာ ဖြစ်ပါတယ်။ အဲဒီမြေဧရိယာအတွင်းမှာ မြေတွေဆိုရင်လည်း ရေငန်ဝင်ရောက်မှုရှိနေတာမို့ မြေဆီလွှာအပြောင်းအလဲဖြစ်ပြီး လယ်ယာစိုက်ပျိုးလို့မဖြစ်ထွန်းတော့တဲ့ မြေအမျိုးအစားဖြစ်ပါတယ်။ အဲဒီနေရာမှာ မြေကေသောင်းချီရှိနေပြီး အထူးစီးပွားရေးဇုန်အပြင် ရေနက်ဆိပ်ကမ်းတစ်ခု ဖော်ဆောင်နိုင်ဖို့ အလားအလာကို လေ့လာနေပါတယ်။

> "အခုဖော်ဆောင်ဖို့ ကြိုးစားနေတဲ့ အထူးစီးပွားရေးဇုန်သစ်နေရာကတော့ ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်တွေနဲ့ ထိစပ်နေတဲ့ ဧရိယာမှာ ဖြစ်ပါတယ်။ အဲဒီမြေဧရိယာအတွင်းမှာ မြေတွေဆိုရင်လည်း ရေငန်ဝင်ရောက်မှုရှိနေတာမို့ မြေဆီလွှာအပြောင်းအလဲဖြစ်ပြီး လယ်ယာစိုက်ပျိုးလို့မဖြစ်ထွန်းတော့တဲ့ မြေအမျိုးအစားဖြစ်ပါတယ်။ အဲဒီနေရာမှာ မြေကေသောင်းချီရှိနေပြီး အထူးစီးပွားရေးဇုန်အပြင် ရေနက်ဆိပ်ကမ်းတစ်ခု ဖော်ဆောင်နိုင်ဖို့ အလားအလာကို လေ့လာနေပါတယ်"

### စက်မှုဇုန်တွေ ဖော်ဆောင်

ရန်ကုန်မြို့ရဲ့ ဆင်ခြေဖုံးမြို့နယ်တွေမှာ စက်မှုဇုန် ၁၁ ခုခန့် ဖော်ဆောင်ဖို့ရှိနေပြီး အဲဒီထဲမှာမှ စက်မှုဇုန် နှစ်ခု အကောင်အထည်ဖော်ဖို့ရှိနေပါတယ်။ "ရန်ကုန်မြို့ဆင်ခြေဖုံးမြို့နယ်တွေဖြစ်တဲ့ ထန်းတပင်၊ လှည်းကူးမြို့နယ်တွေမှာ စက်မှုဇုန်တွေ ဖော်ဆောင်မှာဖြစ်ပြီး သန်လျင်နဲ့ ကျောက်တန်းမြို့နယ်တွေမှာတော့ စက်မှုဇုန်တွေ ထပ်မံဖော်ဆောင်ဖို့ ညှိနှိုင်းနေတယ်" လို့ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၂ ရက်က တိုင်းစီမံကိန်းများနဲ့ ပတ်သက်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားထားပါတယ်။ မှော်ဘီ၊ တွံတေးမြို့နယ်တွေ၊ ကွမ်းခြံကုန်း၊ ဒလ၊ ကော့မှူးမြို့နယ်တွေမှာလည်း စက်မှုဇုန်တွေ ဖော်ဆောင်နိုင်ရေး စီးပွားရေးလုပ်ငန်းရှင်တွေက စုံစမ်းမှုတွေရှိနေတယ်လို့ ဆိုပါတယ်။

### ဆိပ်ကမ်းသစ်တစ်ခု တည်ဆောက်

"ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်းဘက်မှာ ရန်ကုန် အထူးစီးပွားရေး ဇုန်တစ်ခု တည်ဆောက်ဖို့ ပြီးခဲ့တဲ့ရက်က မြေပြင်လေ့လာဆန်းစစ်မှုတွေ ဆောင်ရွက်ခဲ့ပြီးဖြစ်သလို ရန်ကုန်မြို့ထဲက ဆိပ်ကမ်းတွေ ပင်လယ်ဝရွှေ့ဖို့အတွက် ကော့မှူးမြို့နယ်အပိုင် သရက်တောရွာဘက်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသစ်တစ်ခုတည်ဆောက်ဖို့လည်း ဆောင်ရွက်မှုတွေ ပြုလုပ်နေပါတယ်" ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဇန်နဝါရီ ၆ ရက်က ပြောကြားသည်။

တကယ်တော့ ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်လို ဖြစ်နေတာကြောင့် လက်ရှိအချိန်မှာ ရန်ကုန်မြို့မှာ သီလဝါအထူးစီးပွားရေးဇုန် ရှိနေပြီဖြစ်ပါတယ်။

*အချပ်ပို (ခ) သို့*



ရန်ကုန်မြို့ဆိပ်ကမ်းတစ်လျှောက်ကို တွေ့ရစဉ်။



# ရန်ကုန်မြို့မှာ အသစ်ထွက်ပေါ်လာတဲ့ ရတနာနှင်းဆီ အဆင့်မြင့်အိမ်ရာ

**ဆွေဦးဝေ**

> “ရန်ကုန်မြို့မှာ တိုက်ခန်းလိုအပ်ချက် သိန်းနဲ့ချီနေပြီး အဲဒီလူတွေအတွက်ရော၊ ထပ်မံတိုးပွားလာမယ့် အိမ်ထောင်စုတွေအတွက်ပါ အကုန်တွက်ချက်စဉ်းစားပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ သက်ဆိုင်ရာ ဌာနတွေ၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေး ကော်မတီနဲ့ပုဂ္ဂလိကစတဲ့ အားလုံးပူးပေါင်းအကောင်အထည်ဖော်နေတာ ဖြစ်ပါတယ်”

ရန်ကုန်မြို့မှာတော့ အိမ်ရာစီမံကိန်းအသစ်တွေကတော့ တစ်ခုပြီးတစ်ခုထွက်ပေါ် လာနေပါတယ်။ အိမ်ရာတိုက်ခန်း လိုအပ်ချက် မြင့်မားနေတဲ့ ရန်ကုန်မြို့ လူဦးရေအတွက် ဘက်ပေါင်းစုံကြိုးစား အကောင်အထည်ဖော်ပေးနေတဲ့ အချိန်ဖြစ်တာမို့ အခုဆိုရင် ကိုယ်နှစ်သက်ရာနေရာ၊ အကျယ်အဝန်း၊ ဒီဇိုင်းပုံစံနဲ့ ဈေးနှုန်းတွေကအစ ပြည်သူတွေစိတ်တိုင်းကျ ရွေးချယ်ဝယ်ယူလို့ ရရှိနေပြီဖြစ်ပါတယ်။ ဒါဟာရန်ကုန်မြို့ရဲ့ တိုးတက်ဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေရုံသာမကဘဲ နေရာတိုက်ခန်းလိုအပ်ချက်ရှိနေသူတွေ အတွက်တော့ အခွင့်အလမ်းကောင်းတွေပဲ ဖြစ်ပါတယ်။ အခုဆိုရင် ရန်ကုန်မြို့မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တည်ဆောက်ထားတဲ့ ရတနာနှင်းဆီ အဆင့်မြင့်အိမ်ရာသစ်လည်း ထွက်ပေါ်လာပြီဖြစ်ပါတယ်။

## ၁၈ ထပ် အဆောက်အဦ ငါးလုံး

ဒီအိမ်ရာကတော့ ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ရတနာလမ်းမကြီး အမှတ်(၆)ရပ်ကွက်မှာ တည်ရှိတာ ဖြစ်ပါတယ်။ မြေဧက ၁၈ ဧကကျယ်ဝန်းပြီး ၁၈ ထပ် အဆောက်အဦ ငါးလုံး တည်ဆောက်ထားတာဖြစ်လို့ အခန်းပေါင်း ၂၇၆ ခန်း ပါရှိနေပါတယ်။ အဆောက်အဦတိုင်းမှာ ဓာတ်လှေကားတွေ တပ်ဆင်ပေးထားတာမို့ အထပ်မြင့်မှာရှိတဲ့ အခန်းတွေကို အလွယ်တကူဆင်းတက်နိုင်လို့ ရအောင် စီစဉ်ထားပါတယ်။

ရတနာနှင်းဆီ အဆင့်မြင့်အိမ်ရာ စီမံကိန်းကို တည်ဆောက်ရာမှာ စင်ကာပူနိုင်ငံရဲ့ Surbana Jurong ကုမ္ပဏီမှ ဒီဇိုင်းရေးဆွဲထားတာဖြစ်ပြီး အဲဒီဒီဇိုင်းနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်အကောင်အထည်ဖော်ထားတာ ဖြစ်ပါတယ်။ အဆင့်မြင့်အိမ်ရာဖြစ်တာကြောင့် လုံခြုံရေး၊ အမှိုက်သိမ်းစနစ်၊ အားကစားပြုလုပ်ဖို့နေရာ၊ အပန်းဖြေနိုင်တဲ့ ဧရိယာ၊ ဈေးဆိုင်ခန်းတွေနဲ့ လူမှုဘဝလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တဲ့ ဝန်ဆောင်မှုတွေ ထည့်သွင်းတည်ဆောက်ထားတာ ဖြစ်ပါတယ်။

ဒီအဆင့်မြင့်အိမ်ရာမှာတော့ တိုက်ခန်းအမျိုးအစား နှစ်မျိုးပါရှိပြီး စတုရန်းပေ ၆၀၀ ကျယ်ဝန်းတဲ့ လူနေတိုက်ခန်းတွေနဲ့ စတုရန်းပေ ၁၂၀၀ ကျယ်ဝန်းတဲ့ လူနေတိုက်ခန်းအမျိုးအစားတွေဖြစ်ပါတယ်။ ဒီအမျိုးအစားအခန်းတွေမှာ လေဝင်လေထွက်ကောင်းအောင် တည်ဆောက်ထားတဲ့အပြင် အိပ်ခန်းနှစ်ခန်းမှ သုံးခန်း၊ လေးခန်းအထိပါရှိအောင် ဖွဲ့စည်းထားတယ်လို့ဆိုပါတယ်။

## လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်

ဒီအိမ်ရာဟာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်လို့ အခုဆိုရင် ပြည်သူတွေဝယ်ယူနိုင်ပြီဖြစ်ပါတယ်။ ရန်ကုန်မြို့လယ်နဲ့ မနီးမဝေးမှာတည်ရှိပြီး အခြားမြို့နယ်တွေကို အလွယ်တကူသွားလာလို့ရတဲ့ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်ပါတယ်။ ဒါ့အပြင် အနာဂတ်မှာ ထွက်ပေါ်လာဖို့ရှိနေတဲ့ ဟံသာဝတီ(ပဲခူး) နိုင်ငံတကာလေဆိပ်နဲ့ ချိတ်ဆက်ထားတဲ့ လမ်းကြောင်းပေါ်မှာ တည်ရှိနေပါတယ်။

ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ အထပ်မြင့်အဆောက်အဦဖြစ်ပေမယ့် ၁၀ လွှာမှာတော့ အထပ်မြင့်ကနေပြီး ရန်ကုန်မြို့ကို အပေါ်စီးကနေ ကြည့်ရှုလေ့လာအပန်းဖြေနိုင်တဲ့ ဧရိယာရှိနေပါတယ်။ အောက်ထပ်တွေမှာ နေထိုင်တဲ့သူတွေရော၊ အပေါ်ထပ်မှာနေထိုင်တဲ့ သူတွေပါ အဲဒီအလွှာကို လာရောက်အပန်းဖြေနိုင်အောင် ဆောင်ရွက်ပေးထားတာ ဖြစ်ပါတယ်။

## အခွင့်အလမ်းတွေ ပေါများလာ

တန်ဖိုးအသင့်အတင့်ရှိပြီး စိတ်အေးချမ်းစွာနေထိုင်သူတွေအတွက်ကတော့ နေထိုင်ဖို့ အဆင်ပြေတဲ့အိမ်ရာလည်း ဖြစ်ပါတယ်။ ဒီတိုက်ခန်းတွေကို ငွေအကြေပေးသွင်းဝယ်ယူလို့လည်းရသလို အရစ်ကျပေးသွင်းဝယ်ယူလို့လည်းရတဲ့ အစီအစဉ်တွေရှိပါတယ်။ လူတွေရဲ့အနေအထားအမျိုးမျိုးရှိတဲ့ အခြေအနေမှာ ကိုယ်နေထိုင်လိုတဲ့ တိုက်ခန်းကို ရွေးချယ်လို့ ရနိုင်တဲ့ အခွင့်အလမ်းတွေပေါများလာတာပဲ ဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ တိုက်ခန်းလိုအပ်ချက် သိန်းနဲ့ချီနေပြီး အဲဒီလူတွေအတွက်ရော၊ ထပ်မံတိုးပွားလာမယ့် အိမ်ထောင်စုတွေအတွက်ပါ အကုန်တွက်ချက်စဉ်းစားပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ သက်ဆိုင်ရာ ဌာနတွေ၊ ရန်ကုန်မြို့တော် စည်ပင် သာယာရေး ကော်မတီနဲ့ ပုဂ္ဂလိကစတဲ့ အားလုံးပူးပေါင်း အကောင်အထည်ဖော်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် ရန်ကုန်မြို့မှာ တန်ဖိုးနည်း၊ တန်ဖိုးမျှတ၊ တန်ဖိုးမြင့် စတဲ့အိမ်ရာတွေ၊ စီမံကိန်းတွေ တစ်ခုပြီးတစ်ခုထွက်ပေါ်လာတာ ဖြစ်ပါတယ်။

အခုဆိုရင် ရန်ကုန်တိုင်းဒေသကြီးမှာ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်အတွင်း အိမ်ရာတိုက်ခန်းစီမံကိန်းတွေ၊ ဒဂုံမြောက် ပိုင်းမြို့နယ်မှာ အိမ်ရာတိုက်ခန်း စီမံကိန်းတွေအပြင် လှိုင်သာယာ၊ ရွှေပြည်သာမြို့နယ်တွေအပြင် အခြားဆင်ခြေဖုံးမြို့နယ်တွေမှာပါ အိမ်ရာတိုက်ခန်းစီမံကိန်းတွေ အများအပြားဖော်ထုတ်ပေးနေပါတယ်။ အချို့စီမံကိန်းတွေက ပြီးစီးနေပြီဖြစ်သလို အချို့စီမံကိန်းတွေကလည်း အကောင်အထည်ဖော် တည်ဆောက်ဆဲဖြစ်ပါတယ်။

## စီမံကိန်းသစ်တွေ ဖော်ဆောင်နေ

ဒါ့အပြင် စက်မှုဥယျာဉ်မြို့တော်တွေ၊ စမတ်စီးတီးတွေ၊ မြို့သစ်စီမံကိန်းတွေလည်း အကောင်အထည်ဖော်ဆဲ၊ အကောင်အထည်ဖော်ဖို့ စီစဉ်ဆောင်ရွက်နေဆဲ စီမံကိန်းတွေလည်း အများအပြားရှိနေပါတယ်။ ဒီလိုအိမ်ရာတိုက်ခန်း စီမံကိန်းသစ်တွေ ဖော်ဆောင်နေသလို အခြေခံပြည်သူအများစု လက်လှမ်းမီနိုင်တဲ့ တိုက်ခန်းတန်ဖိုးသင့်တွေဖြစ်ပေါ်လာအောင်လည်း ကြိုးစားကြရမှာဖြစ်ပါတယ်။

ရန်ကုန်မြို့ကို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားနေတာမို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ စီမံကိန်းပေါင်း ၁၄၉ ခုရှိပြီး အဲဒီစီမံကိန်းတွေထဲမှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရဌာနစုံမှ ရေးဆွဲထားတဲ့ စီမံကိန်းလုပ်ငန်း ၈၀ နဲ့ တိုင်းဒေသကြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကော်မတီ ၇ ရပ်က တင်သွင်းထားတဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။ ဒါတွေဟာလည်း ရန်ကုန်ပရောဂျက်မှာ အများစု ပါဝင်နေပါတယ်။

## အသစ်ပြန်လည် တည်ဆောက်

အဲဒီစီမံကိန်းတွေထဲမှာ ရန်ကုန်မြို့နေပြည်သူတွေအတွက် အိမ်ရာတိုက်ခန်းစီမံကိန်းတွေလည်းပါဝင်နေပါတယ်။ အချို့အိမ်ရာစီမံကိန်းတွေဟာ စတင်နေပြီဖြစ်သလို အချို့အိမ်ရာစီမံကိန်းတွေက စတင်တော့မှာဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ မြို့နယ်အသီးသီးမှာ လူနေအိမ်ရာ တိုက်ခန်းသစ်တွေဖော်ဆောင်နေသလို သက်တမ်းရင့်အိမ်ရာတွေကိုလည်း အသစ်ပြန်လည် တည်ဆောက်မှုတွေ ဆောင်ရွက်နေပြီဖြစ်ပါတယ်။

အခုလို စီမံကိန်းတွေချမှတ်ပြီး အိမ်ရာစီမံကိန်းတွေ ဖော်ဆောင်နေချိန်မှာ ရန်ကုန်မြို့ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်မှာ အသစ်ထွက်ပေါ်လာတဲ့ ရတနာနှင်းဆီအဆင့်မြင့် အိမ်ရာကလည်း အိမ်ရာတိုက်ခန်းလိုအပ်ချက်ရှိနေတဲ့ ပြည်သူတွေအတွက် ရွေးချယ်စရာတစ်ခု ထပ်တိုးလာခြင်းဖြစ်ပါတယ်။

ဒါ့အပြင် ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာသစ်ဟာ ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ညွှန်းတဲ့နေရာမှာ တစ်စိတ်တစ်ပိုင်းအဖြစ် အထောက်အကူပြုနေမှာဖြစ်ပါတယ်။ ။

---

*ရန်ကုန်မှာ ထပ်မံဖော်ထုတ်ဖို့ကြိုးစားနေတဲ့ အထူးစီးပွားရေးဇုန် ... မှ*

ရန်ကုန်မြို့ရဲ့ အရှေ့တောင်ဘက် ကီလိုမီတာ ၂၀ အကွာအဝေးမှာတည်ရှိနေတဲ့ သီလဝါ အထူးစီးပွားရေးဇုန်ဟာ လက်ရှိအချိန်မှာ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအရှိဆုံး အထူးစီးပွားရေးဇုန်အဖြစ် ရပ်တည်နေပါတယ်။

သီလဝါအထူးစီးပွားရေးဇုန်ဟာ ရန်ကုန်မြို့ရဲ့ ပထမဆုံး အထူးစီးပွားရေးဇုန်တစ်ခုဖြစ်သလို မြန်မာနိုင်ငံမှာ ပထမဆုံးဖြစ်ထွန်းလည်ပတ်နိုင်နေပြီဖြစ်တဲ့ အထူးစီးပွားရေးဇုန်လည်း ဖြစ်ပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်မှာ နိုင်ငံပေါင်း ၁၉ နိုင်ငံကျော်မှ ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီ ၁၁၂ ခုကျော်မှာ စီးပွားရေးလုပ်ငန်းတွေ၊ စက်ရုံတွေ လာရောက်ရင်းနှီးမြှုပ်နှံကာ အရှိန်အဟုန်နဲ့ အကောင်အထည်ဖော်နေတာဖြစ်ပါတယ်။

သီလဝါအထူးစီးပွားရေးဇုန် ကိုတော့ ဇုန်နှစ်ပိုင်းခွဲထားပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာမှ စတင်ကာ ဇုန် (A) မှာ မြေဧရိယာ ၄၀၅ ဟက်တာပေါ်မှာ စက်ရုံအလုပ်ရုံတွေ အကောင်အထည်ဖော်နေတာမို့ အခုဆိုရင် စီးပွားဖြစ်လည်ပတ်နေပြီဖြစ်ပါတယ်။ ဇုန် (B) ကိုတော့ အပိုင်(၁) ဟက်တာ ၁၀၁ ရှိတဲ့ မြေအကျယ်အဝန်းပေါ်မှာ အကောင်အထည်ဖော်ပြီး အပိုင်း (၂) ကိုတော့ မြေအကျယ်အဝန်း ဟက်တာ ၇၇ ပေါ်မှာ အကောင်အထည်ဖော်နေတာဖြစ်ပါတယ်။ ဒါ့အပြင် အပိုင်း(၃) ကိုလည်း သတ်မှတ်ထားတဲ့ မြေအကျယ်အဝန်းပေါ်မှာ အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်မှာ စီးပွားရေးလုပ်ငန်းတွေ၊ စက်ရုံအလုပ်ရုံတွေ ပေါ်ထွက် လည်ပတ်နေပြီဖြစ်တာမို့ အခုဆိုရင် လူငယ်လူရွယ်တွေ အလုပ်အကိုင် အခွင့်အလမ်းပေါင်း တစ်သောင်းကျော်ကို ခန့်ထားပေးနိုင်နေပြီဖြစ်ပါတယ်။

ဒီလိုအထူးစီးပွားရေးဇုန်တွေက နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးနိုင်သလို ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးမှုကိုလည်း မြှင့်တင်ပေးနိုင်ရုံမကဘဲ အလုပ်အကိုင် အခွင့်အလမ်းတွေ အမြောက်အမြား ဖန်တီးဖော်ထုတ်ပေးနိုင်တာမို့ အခုဆိုရင် ရန်ကုန်မြို့မှာ နောက်ထပ်အထူးစီးပွားရေးဇုန်တစ်ခု ဖော်ဆောင်ပေးနိုင်ဖို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြိုးစားနေခြင်းဖြစ်ပါတယ်။

အခုလိုအထူးစီးပွားရေးဇုန်သစ်တစ်ခုကို ထပ်မံဖော်ထုတ်ဖို့ တိုင်းအစိုးရက ကြိုးစားတဲ့ အခါ ရန်ကုန်မြို့ရဲ့ ဝင်ငွေအများစုမှာ ရန်ကုန်မြစ်ရဲ့ အနောက်ဘက်ခြမ်းကနေပြီး ရှာဖွေပေးနိုင်ဖို့ စီစဉ်နေခြင်းဖြစ်ပါတယ်။ ရန်ကုန်မြို့ကို အပေါ်စီးက ကြည့်တဲ့အခါ ရန်ကုန်မြစ်ရဲ့ အနောက်ဘက်ခြမ်းမှာ လယ်ကွင်းတွေအများအပြားရှိနေပါတယ်။ အဲဒီလယ်ကွင်းတွေက ဆားငန်ရေဝင်ရောက်တဲ့ ဧရိယာတွေများတာမို့ စိုက်ပျိုးရေးကို အောင်မြင်ဖြစ်ထွန်းစွာ မလုပ်နိုင်တဲ့ အနေအထားဖြစ်နေပါတယ်။ ဒါကြောင့်လည်း ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်တွေနဲ့ ထိစပ်နေတဲ့ မြေဧရိယာတွေပေါ်မှာ အထူးစီးပွားရေးဇုန် တစ်ခုထပ်မံဖော်ထုတ်နိုင်ဖို့ ပြင်ဆင်ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

ရန်ကုန်မြို့နဲ့ နီးစပ်တဲ့နေရာမှာ တည်ရှိနေတဲ့ အဲဒီမြေဧရိယာ၌ ဖော်ဆောင်ဖို့ ကြိုးစားနေတာမို့ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံသူတွေ၊ ကုမ္ပဏီတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ စိတ်ဝင်စားမှုရှိနေပြီဖြစ်ပါတယ်။ ဒီလို စက်မှုစီးပွားဖြစ်ထွန်းရေး ဖော်ဆောင်တဲ့အခါ မဖြစ်မနေ ဖော်ထုတ်ရမှာက ပင်လယ်ရေကြောင်း ကုန်သွယ်ထွက်ပေါက်ပါဝင်ရေး ဖြစ်ပါတယ်။ အဲဒါကလည်း အဲဒီအထူးစီးပွားရေးဇုန်နဲ့ ဆက်စပ်တည်ရှိနေတဲ့ နိုင်ငံတကာ ရေနက်ဆိပ်ကမ်းတစ်ခုပေါ်ထွက်လာရေးအတွက် လေ့လာဆန်းစစ်မှုတွေ ပြုလုပ်နေပါတယ်။ ဒါဆိုရင်တော့ ဘက်စုံကုန်သွယ်နိုင်မယ့် အထူးစီးပွားရေးဇုန်သစ်အပေါ် ပြည်တွင်းပြည်ပက စိတ်ဝင်စားမှု ပိုမိုမြင့်တက်လာမှာ သေချာပါတယ်။

ရန်ကုန်မြို့ဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရှိဆုံး မြို့ကြီးတစ်မြို့အဖြစ် မြန်မာနိုင်ငံမှာ တည်ရှိနေသလို အခုလို အထူးစီးပွားရေးဇုန်သစ်ထပ်မံပေါ်ထွက်လာရင်တော့ နိုင်ငံတကာအဆင့်မီ စီးပွားရေးမြို့ကြီးတစ်မြို့အဖြစ် ပိုမိုပီပြင်လာမှာ ဖြစ်ပါတယ်။ ။

# ရန်ကုန်မြို့နေ ပြည်သူများအတွက် သွားလာပို့ဆောင်ရေး ဝန်ဆောင်မှုပေးလျက်ရှိသည့် YBS ၏ သုံးနှစ်တာခရီးလမ်း

ရှင်နော်၊ ဓာတ်ပုံ - လင်းညွန့်

**စတင်ပြောင်းလဲစက သို့လော သို့လော အတွေးဝင်ခဲ့သော ရန်ကုန်သူ ရန်ကုန်သားတို့၏ စိတ်အစဉ်ကို အမြင်ရှင်းအောင် ပြောင်းလဲပြနိုင်ခဲ့သည်။ ကားသစ်ကားဟောင်း တညီတညာတည်း လမ်းကြောင်း တူရူတစိုက်မတ်မတ်မောင်းခဲ့ကြသည်။ အလုအယက် အပြိုင်အဆိုင် မောင်းနှင်ခြင်း ကင်းရှင်းခဲ့သည်။ ယာဉ်လိုင်းများက စပယ်ယာဝန်ဆောင်မှုကို အဆုံးသတ်ခဲ့ကြသည်။ သတ်မှတ်အမြန်နှုန်းအတိုင်း ငြိမ့်ငြိမ့်ညောင်းညောင်း စီးနင်းခဲ့ကြရသည်။ တာဝန်ရှိသူများအပိုင်းက ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ခြင်းကို တစ်ဆင့်ပြီးတစ်ဆင့် တိုး၍လုပ်ဆောင်ခဲ့သည်။ ဒါကလွန်ခဲ့သော သုံးနှစ်ခန့် YBS စနစ် စတင်ပြောင်းလဲခါစအချိန်က မြင်ကွင်းအချို့။**



စီးပွားရေးတက္ကသိုလ်နှင့် ထောက်ကြံ့ ပြေးဆွဲပေးသည့် YBS ယာဉ်လိုင်းအမှတ် ၉၇ ။

လွန်ခဲ့သော ရက်ပိုင်းများဖြစ်သည့် ဇန်နဝါရီလ ၁၆ ရက်နေ့သည် YBS စနစ်နှင့် YRTA အဖွဲ့အစည်းတို့သည် စတင်ဖွဲ့စည်းစဉ်မှစ၍ သုံးနှစ်တင်းတင်းပြည့်မြောက်ပြီဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ ဖွဲ့စည်းပြီးနောက် ရန်ကုန်မြို့တော်၏ သယ်ယူပို့ဆောင်ရေးအခန်းကဏ္ဍကို ပီပီပြင်ပြင် ကြီးကြပ်ကွပ်ကဲမှုပြုလာနိုင်သည်။ ပြည်သူများ အလွယ်တကူစီးနင်းနိုင်မှု၊ သက်သောင့်သက်သာရှိမှု၊ ဘေးကင်းလုံခြုံမှု၊ ဈေးနှုန်းသက်သာမှုနှင့် နည်းပညာအကူအညီဖြင့် စီမံကွပ်ကဲနိုင်မှုတို့ကြောင့် ပြည်သူတို့၏ ယုံကြည်အားထားမှုကို ရရှိလာခဲ့သည်။

## ရန်ကုန်လူထု အဓိကထားအသုံးပြု

YRAT အနေဖြင့် YBS ယာဉ်များ၏ နေ့စဉ်ခရီးသွားပေါင်း တစ်သန်းခွဲကျော်၊ နှစ်သန်းနီးပါး သယ်ယူပို့ဆောင်ပေးနေမှုကို ကြီးကြပ်ကွပ်ကဲနေသကဲ့သို့ အခြားတစ်ဖက်ကလည်း ကျောင်းကားများ၊ စီးတီးတက္ကစီနှင့်အဝေးပြေးကားများ၊ ကုန်တင်ကားများ သွားလာပြေးဆွဲမှုကို ကြီးကြပ်ကွပ်ကဲပေးလျက်ရှိသည်။ အများပြည်သူ သယ်ယူပို့ဆောင်ရေးတွင် ရန်ကုန်လူထု အဓိကထားအသုံးပြုနေသော YBS ယာဉ်များအား ဝန်ဆောင်မှုကောင်းများ ပေးနိုင်စေရန်အတွက် တစ်ဦးချင်းပိုင်စနစ်မှ အများပိုင်ကုမ္ပဏီစနစ်ကို ပြောင်းလဲခဲ့ခြင်းဖြစ်ပြီး ယခုအခါမှာ YBS ကားများ၏ သုံးပုံနှစ်ပုံနီးပါးသည် ကုမ္ပဏီပိုင်ကားများအဖြစ် ပြောင်းလဲနိုင်ခဲ့ပြီဖြစ်သည်။ ကျန်ရှိသော သုံးပုံတစ်ပုံခန့်သည် တိုင်းဒေသကြီးအစိုးရ၏ အပြောင်းအလဲအတွက် အခက်အခဲဖြစ်စေသောစိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်လက်ရပ်တည်နေသည်။ သုံးနှစ်တာကာလအတွင်းမှာ YBS နှင့်အတူ အဝေးပြေးခရီးသည် သယ်ယူပို့ဆောင်ရေး၊ ရေကြောင်းသယ်ယူပို့ဆောင်ရေး၊ ကုန်တင်နှင့်ကုန်စည်ပို့ဆောင်ရေး၊ စီးတီးတက္ကစီများနှင့် ကျောင်းကားများသယ်ယူပို့ဆောင်ခြင်းတို့ကို ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရာတွင် ထည့်သွင်းနိုင်ခဲ့သည်ကို တွေ့ရသည်။

## အားနည်းချက်တွေ စောင့်ကြည့်လေ့လာ

"YRTA နဲ့ YBS စနစ်ဟာ ဒီယာဉ်လမ်းကြောင်းတွေကို ကြီးကြပ်ကွပ်ကဲနေတာဖြစ်ပါတယ်။ ဒီလမ်းကြောင်းတွေထဲမှာ သယ်ယူပို့ဆောင်ပြေးဆွဲနေတဲ့ အခြေအနေက ပုဂ္ဂလိကကုမ္ပဏီတွေကပဲ ပြေးဆွဲနေတာဖြစ်ပါတယ်။ ဒီကုမ္ပဏီတွေရဲ့ ဝန်ဆောင်မှု၊ ဆောင်ရွက်မှုတွေမှာ အားနည်းချက်တွေရှိကောင်းရှိပါလိမ့်မယ်။ ဒီအားနည်းချက်တွေကို YRTA က စောင့်ကြည့်လေ့လာဆောင်ရွက်သွားရမှာပဲဖြစ်ပါတယ်။ ဒီအတွက် ၃ နှစ်တာကာလကျော်လွန်လာတဲ့အချိန်မှာ YRTA ဘက်ကနေ YBS, YBO တွေကနေ အခုပြေးဆွဲနေတဲ့ ကုမ္ပဏီတွေကို စနစ်တကျ ကြီးကြပ်ကွပ်ကဲမှုကိုဆက်လက်မြှင့်တင်ဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်။ မြှင့်တင်မယ်ဆိုတာ ဝန်ဆောင်မှုပိုကောင်းအောင် ကြိုးစားဖို့ပဲဖြစ်ပါတယ်။ ဝန်ဆောင်မှုမကောင်းတဲ့ ကုမ္ပဏီတွေကို အသိပေးဆောင်ရွက်ဖို့ စတင်သွားမှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်မြို့ တာမွေမြို့နယ် စကိုင်းစတားဟိုတယ်၌ YBS သုံးနှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား၌ ပြောကြားခဲ့သည်။

ရန်ကုန်မြို့နေပြည်သူများစိတ်အေးချမ်းသာအန္တရာယ်ကင်းကင်း သွားလာနိုင်ရေးအတွက် YRTA နည်းတူ YBS ယာဉ်များ၏ လှုပ်ရှားမှုအစုစုကို စောင့်ကြည့်ပေးလျက်ရှိသော အခြားအဖွဲ့အစည်းတစ်ခုကလည်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းတည်ရှိနေပါသေးသည်။ ယင်းအဖွဲ့အစည်းမှာ Yangon Bus Operator (YBO)ဖြစ် သည်။ YBO Control Center အား ပြည်သူ့ရင်ပြင်ရှိ Traffic Control Center အဆောက်အအုံ၏ အပေါ်ဆုံးထပ်တွင် နေရာချထား၍ ၂၀၁၇ ခုနှစ် ဇွန် ၁၄ ရက်မှစ၍ လုပ်ငန်းများစတင်လည်ပတ်လုပ်ဆောင်လျက်ရှိသည်။

## ထူးခြားဖြစ်စဉ် အချက်အလက်များပေးပို့

YBS ယာဉ်အစီးရေ ၄၅၀၀ အား GPS Telematics Device များ တပ်ဆင်ကာ သတ်မှတ်ထားသော အမြန်နှုန်းထက်ကျော်လွန်မောင်းနှင်သော ယာဉ်များကို ဖုန်းခေါ်ဆိုသတိပေးခြင်း၊ သတ်မှတ်ထားခြင်း မဟုတ်သည့် နေရာများတွင် ကားရပ်နားချိန်ကြာမြင့်ပါက ဖုန်းဆက်မေးမြန်းခြင်း၊ ယာဉ်မတော်တဆဖြစ်နိုင်သည်ဟု ယူဆရသည့် အခြေအနေတွေ့ရှိပါက ဖုန်းဆက်မေးမြန်းခြင်း၊ ထူးခြားဖြစ်စဉ်များရှိပါက YRTA သို့ ယာဉ်၏ မောင်းနှင်ခဲ့သည့် မှတ်တမ်းအသေးစိတ်အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပေးပို့ခြင်း၊ ခရီးသွားပြည်သူများထံမှ တိုင်ကြားလာသည့် ကိစ္စများနှင့်ပတ်သက်၍ အချက်အလက်များအား YRTA မှ မေးမြန်းလာသည့်အခါ ကြည့်ရှုပေးခြင်း၊ နေ့စဉ်မောင်းနှင်သည့် ခရီးသည်တင်ယာဉ်စာရင်းအား YRTA သို့ တင်ပြခြင်း၊ သတ်မှတ်အမြန်နှုန်းထက် ကျော်လွန်မောင်းနှင်သော ယာဉ်စာရင်း၊ ရန်ကုန်တိုင်းဒေသကြီး ဧရိယာပြင်ပသို့ ခွင့်ပြုချက်မရှိဘဲ ကျော်လွန်မောင်းနှင်သည့် ယာဉ်စာရင်းနှင့် GPS ပြန်လည်စစ်ဆေးရန်လိုအပ်သော ယာဉ်စာရင်းများကို YRTA သို့ တင်ပြခြင်းတို့အပြင် လစဉ်စည်းကမ်းလိုက်နာမှု အားအနည်းဆုံး ယာဉ်အစီးရေ ၅၀ ကောက်နုတ်တင်ပြခြင်းနှင့် နေ့စဉ်၊ လစဉ်၊ အပတ်စဉ် ပေးပို့တင်ပြသော မှတ်တမ်းနှင့် အချက်အလက်များအား စာ၊ အီးလ်မေးတို့ဖြင့် YBO က စောင့်ကြည့်တင်ပြပေးလျက်ရှိသည်။

> "ပြည်သူများ အလွယ်တကူစီးနင်းနိုင်မှု၊ သက်သောင့်သက်သာရှိမှု၊ ဘေးကင်းလုံခြုံမှု၊ ဈေးနှုန်းသက်သာမှုနှင့် နည်းပညာအကူအညီဖြင့် စီမံကွပ်ကဲနိုင်မှုတို့ကြောင့် ပြည်သူတို့၏ ယုံကြည်အားထားမှုကိုရရှိလာခဲ့"

## ယာဉ်စီးခကတ်စနစ် ဆောင်ရွက်နေဆဲ

YBS နှင့်အတူ ခေတ်မီဘတ်စ်ကားမှတ်တိုင်များလည်း ပေါ်ပေါက်လာလျက်ရှိရာ ပထမအဆင့် ဘတ်စ်ကားမှတ်တိုင် ၃၅၀ မှာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပြီးစီးခဲ့ပြီဖြစ်သည်။ YBS အတွက် Yangon Payment Services ဟုခေါ်သော ယာဉ်စီးခကတ်စနစ် ပေးချေမှုကိုလည်း ဆောင်ရွက်နေဆဲဖြစ်ရာ မကြာမီရန်ကုန်လူထုလက်ဝယ်သို့ ရောက်ရှိလာနိုင်သည်ဟုယူဆရပေသည်။

## မြို့ပြပို့ဆောင်ရေးအတွက် ကြိုးပမ်း

YRTA အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးက ရန်ကုန်မြို့ပြသယ်ယူပို့ဆောင်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းနေချိန်တွင် YBS အချို့က ဖောက်ချင်လာသည်။ အားလုံးကိုဆိုလိုသည်မဟုတ်။ စပယ်ယာဝန်ဆောင်မှုကို အဆုံးသတ်ဟန်ဆောင်ခဲ့ကြသူအချို့က ယာဉ်ပိုင်ရှင်လိုလို၊ ဇနီးသည်လိုလို၊ ဟိုလိုလို၊ သည်လိုလိုဖြင့် ယာဉ်၏ရှေ့ဆုံးခုံတွင် ထိုင်ကာ မှတ်တိုင်အော် လူခေါ်ပေးသည်။ အချို့မှတ်တိုင်များတွင် မည်သူက ခန့်ထားမှန်းမသိသော အချိန်မှတ်သူတို့ ရှိနေဆဲဖြစ်သည်။ ယာဉ်မောင်းကြီးများက ရှေ့ကားထွက်သွားချိန်ကို အချိန်မှတ်သူကိုမေးသည်။ အချိန်မှတ်သူက ယာဉ်ပေါ်တက်သူထံမှ ပိုက်ဆံကိုတောင်းယူကာ သူယူထားကြောင်း ယာဉ်မောင်းကြီးကို အသိပေးစေသည်။ မျက်နှာချင်းဆိုင်လာသော ကားသမားထံဖုန်းဖြင့် မည်သည့်ကား မည်သည့်နေရာရောက်နေသည်ကို မေးမြန်းသည်။ ယာဉ်ထိန်းရဲကား မည်သည့်နေရာတွင် လိုင်စင်,စစ်နေသည်ကို ဖုန်းဖြင့် ပြောကြဆိုကြသည်။ ယာဉ်လိုင်းအချို့က လေအေးပေးစက်များကို ပြန်လည်အနားပေးထားကြသည်။

ဩော်... ဒါတွေဟာ စိန်ခေါ်မှုတွေပါလား YBS ရယ်လို့ စိတ်ထဲတွေးထင်မိသည်။ ။



ထောက်ကြံ့နှင့် ဆူးလေ ပြေးဆွဲပေးသော YBS ယာဉ်လိုင်းအမှတ် ၃၆ မှ ယာဉ်တစ်စီး။

# ကျောက်တံတားမြို့နယ်အတွင်းက သားရွှေအိုးထမ်း ဇာတ်လမ်းတစ်ပုဒ်

## တင်ဝင်းလေး (ကြည့်မြင်တိုင်)

**စာရေးသူတို့ငယ်ငယ်က ဇာတ်ကြီးတော်တော်များများကို ကြည့်ခဲ့ဖူးပါသည်။ စာရေးသူတို့ ကြည့်မြင်တိုင် ယခု ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး မတည်ဆောက်မီက ၎င်းမြေကွက်လပ်တွင် ယာယီထိုးထားသော ဇာတ်ရုံကြီးရှိခဲ့သည်။ စာရေးသူနှင့် အလှမ်းကွာသော မြေနီကုန်း ပဒုမ္မာကွင်းကြီးထဲတွင်လည်း နှစ်စဉ်ထိုးထားသည့် ဇာတ်ရုံကြီးရှိခဲ့ဖူးသည်။**



ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မော်လမြိုင်ကျောင်းတိုက်။

မိုးအကုန် ဆောင်းဝင်သည်နှင့် တစ်ဇာတ်ပြီးတစ်ဇာတ် အပြိုင်အဆိုင်ဝင်ကြသည်။ မိုးပြန်လည်ကျသည်အထိ ဖြစ်သည်။ ဇာတ်ကြီး၊ ဇာတ်လတ်၊ ဇာတ်သေး၊ ဆပ်ကပ်၊ မျက်လှည့် အကုန်ဝင်ကြသည်။

ဇာတ်ကြီးတစ်ဇာတ် ကပြမှုနှင့် ဇာတ်အစဉ်အလာနှင့်အညီ (သမားစဉ်) အတိုင်း ဘုရားကန်တော့ခန်း၊ အပျိုတော်ဝင်ခန်း၊ အော်ပရာ၊ နှစ်ပါးသွား၊ နောက်ပိုင်း ဇာတ်ထုပ်ကြီးဖြင့် ကပြကြခြင်းဖြစ်သည်။

ဇာတ်ကြီးဆယ်ဘွဲ့ဝင် သုဝဏ္ဏသာမ (သုဝဏ္ဏလျှံ) ဇာတ်ထုပ်ကို ချဲ့၍ အော်ပရာ ခင်းကျင်းကပြကြသကဲ့သို့ နောက်ပိုင်း ဇာတ်ထုပ်ကြီးအဖြစ်လည်း ကခဲ့ကြသည်။ ကြည့်လည်းကြည့်ခဲ့ဖူးပါသည်။ သည်ခေတ် လူငယ်များပင်မမီတော့၍ သိစေချင်သည့် စေတနာဖြင့် ရေးကြခြင်း ဖြစ်ပါသည်။

ဆိုချင်သည်မှာ သုဝဏ္ဏလျှံ ဇာတ်ထုပ်နှင့် ပတ်သက်၍ ယနေ့ခေတ်တိုင် အသုံးတွင်ကျယ်နေသည့် စကားတစ်ရပ်ကို ဖော်ညွှန်းလို၍ ဖြစ်ပါသည်။

ဇာတ်ကို အတိုချုံ့၍ဆိုရသော် မျက်မမြင်ရသေ့ ဖခင်၊ မိခင်ကြီးတို့အား အလုပ်အကျွေးပြုနေသည့် ဘုရားလောင်း သုဝဏ္ဏသာမ သတို့သား မြားပစ်ခံရ၍ မြစ်ဆိပ်တွင် သတိလစ်မေ့မြောနေစဉ် မိခင်နှင့် ဖခင်တို့က လာရောက်၍ သစ္စာစကားဆိုရာ သိကြားမင်း ရောက်ရှိလာပြီး မှန်သောသစ္စာစကားကြောင့် ဆုတစ်ဆုကိုသာ တောင်းခံခွင့်ပြုခဲ့သည်။ “မိမိတို့၏ ကွယ်နေသော မျက်စိကို အလင်းရလိုပါ၏လော” ။ “ သားတော် သုဝဏ္ဏလျှံ အသက်ရှင်တာကို အလိုရှိပါ၏လော”၊ “ရွှေအပြည့်ပါသော ရွှေအိုးကို ရယူလိုပါ၏လော”ဟု သုံးခွန်းသော အမေးကို မေးခဲ့ရာ မယ်တော် ပါရိကာ က မေးခွန်းသုံးခုကို တစ်ပေါင်းတည်းပြု၍ ဆုတောင်းခဲ့ခြင်း ဖြစ်သည်။

“အရှင်သိကြားမင်း သားတော်ရွှေအိုးထမ်းလာတာကို မြင်ရပါလို၏”ဟု ဆုတောင်းခဲ့ရာ တောင်းသောဆုနှင့် ပြည့်ခဲ့မှုကို အရင်းခံ၍ ယနေ့ခေတ်တိုင် “သားရွှေအိုးထမ်း” ဟူသော စကားတစ်ရပ်ကို ရှိလာခြင်းဖြစ်သည်။

မြန်မာသက္ကရာဇ် (၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်) ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၁ ရက် စနေနေ့သည်ကား ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်အတွင်း ကော်မတီဝင်များ၊ ခရိုင်၊ မြို့နယ်အတွင်းမှ ဌာနဆိုင်ရာ တာဝန် ရှိသူများနှင့် အလှူရှင်များ စုံညီစွာ ရှိနေသည်။

သမိုင်းဟောင်းကို ပြန်လှစ်ဟရသော်...၊ ဤနေရာအဝန်းအဝိုင်းသည် တစ်ချိန်က သာသနာ့ နယ်မြေဖြစ်ခဲ့သည်။ ဧကအားဖြင့် ၁ ဒသမ ၁၆ ဧက အကျယ်အဝန်းရှိသည်ဟု မှတ်တမ်းများအရ သိရသည်။

အရှင်ရဿ မထေရ်မြတ်ကြီး သက်တော်ထင်ရှားရှိစဉ်က ရန်ကုန်မြို့တွင် သိမ်ကြီးကိုးသိမ်ကို ရှေးထုံးစဉ်လာနှင့်အညီ တည်ဆောက်၍ သိမ်အဖြစ်သမုတ်ခဲ့ရာတွင် ယခုဗိုလ်ချုပ်အောင်ဆန်းလမ်းကို မျက်နှာမူလျက် ၃၇ လမ်းနှင့် ၃၈ လမ်းအကြားတွင် ခရေပင်ကုန်းသိမ်ကြီးကို တည်ဆောက်ခဲ့သည်မှာ မယိုမယွင်းမပျက်စီးဘဲ ရှိနေသည်မှာ ယနေ့တိုင်ဖြစ်သည်။ တည်ဆောက်ခဲ့သော ၁၂၆၆ ခုနှစ်နှင့် တွက်သော်နှစ်ပေါင်း ၁၁၅ နှစ် ကျော်ခဲ့ပြီဖြစ်သည်။

တစ်ဆက်တစ်စပ်တည်းပင် မြတ်ဗုဒ္ဓ၏ မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီး နေလိုလလို တစ်ဖန် ပြန်လည်လင်းလက်လာသော နေ့တစ်နေ့ ဖြစ်သည်။ ကျက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံလှပေစွ....။

ဘုန်းကြီးကျောင်း ပြန်လည်ပေးအပ်လှူဒါန်းပွဲသို့ လာရောက်ကြသော မြို့နယ်သူမြို့နယ်သားတို့၏ မျက်နှာထက်ဝယ်၊ အပြုံးကိုယ်စီနှင့် ဖြစ်သည်။ ဘုန်းကြီးကျောင်း ပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ခဲ့ကြသော ကော်မတီအားလုံးကလည်း တူညီဝတ်စုံဖြင့် လန်းဆန်းတက်ကြွနေသည်။ ကျင်းပသော အခန်းနှင့် ညှော်ပရိသတ်တို့က မဆံ့လျှံထွက်နေသည်။

အခမ်းအနား၏ထိပ်ကုလားထိုင်များပေါ်၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ အမှူးပြုသော သံဃာတော်အရှင်မြတ်များက သီတင်းသုံးနေကြသည်။

ဆရာတော် သံဃာတော်ကြီးများ၏ ရှေ့မှောက်ဝယ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကျောက်တံတားမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်၊ ဘုန်းကြီးကျောင်း ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ၊ သုဓမ္မမဏိဇောတရေ ဦးမြင့်စိုးထွန်းနှင့် သာသနာတော်ကြီးအား ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် မော်လမြိုင်ကျောင်းတိုက်ကြီးကိုလည်း ထူထောင်ခဲ့သည်။ မှတ်တမ်းအရ သိမ်တည်ဆောက်သည့် အချိန်ထက်ပင်စောနိုင်သည်ဟု ဆိုကြသည်။ မော်လမြိုင်ကျောင်းတိုက်ကို ရှေးပထမအခေါ် သစ်ဆိမ့်ကျောင်းတိုက်၊ ကွမ်းခြံကျောင်းတိုက်ဟုလည်း ခေါ်ဆိုခဲ့ကြသည်ဟု တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ကြားဖူးထားသည်။ ထိုအချိန်ကတည်းကပင် ကျောက်တံတားမြို့နယ်တွင် သိမ်ကြီးတစ်ဆောင်၊ ဘုန်းတော်ကြီးတစ်ကျောင်းဖြင့် သာသနာရောင်ဝါ ထွန်းလင်းခဲ့ဖူးသည်။

နောက်ပိုင်း ၁၉၈၀ ပြည့်နှစ်တွင် သာသနာတော်သန့်ရှင်းရေးစီမံချက်ဖြင့် သာသနာရေးဝန်ကြီးဌာနမှ ထိန်းသိမ်းခြင်းကိုခံခဲ့ရသည်။ ယင်းကျောင်းတိုက်အား ပိတ်သိမ်းခဲ့သည်။ ကျောင်းဝင်းအတွင်း သီတင်းသုံးသံဃာတော်များမရှိတော့သည့်အတွက် သိမ်ကြီးအတွင်းလည်း သာသနာ့အမွေဆက်ခံမည့် ရဟန်းသံဃာတော်များ အဝင်အထွက်မရှိ တိတ်ဆိတ်သွားခဲ့သည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာနမှ ၁၉၈၂ ခုနှစ် ဇွန် ၃ ရက်တွင် ကျောက်တံတားမြို့နယ် အထက်တန်းကျောင်းအဖြစ် ဖွင့်လှစ်စေခဲ့ပြီး ပညာရေးဌာနပိုင်မြေအဖြစ် ပြောင်းလဲသွားခဲ့သည်။ နှစ်ပေါင်းအားဖြင့် ၃၈ နှစ်နီးပါး ကြာမြင့်သွားခဲ့ပြီဖြစ်သည်။ တစ်နည်းအားဖြင့် မြို့နယ်အတွင်း အထက်တန်းကျောင်းမရှိသည်ဖြစ်ရာ မြို့နယ်မှ ကျောင်းသား ကျောင်းသူလေးများအတွက် ပညာ့ဥယျာဉ်ကြီးတစ်ခု ဖြစ်လာခဲ့သည်ကတော့ အမှန်ပင်ဖြစ်ပါသည်။

သို့သော် မြို့နယ်အတွင်း ဘာသာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဥပုသ်သီတင်းဆောက်တည်ရန်အတွက် အခြားသောမြို့နယ်တို့မှ သံဃာတော်များကို ပင့်ဖိတ်၍ ကုသိုလ်ပြုနေကြခြင်းဖြစ်ရာ “ကျောက်တံတားမြို့နယ်ကြီး အဘက်ဘက်ကစည်ကားပါလျက် မြို့နယ်သူမြို့နယ်သားတို့အတွက် တစ်ခုခုလိုအပ်နေသည့်ပမာ ခံစားနေရကြသည်”ဟု ဆိုသည်။

သို့အတွက် ရှိခဲ့ဖူးသော အရင်းလေး ပြန်လည်ရရှိနိုင်ရေးကို မြို့မိမြို့ဖတို့က ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ကော်မတီဖွဲ့ကြိုးစားခဲ့ကြသည်။ ဤသို့ဆောင်ရွက်နေမှုကို စာရေးသူလုံးဝမသိခဲ့ပါ။ အဆက်အစပ်မရှိခဲ့ပါ။ သတင်းထောက် ဦးတင်မောင်ဦး (အလုံ) မှ “ဆရာ မြတ်ဗျာန်” ၏ “သမိုင်းဝင်စေတီတစ်ဆယ့်တစ်ဆူနှင့် ရဟန္တာသိမ်တော်ကြီးကိုးဆူ” စာအုပ်အဟောင်းလေးကို လာပြရာမှ စာရေးသူပြန်ရေးဖြစ်သော “ကျောက်တံတားမြို့နယ်အတွင်းက မော်လမြိုင်ကျောင်းတိုက် ပြန်လည်ပေါ်ထွန်းစေချင်” ဆောင်းပါး ၂၉.၁၁.၂၀၁၇ တွင် မြန်မာ့အလင်းသတင်းစာ၌ ပါရှိလာရာမှ ခိုင်မာသော အထောက်အထားတစ်ခုအဖြစ် ပို၍အားထည့်ဆောင်ရွက်လာနိုင်ခြင်းဖြစ်ကြောင်း ဘုန်းတော်ကြီးကျောင်းဖြစ်မြောက်ရေးကော်မတီမှ ရုံးအဖွဲ့မှူး ဦးတင်ရွှေ၏ ပြောကြားမှုအရ သိရသည်။

အတွင်းရေးမှူးအဖွဲ့ဝင် ဦးမြင့်က “ကျွန်တော်တို့အနေနဲ့ ကျောင်းဝင်းကြီးတစ်ခုလုံးကို ပြန်တောင်းတာမဟုတ်ပါဘူး။ မြို့နယ်ထဲမှာလည်း အထက်တန်းကျောင်းကြီးတစ်ကျောင်းမှမရှိတဲ့အတွက် ကလေးတွေရဲ့ ပညာရေးကိုလည်း မထိခိုက်စေချင်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ ကျောက်တံတားမြို့နယ်မှာ ဘာသာသာသနာအတွက် ရှိပြီးသား ဘုန်းတော်ကြီးကျောင်းပြန်ဖြစ်စေချင်ပါတယ်။ အဲဒါကြောင့် အခုလက်ရှိ မြေရဲ့ လေးပုံတစ်ပုံကို ပြန်လည်စွန့်စေချင်တာပါ။ ဒါမှ ရှဥ့်လည်းလျှောက်သာ ပျားလည်းစွဲသာဆိုသလို သားရွှေအိုးထမ်းတဲ့ကိန်းဖြစ်ချင်တာပါ” ဟု ထိုဆောင်းပါးအတွက် ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းတွင် ပြောပြခဲ့ဖူးသည်။

ယခုတော့ သားရွှေအိုးထမ်းလာသည်ကို မြင်ရသည့်ကိန်းပင် ဖြစ်လာပါပြီ။ ဆရာတော် သံဃာတော်များ၏ ဝိုင်းဝန်းဩဝါဒပြုမှု၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့၏ လမ်းညွှန်ပံ့ပိုးမှု၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စောင့်ရှောက်ကူညီမှု၊ မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ၊ ရပ်မိရပ်ဖများ၊ ဘုန်းတော်ကြီးကျောင်း ပြန်လည်ဖြစ်မြောက်ရေးကော်မတီတို့၏ ကြိုးစားမှုကြောင့် ယခုအခါ ကျောင်းမြေမှသည် သိမ်နှင့်ဓမ္မာရုံ၊ အငြိမ်းစားဝန်ထမ်းများ ဓမ္မာရုံအပါအဝင် မြေဧရိယာ(၁၀၇' x ၅၅') ပေကို ပညာရေးဝန်ကြီးဌာနမှ သာသနာရေးဦးစီးဌာနသို့ သာသနာမြေအဖြစ် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် လွှဲပြောင်းပေးအပ်ခဲ့ပြီဖြစ်သည်။ သို့အတွက် “ တိပိဋက နိကာယ မော်လမြိုင်ကျောင်းတိုက်” ဟု အမည်နာမထင်လင်းစွာ ချိတ်ဆွဲနိုင်ခဲ့ပြီ ဖြစ်သည်။

အခမ်းအနားတွင် မင်းကွန်းတိပိဋကရေ ဆရာတော်ကြီး၏ တပည့်များဖြစ်ကြသည့် ရွှေရတုတိပိဋကရေ တိပိဋကကောဝိဒ၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝံသပါလာ လင်္ကာရ (မြင်းမူဆရာတော်) တိ=နိ စီမံအုပ်ချုပ်မှု မဟာနာယက ဆရာတော်နှင့် တိပိဋကရေ ဘဒ္ဒန္တပညာသီရိလင်္ကာရ (မြင်းမူဆရာတော်) တိ=နိ ဂုဏ်ထူးဆောင် အနုနာယကဆရာတော်နှစ်ပါးတို့က သံဃိကအလှူခံပေးတော်မူခြင်းဖြစ်သည်။

အခမ်းအနားတွင် ပီတိဖြစ်စရာမြင်ကွင်းမှာ ကျောင်းတိုက်ကြီး လွှဲပြောင်းမှုစာချုပ်တွင် ဝိုင်းဝန်းလက်မှတ်ထိုးအတည်ပြုပေးခြင်းပင် ဖြစ်သည်။ ကြွရောက်လာသော ဆရာတော် သံဃာတော်ကြီးများအားလုံး၊ လွှတ်တော်ကိုယ်စားလှယ်များ စုံစုံညီညီ၊ ဌာနဆိုင်ရာများ တစ်ဦးချင်းစီက လက်မှတ်ထိုးပေးကြခြင်းပင် ဖြစ်သည်။ သာသနာ့သမိုင်းတွင် မပျောက်မပျက်နိုင်သော မှတ်တမ်းတစ်ခုအဖြစ် အရှည်တည်တံ့သွားတော့မည်ဖြစ်သည်။

စာရေးသူအနေဖြင့်လည်း မိမိအမှတ်မထင်ရေးသားမိလိုက်သော ဆောင်းပါးတစ်ပုဒ်ကို အခြေပြု၍ မှတ်မှတ်ထင်ထင်ဖြစ်ပေါ်လာသော ကုသိုလ်ထူးကို ပီတိစိတ်ဖြင့် ကြည်နူးလျက် နောင်တစ်ချိန်တွင် ဤဘာသာ့ရိပ်ဝန်းမှ ပေါ်ထွန်းလာမည့် သာသနာ့အာဇာနည်များနှင့် ဤပညာ့ဥယျာဉ်အတွင်းမှ ပေါ်ထွန်းလာမည့် နိုင်ငံ့သားကောင်းရတနာများကို မျှော်မှန်းလျက် ကျောက်တံတားမြို့နယ်အတွင်းက သားရွှေအိုးထမ်းလာသည့် ဇာတ်လမ်းအဖြစ် မှတ်တမ်းပြုရေးသားလိုက်ရပါသည်။ ။



ကျောက်တံတားမြို့နယ် မော်လမြိုင်ကျောင်းတိုက် ကျောင်းအပ်လှူဒါန်းပွဲအခမ်းအနားကျင်းပစဉ်။ ဓာတ်ပုံ - အောင်မြင့် (ပြန်/ဆက်)